# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၇၅)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ စနေနေ့။


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင်အစည်းအဝေးများတက်ရောက်ရန် ဂျပန်နိုင်ငံတိုကျိုမြို့သို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နှစ် (၄၀) ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင်အစည်းအဝေးများ တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့မှ ဂျပန်လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်၊ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**



ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Imperial ဟိုတယ်သို့ ရောက်ရှိကြသည်။

ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ၁၉၇၃ ခုနှစ်တွင် စတင်ထိတွေ့ဆက်ဆံခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အာဆီယံနိုင်ငံများ၏ မိတ်ဖက်ဆွေးနွေးဖက်နိုင်ငံအဖြစ် အဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း (၄၀) ပြည့်မြောက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၂ ခုနှစ် ဧပြီလအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပသည့် ဂျပန်-မဲခေါင်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲနှင့် မြန်မာ-ဂျပန် ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံအစိုးရမှ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ သီလဝါအထူးစီးပွားရေးဇုန်အတွက် ပင်မစီမံကိန်းဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှုအပေါ် ရည်ရွယ်သည့် စာလွှာနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် နှစ်ပေါင်း ၃၆နှစ်အတွင်း ဂျပန်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ၂၀၁၃ ခုနှစ် မေလအတွင်း သုံးရက်တာခရီးစဉ်ဖြင့် လာရောက်လည်ပတ်ခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ် (၄၀) ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင်အစည်းအဝေးများ တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။** (သတင်းစဉ်)

## ပန်ကြပ်ဆီလတ်အားကစားသမား ရဲသီဟနှင့် နှစ်ယောက်တွဲအပြ မြန်မာအဖွဲ့ ရွှေနှစ်ခုရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီးဂိမ်းပြိုင်ပွဲ ပန်ကြပ်ဆီလတ်အားကစားပြိုင်ပွဲများကို ဇေယျာသီရိ အားကစားရုံ(C)၌ ဒီဇင်ဘာ ၁၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာအားကစားသမားများက ရွှေနှစ်ဆုနှင့် ငွေတစ်ဆုတို့ကို စတင်ဆွတ်ခူးကာ ရွှေဆုများဆက်လက်ရရှိနိုင်ရေး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပန်ကြပ်ဆီလတ်အသင်းအုပ်ချုပ်သူ ဦးဇော်ဝင်းက ပြောကြားသည်။

ပန်ကြပ်ဆီလတ်အားကစားပြိုင်ပွဲ ၇၅-၈၆ ကီလိုတန်း ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ ထိုင်းအားကစားသမားကို မြန်မာအားကစားသမား ရဲသီဟက အနိုင်ရရှိခဲ့ပြီး နှစ်ယောက်တွဲအပြပြိုင်ပွဲ၌ သူရစိုးနှင့် ရဲမောင်မောင်တို့က ရွှေဆုရရှိခဲ့ကာ အသင်းလိုက်အပြပြိုင်ပွဲ၌ အင်ဒိုနီးရှားအသင်းက ရွှေ၊ မြန်မာမှ မင်းခန့်၊ ဟိန်းမင်းလတ်၊ ထက်အောင်တို့က ငွေနှင့် ဘရူနိုင်းအသင်းက ကြေးဆုများ အသီးသီးဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

### ခင်ရတနာ

ပန်ကြပ်ဆီလတ်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှ အားကစားသမားများ ယှဉ်ပြိုင်ကစားလျက်ရှိကာ မြန်မာအသင်းက ရွှေဆုလေးခုအထိ မျှော်မှန်းထားပြီး ပြိုင်ပွဲကီလိုတန်း ၁၅ တန်းအနက် ၁၂ တန်း ယှဉ်ပြိုင်လျက်ရှိသည်။


## ယနေ့မာတိကာ

**ကင်ဆာရောဂါဖြစ်ပွားသူ သိသိသာသာတိုးလာ၊ ကမ္ဘာတစ်ဝန်း လူပေါင်း ၁၄ သန်း ကင်ဆာရောဂါဖြစ်နေ** စာမျက်နှာ - ၅

**မိဘပြည်သူများ၏ အားပေးလက်ခုပ်သံများဖြင့် ပွဲစဉ်တိုင်းတွင် အနိုင်ယူမည့် မသန်စွမ်းအားကစားသမားများ** ဆောင်းပါး စာမျက်နှာ - ၆

**ဝါးခမောက်ရက်လုပ်သော လက်မှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေရ** စာမျက်နှာ - ၁၂





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဘုရင်နှင့်မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဂျပန်နိုင်ငံ ဘုရင့်နန်းတော်၌ နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဂျပန်-မဲခေါင် ထိပ်သီးအစည်းအဝေးများ တက်ရောက်လာကြသည့် အာဆီယံခေါင်းဆောင်များနှင့် ဇနီးများအား ဂျပန်နိုင်ငံဘုရင် Akihito နှင့် မိဖုရား Michiko Shoda တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။**

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာ ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီး၊ အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်နှင့်ဇနီး၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတွတ်ဆရီမိုဟာမက် နာဂျစ်ဘင်တွန်း အဗ္ဗဒူလ်ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်ဇနီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဘုရင်နှင့် မိဖုရားတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ တက်ရောက်လာရာ တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

**ပြည်တွင်းသတင်း**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်နေအိမ်၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

**တည်ခင်းဧည့်ခံ**

ရှေးဦးစွာ ဂျပန်နိုင်ငံဘုရင်နှင့် မိဖုရားတို့က Imperial Palace ၌ ဧည့်ခံပွဲသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများအား ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဝန်ကြီးချုပ်နေအိမ်၌ ကျင်းပသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါ ညစာစားပွဲတွင် ဂျပန်နိုင်ငံ *စာမျက်နှာ ၄ ကော်လံ ၁ သို့*



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်စဉ်။**

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အပြန်အလှန် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ၅၈ မိနစ်တွင် ခြေစွမ်းထက်သည့် ဗီယက်နမ်အသင်းမှ ကျောနံပါတ် ၂၃ Thi Kim Hong Tran က တတိယဂိုး၊ မိနစ် ၆၀ တွင် ကျောနံပါတ် (၈) က စတုတ္ထဂိုး၊ မိနစ် ၇၀ နှင့် ၈၃ မိနစ်တို့တွင် ကျောနံပါတ် (၉)က စတုတ္ထဂိုးနှင့် သတ္တမဂိုး၊ ၇၂ မိနစ်တွင် ကျောနံပါတ် (၇) Thi Tuyz နှင့် TDUNG NGUYEN က ဆဌမ ဂိုးတို့ကို အသီးသီး အချိတ်အဆက်မိမိဖြင့် ဆက်တိုက်အနိုင်ဂိုးများကို အပိုင်သွင်းယူခဲ့ကြသည်။

**အနိုင်ရ**

အဆုံးသတ် မသေချာသော ဖိလစ်ပိုင်အသင်းမှာ ခြေပဂိုးရရှိရန် ခြေစွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း ဗီယက်နမ်အသင်းဂိုး Thikieu Triwh Dang (ဂိုး)နှင့် နောက်တန်းများက ကြံ့ကြံ့ခံပိတ်ဆို့ကာကွယ်နိုင်ခဲ့သဖြင့် ဂိုးမရရှိနိုင်တော့ဘဲ နာမည်ကြီးလေးထပ်ကွမ်းလက်ရှိချန်ပီယံ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းက ခုနစ်ဂိုးပြတ်ဖြင့် ခြေစွမ်းပြယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်း သိရသည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ညောင်ကျိုးအခြေခံပညာအထက်တန်းကျောင်း (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးအခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ညောင်ကျိုး အခြေခံပညာအထက်တန်းကျောင်း ဝင်းရောခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့်ပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကျော်စိန် ဖုန်း-၀၉-၄၂၀၁၂၃၁၂၂၊ ဦးသိန်းဝင်း(ဇာတိမြေ) ဖုန်း-၀၉-၄၄၈၀၀၆၁၁၁၊ ဒေါက်တာဌေးဝင်း (ဟသ်ာတ)ဖုန်း-၀၉-၄၉၇၆၆၁၄၉၊ ဦးစိုးမြင့်(ညောင်ကျိုး) ဖုန်း-၀၉-၈၅၈၇၇၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**စာမျက်နှာ ၃ မှ**

ဝန်ကြီးချုပ်နှင့် အာဆီယံနိုင်ငံ ခေါင်းဆောင်များသည် ဂျပန်နိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိ သဘာဝ ဘေးဒဏ်သင့် ပြည်သူများအတွက် တစ်မိနစ်ငြိမ်သက်စွာ ဆုတောင်း မေတ္တာပို့ခဲ့ကြသည်။

**ပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒေသစံတော်ချိန် ည ၉ နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး ဧည့်ခန်းမ၌ သံရုံးဝန်ထမ်းများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးမှတစ်ဆင့် ခေတ္တတည်းခိုသည့် Imperial ဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Fumio Kishida က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ညနေပိုင်းတွင် Imperial ဟိုတယ် Irodori ခန်းမ၌ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့်ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဘဏ်(JBIC)တို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ကြားခံကိရိယာ တစ်ခုဖြစ်သည့် Project Promoting Vehicle (PPV)ပုံစံဖြင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးပြီး JBIC မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးဧည့်ခန်းမ၌ သံရုံးဝန်ထမ်းများနှင့် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးဧည့်ခန်းမ၌ သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့က လက်ခံရယူစဉ်။** (သတင်းစဉ်)

### စာချွန်လွှာ လက်မှတ်ရေးထိုး

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



## ဆီးဂိမ်းဝင်ခွင့်လက်မှတ် ချက်ချင်းထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတွင် အားကစားနည်းများစွာ ကစားလျက်ရှိသည်။ အားကစားနည်း အမျိုးအစားအလိုက် အားပေးသူပွဲကြည့်ပရိသတ်များ တစ်နေ့ထက်တစ်နေ့များပြားလျက်ရှိသည်။ ထို့ကြောင့် အားပေးသူပရိသတ်များ အဆင်ပြေစွာ ကြည့်ရှုနိုင်ရန်အတွက် ကွင်းဝင်ခွင့်လက်မှတ်များကို အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ဝင်ခွင့်လက်မှတ်များကို One Stop Services ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်သူဝင်း**



## Facebook ပုံတူပွားခြင်းအတွက် အသိပေးချက်

မြန်မာ့အလင်းသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့တွင် www.facebook.com/MYANMAA-LINNNEWS ဟူ၍ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် Myanma Alinn Established in 1914 တွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။




ထိုအမှတ်တံဆိပ်ဖြင့်နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိလာသော သတင်းနှင့် ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ် တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၁၂၅၉ နှင့် ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ likes လုပ်သူ ၆၉၉၄ ဦးရှိခဲ့ပါသည်။ ထို့အပြင် မြန်မာ့အလင်းသတင်းစာ၏ အမှတ်တံဆိပ် Logo ကို နိုဝင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ နေပြည်တော်ရှိ မြန်မာ့အလင်း သတင်းစာတိုက်၏ ဓာတ်ပုံကိုနောက်ခံထားကာ မြန်မာ့အလင်း Myanma Alinn Established in 1914 ဖြင့် အသစ်ပြောင်းလဲ အသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် မြန်မာ့အလင်း facebook နှင့် ဆင်တူယိုးမှား facebook အတုကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့မှ စတင်၍ အွန်လိုင်းပေါ်တွင် ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင် တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြန်မာ့အလင်းသတင်းစာတိုက်နောက်ခံပါရှိသော မြန်မာ့အလင်း facebook မှာ တရားဝင် အစစ်အမှန် official facebook ဖြစ်ပြီး အကောင့်အသစ်ဖြင့် မြန်မာ့အလင်းသတင်းစာ facebook နှင့် ဆင်တူယိုးမှား ပြုလုပ်နေသော facebook အနေဖြင့် မူပိုင်ခွင့်ကို သတိပြုရန်နှင့် မြန်မာ့အလင်းသတင်းစာ၏ Logo အမည်နှင့် အခြားဆင်တူယိုးမှားတို့ကို ဆက်လက်မပြုလုပ်ရန် အသိပေးအပ်ပါသည်။

## နိုင်ငံတကာသတင်း

# ကင်ဆာရောဂါဖြစ်ပွားသူ သိသိသာသာတိုးလာ ကမ္ဘာတစ်ဝန်းလူပေါင်း ၁၄ သန်း ကင်ဆာရောဂါဖြစ်နေ

ဂျီနီဗာ ဒီဇင်ဘာ ၁၃

နှစ်စဉ်ကမ္ဘာတစ်ဝန်း ကင်ဆာရောဂါလက္ခဏာ ဖြစ်ပွားသူ ဦးရေတိုးလာခြင်းကြောင့် တစ်ကမ္ဘာလုံး ကင်ဆာရောဂါဖြစ်ပွားသူဦးရေမှာ ၁၄ သန်းအထိ မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အဆိုပါကင်ဆာဖြစ်ပွားသူဦးရေသည် ၂၀၁၂ ခုနှစ် စာရင်းဇယားဖြစ်သည်။ ၂၀၀၈ ခုနှစ်က ကင်ဆာဖြစ်သူ ၁၂ ဒသမ ၇ သန်းရှိခဲ့ရာမှ မြင့်တက်လာသည့်အနေအထားဖြစ်သည်။ ထိုအတောအတွင်း ကင်ဆာရောဂါကြောင့် သေဆုံးသူမှာလည်း တိုးလာသည်။ ၂၀၀၈ ခုနှစ်က ကင်ဆာကြောင့်သေဆုံးသူ ၇ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၈ ဒသမ ၂ သန်းအထိရှိလာသည်။

ဖွံ့ဖြိုးဆဲကမ္ဘာတွင် လူနေမှုစနစ်ပြောင်းလဲလာသည်နှင့် ကင်ဆာဝန်ထုပ်ဝန်ပိုးသည် လျင်မြန်စွာ ကြီးထွားလာသည်။ ဆေးလိပ်သောက်သုံးခြင်းနှင့် အဝလွန်မှုနှုန်းမြင့်တက်လာခြင်းသည် ကင်ဆာဖြစ်ပွားသူဦးရေတိုးလာခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်ဟု ဆိုသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ကင်ဆာသည် အဓိကဖြစ်ရခြင်းဖြစ်သည်။ ယင်းကင်ဆာသည် ကမ္ဘာတွင် အဖြစ်အများဆုံး ကင်ဆာဖြစ်သည်။ စုစုပေါင်း အဆုတ်ကင်ဆာဖြစ်သူမှာ ၁ ဒသမ ၈ သန်းရှိသည်။ စုစုပေါင်း ကင်ဆာဖြစ်ပွားသူဦးရေ ၁၃ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ ရင်သားကင်ဆာမှာလည်း သိသိသာသာမြင့်တက်လာပြီး နိုင်ငံပေါင်း ၁၄၀ တွင် အဖြစ်အများဆုံးရောဂါဖြစ်သည်ဟု ဆိုသည်။ (ဘီဘီစီ)

# အာဆီယံသဘာဝဘေး ကာကွယ်ရေးအတွက် ဂျပန်က ယန်းဘီလီယံ ၃၀၀ ထောက်ပံ့မည်

*တိုကျို ဒီဇင်ဘာ ၁၃*

*အာဆီယံနိုင်ငံများ၏ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းတိုးတက်စေရန် ဂျပန်အစိုးရက ငါးနှစ်တာကာလအတွက် တရားဝင် ဖွံ့ဖြိုးရေး အကူအညီ ယန်းဘီလီယံ ၃၀၀ ပေးအပ်မည်ဟု ယခုရက်သတ္တပတ်အကုန်ပိုင်းတွင် ကျင်းပမည့် ဒေသဆိုင်ရာထိပ်သီးညီလာခံတွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ကြေညာလိမ့်မည်ဟု ဂျပန်အစိုးရအဖွဲ့မှ ဒီဇင်ဘာ ၁၂ ရက်က ပြောကြားကြောင်း သိရသည်။*

*မြန်ဆန်သော ဖွံ့ဖြိုးမှုရှိနေသည့် ဒေသကို လွှမ်းမိုးနေသည့် တရုတ်နိုင်ငံအားထိန်းချုပ်ရန် ဂျပန်နိုင်ငံ၏ ဆောင်ရွက်နိုင်မှုများကို ပြသရန်အတွက် တိုကျိုတွင် ဒီဇင်ဘာ ၁၃ ရက်၌ ကျင်းပမည့် ဂျပန်-အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဘေးက အထောက်အပံ့ပေးရေး အစီအစဉ်ကို ကြေညာမည်ဖြစ်သည်။*

*ယခုလအစောပိုင်းက ဖိလစ်ပိုင်တွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့သည့် အလွန်အားကောင်းသော တိုက်ဖွန်းမုန်တိုင်းဟေယန်၏ အဖြစ်အပျက်ကို သင်ခန်းစာရယူရန်၊ သဘာဝဘေးဆိုင်ရာ ကျွမ်းကျင်သူတစ်ထောင်ခန့်ကို သင်တန်းပေးရန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် အဓိကထားပြီး တိုကျိုက အထောက်အပံ့ ပေးမည်ဖြစ်သည်။*

*အရှေ့တောင်အာရှဒေသတွင် ယဉ်ကျေးမှုဖလှယ်ရေး တိုးတက်လာစေရန် တရားဝင်အစိုးရ အကူအညီ ယန်းဘီလီယံ ၂၀ ပေးအပ်ရန်ရှိပြီး အာဆီယံနိုင်ငံများ၌ ဂျပန်ဘာသာပညာရေး တိုးတက်လာစေရန် ချေးငွေပေးအပ်မည်ဟုလည်း သိရသည်။*

*အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၏ အနာဂတ်ဆက်ဆံရေး ရည်မှန်းချက်ကို ထိပ်သီးအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားလိမ့်မည် ဖြစ်သည်။ ဂျပန်၏ အခြားအထောက်အပံ့များတွင် ၂၀၁၅ ခုနှစ်၌ တည်ထောင်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရန်ပုံငွေသို့ ယန်းရှစ်ဘီလီယံပေးအပ်ရန်လည်း ပါဝင်သည်။* ***(ကျိုဒို)***



# ကာတာလိုနီယာကို စပိန်လွတ်လပ်ရေးမပေးနိုင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် ပိတ်ပင်မည်

**မက်ဒရစ် ဒီဇင်ဘာ ၁၃**

စပိန်အစိုးရသည် လာမည့်နှစ် နိုဝင်ဘာ ၉ ရက်တွင် ကာတာလိုနီယာရှိ ပါတီများက လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသွားရန် စီစဉ်ထားမှုကို ပိတ်ပင်သွားရန် သန္နိဋ္ဌာန်ချထားသည်။

အဆိုပါဆန္ဒခံယူပွဲကို ကျင်းပခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း စပိန်တရားသူကြီးချုပ် အယ်လ်ဘတ်တိုရုစ်ဂယ်လာရွှန်က သတင်းထောက်များအား ပြောသည်။ ကာတာလိုနီယာသမ္မတ အာသာမတ်စ်က အထက်ပါဆန္ဒခံယူပွဲ ကျင်းပရန် ကြေညာလိုက်ပြီးနောက် စပိန်တရားသူကြီးချုပ်က ပြောဆိုလိုက်ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီမှုသည် ဆန္ဒခံယူပွဲကျင်းပရန် ဖြစ်လာပြီး မေးခွန်းနှစ်ရပ်ကို ဖြစ်စေကြောင်း မစ္စတာမတ်စ်က ပြောသည်။

ကာတာလိုနီယာကို နိုင်ငံဖြစ်စေလိုလျှင် ဆန္ဒမဲပေးသူများအနေဖြင့် တောင်းဆို ရလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ ဆန္ဒခံယူပွဲကျင်းပရန်မှုဘောင်အရ သဘောတူထားခြင်းဖြစ်ကြောင်း၊ ပါတီများက တရားဝင်သဘောတူညီရန် လိုအပ်နေဆဲဖြစ်ကြောင်း မစ္စတာမတ်စ်က ကြေညာသည်။

စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂွိုင်း၏ အာဏာရ ကွန်ဆာဗေးတစ်ပါတီနှင့်အတိုက်အခံဆိုရှယ်လစ်တို့က အဆိုပါ ပြည်သူ့ဆန္ဒခံယူခြင်းကို ကာလကြာမြင့်စွာကပင် တိုက်ဖျက်လျက်ရှိသည်။ ကာတာလိုနီယာသည် စပိန်နိုင်ငံ၏ အဖွံ့ဖြိုးဆုံး ဒေသများအနက်မှ တစ်ခုဖြစ်သည်။ လူဦးရေ ၇ ဒသမ ၅ သန်းနေထိုင်သည်။ **(ဘီဘီစီ)**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကသို့ ခရီးထွက်မည်

**ပေကျင်း ဒီဇင်ဘာ ၁၃**

ပါလက်စတိုင်း၊ အစ္စရေး၊ အယ်လ်ဂျီးရီးယား၊ မော်ရိုကိုနှင့် ဆော်ဒီအာရေဗျနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဒီဇင်ဘာ ၁၇ရက် မှ ၂၆ ရက်အထိ အဆိုပါနိုင်ငံများသို့ အလည်အပတ် သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဟောင်လီက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

ဝမ်သည် အဆိုပါနိုင်ငံများ၏ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် နှစ်ဖက်ဆက်ဆံရေးကို ဆွေးနွေးမည်ဖြစ်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်၏ နောက်ဆုံးသဘောထားအပါအဝင် အာရပ်နိုင်ငံများနှင့် ပတ်သက်သော တရုတ်၏ မူဝါဒများနှင့် အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာကိစ္စရပ်များအပေါ် တရုတ်၏ ရပ်တည်ချက်ကို ရှင်းပြမည်ဖြစ်သည်ဟု ဟောင်က ဆိုသည်။ **(ဆင်ဟွာ)**



# ဆီးနှင်းထူထပ်မှုကြောင့် တူရကီလေကြောင်းလိုင်း ခရီးစဉ် ၈၁ ခုဖျက်သိမ်း

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၁၃**

တူရကီလေကြောင်းလိုင်း(တီအိပ်ချ်ဝိုင်)သည် တစ်နိုင်ငံလုံးတွင် ဆီးနှင်း ထူထပ်စွာကျဆင်းနေမှုကြောင့် ဒီဇင်ဘာ ၁၂ ရက်အတွက် နိုင်ငံတကာခရီးစဉ် ၂၆ ခုနှင့် ပြည်တွင်း ခရီးစဉ် ၅၅ ခုတို့ကို ဖျက်သိမ်းခဲ့သည်။

အဆိုပါ နိုင်ငံတကာခရီးစဉ်များမှာ အစ္စတန်ဘူလ်မှပျံသန်းမည့် ပရစ်စတီနာ၊ ဒိုနက်၊ တီဘီလီစီ၊ ဆာရာယေဗို၊ ဘဲလ်ဂရိတ်၊ နူရင်ဘတ်၊ ဘာကူး၊ ဘူဒါပတ်စ်၊ စတုဂတ်၊ မိုဆူးလ်၊တာဘရစ်နှင့် ထရီပိုလီတို့ ဖြစ်ကြသည်။

ဆီးနှင်းထူထပ်မှုကြောင့် တူရကီနိုင်ငံ ၁၄ ပြည်နယ်မှ စာသင်ကျောင်းများကို ဒီဇင်ဘာ ၁၁ ရက်ကတည်းက ပိတ်ထားခဲ့သည်။ လမ်းအခြေအနေဆိုးရွားမှုကြောင့် ဒီဇင်ဘာ ၁၁ ရက်ညက လူကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မတော်တဆမှု ၃၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ဆီးနှင်းပြင်ကြီးများဖြစ်ပွားမှုမှ ကာကွယ်ရန် ကားလမ်းများကို ရှင်းလင်းနေဆဲဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# ဂျပန်နိုင်ငံ၏ ခရီးသွားဧည့်သည် ဝင်ရောက်မှု မျှော်မှန်းချက် ရောက်ရှိရန် နီးစပ်

**တိုကျို ဒီဇင်ဘာ ၁၃**

ဂျပန်နိုင်ငံ၌ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူဦးရေ ၉ ဒသမ ၅ သန်းထိရှိရာ အဆိုပါအရေအတွက်သည် ၂၀၁၃ ခုနှစ်အတွက် ပြည်ပဧည့်သည် လာရောက်မှု ရည်မှန်းချက် ၁၀ သန်း ပြည့်မီရေး အလားအလာကောင်းဖြစ်ကြောင်း ကျိုဒိုသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

**ပြောကြား**

၂၀၁၃ ခုနှစ်၏ ၁၁ လ တာကာလအတွင်း ပြည်ပဧည့်သည် လာရောက်မှုဦးရေ ၉၄၉၉၃၀၀ ဦးရှိသဖြင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်ဟု ဂျပန်နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားထားသည်။

နိုဝင်ဘာလ တစ်လတည်းမှာပင် ခရီးသွားဧည့်သည် ဝင်ရောက်မှု ၈ သိန်းကျော် ရှိခဲ့သည်ဟု သိရသည်။

တရုတ်၊ ထိုင်ဝမ်၊ ထိုင်း၊ ဟောင်ကောင်၊ အင်ဒိုနီးရှား ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့မှ လာရောက်မှုအများဆုံးဖြစ်သည်။

**(ကျိုဒို)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မိဘပြည်သူများ၏ အားပေးလက်ခုပ်သံများဖြင့် ပွဲစဉ်တိုင်းတွင် အနိုင်ယူမည့် မသန်စွမ်းအားကစားသမားများ



**မေမြင့်မိုရ်**

**"ဘဝတွင် ကိုယ်အင်္ဂါချို့တဲ့ဆုံးရှုံးသွားခြင်းသည် ဘဝဆုံးခြင်းမဟုတ်။ ကိုယ်အင်္ဂါစုံလျက်နှင့် ရည်မှန်းချက်မရှိသူသာ ဘဝဆုံးသူဖြစ်သည်။"**

**(နိုဘယ်ဆုရှင် အမေရိကန်စာရေးဆရာ ဝီလီယမ်ဖော့ခ်နာ)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မသန်စွမ်းအားကစားစင်တာ ရှေ့ရောက်တိုင်း ဆင်ခြင်မိသည့် ဘရောင်နင်၏ အသိတရားအမှာစကားလေးဖြစ်ပါသည်။ မသန်စွမ်းအားကစားစင်တာထဲမှ အားမာန်အပြည့်ဖြင့် လေ့ကျင့်နေကြသည့် မသန်စွမ်းအားကစားသမားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယများကို အသိအမှတ်မပြုဘဲ မနေနိုင်အောင်ဖြစ်မိသည်။ သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများနှင့်အတူ လေ့ကျင့်နေကြသည့် အားကစားသမားများ၏စိတ်တွင် မသန်စွမ်းဟူ၍ အားငယ်စိတ်စိုးစဉ်းမျှမတွေ့ရဘဲ အားကစားနည်းအလိုက် ကြိုးစားလေ့ကျင့်နေကြသည်မှာ လူကောင်းများပင် အားကျအတုယူဖွယ်ကောင်းလှပါသည်။ ရည်မှန်းချက်စံချိန်များ မရသေးပါက အားတင်းသံများ၊ စံချိန်မီအောင်မြင်ပါက ဝမ်းမြောက်ရွှင်မြူးအော်ဟစ်သံများဖြင့် အားကစားစင်တာတစ်ခုလုံး နေ့စဉ်ပင် အသက်ဝင်လျက်ရှိပါသည်။

မသန်စွမ်းသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပိုင်း၊ ခံစားမှုအာရုံပိုင်း၊ ချို့ယွင်းအားနည်းချက်များ တစ်နည်းနည်းဖြင့် ရှိနေသော်လည်း ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံးရှိသည့် လူသားတစ်ဦးပင်ဖြစ်သည်။ ဘဝပေးအခြေအနေမလှသည့်အတွက် မသန်စွမ်းဘဝသို့ ရောက်နေရသော်လည်း သာမန်လူသားတစ်ဦးကဲ့သို့ပင် မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်လိုအပ်ပါသည်။ မသန်စွမ်းသူများအနက် အချို့မှာ ဆင်းရဲမှု၊ ပညာမတတ်မြောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းမရရှိမှု၊ လူအများနှင့်ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့် မရရှိမှုများနှင့် ရင်ဆိုင်နေရသည့်အတွက် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်လျက် အားငယ်နေသူများလည်း ရှိသည်ကို တွေ့ရသည်။

ကျွန်မမြင်တွေ့ရသည့် မသန်စွမ်းအားကစားသမားများမှာမူ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်တက်ကြွနေသည်ကိုကြည့်ခြင်းဖြင့် အားကစားလုပ်ဆောင်ခြင်းသည် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ်ခွန်အားမြင့်မားစေရန်နှင့် ကျန်းမာသန်စွမ်းစေရန် အကောင်းဆုံးအားဆေးဖြစ်သည်ဟု ကောက်ချက်ချယူဆမိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းအားကစားသမားများလေ့ကျင့်ရန် မသန်စွမ်းအားကစားစင်တာကို တည်ဆောက် ပံ့ပိုးအားပေးထားသည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်လှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေးကိုရှေးရှုသည့် အစီအစဉ်များဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

ကျွန်မတို့မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေကြသည့် ပဋိပက္ခများနှင့် အခြားမတော်တဆမှုများနှင့် မွေးရာပါအင်္ဂါချို့တဲ့မှုများကြောင့် နိုင်ငံလူဦးရေ၏ လူဦးရေ သန်း ၆၀ အနက် ၂ ဒသမ ၃၂ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ကြောင်း စစ်တမ်းများအရ သိရှိရပါသည်။ ခန့်မှန်းခြေအားဖြင့် ၁ ဒသမ ၃ သန်းကျော်ရှိပါသည်။ ယနေ့ခေတ်တွင် မသန်စွမ်းသူများအရေးသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၏ ကျန်းမာရေးဆိုင်ရာ ပြဿနာမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံးနှင့်ဆိုင်သော လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ်ဖြစ်လာသည်။

ယခုအခါ ကျွန်မတို့မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူများအရေးကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူအခွင့်အရေးကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ရေးဆွဲလျက်ရှိသည်။ အဆိုပါဥပဒေတွင် မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ပြန်လည်ထူထောင်ရေးအပါအဝင် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nation Convention on the Rights of Persons with Disabilities -UN CRPD)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအားလုံး တန်းတူညီမျှရရှိရေးတို့ကို ထည့်သွင်းရေးဆွဲထားသည်ဟု ဝမ်းမြောက်ဖွယ်ကြားသိရပါသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် အသက်မွေးဝမ်းကျောင်းပညာအရ ပြန်လည်ထူထောင်ခြင်းနှင့် လူမှုရေးအရ ပြန်လည်ထူထောင်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမသန်မစွမ်းအားကစားအဖွဲ့ချုပ်မှ မသန်စွမ်းအားကစားသမားများ၏ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးနှင့် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် တည်ထောင်ဖွင့်လှစ်ထားသည့် မသန်စွမ်းကျောင်းများလည်းရှိသည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်လက်မှတ်ရေးထိုးခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Disabilied Persons)ကို ကျင့်ပပေးလေ့ရှိပါသည်။ မသန်စွမ်းမှုအမျိုးအစားအလိုက် စွမ်းရည်ပြိုင်ပွဲများအဖြစ် ဆံသပြိုင်ပွဲ၊ ပိုးစာပြိုင်ပွဲ၊ ခါတ်ပုံပြိုင်ပွဲနှင့်စက်ချုပ်ပြိုင်ပွဲများတွင်လည်းကောင်း၊ မျက်မမြင်များအတွက် ပန်းချီပြိုင်ပွဲ၊ ကြိမ်ထိုးပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများ၊ နားမကြားသူများအတွက် တပင်တိုင်အကနှင့် နှစ်ပါးသွားအကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်စက်ချုပ်ပြိုင်ပွဲများတွင် လည်းကောင်း၊ ဉာဏ်ရည်မမီသောကလေးများက ပန်းချီပြိုင်ပွဲ၊ တပင်တိုင်အကနှင့် စုံတွဲတေးသရုပ်ဖော် အကပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ကြသည်။ ကျွန်မတို့သာမန်လူများထက်ပင် ထူးချွန်သောအရည်အသွေးများနှင့် "မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာ အဓိက "ဖြစ်ကြောင်း ပြသပေးသည့် မသန်စွမ်းသူတို့၏ အားမာန်နှင့် သတ္တိကို လေးစားဂုဏ်ယူဖွယ်တွေ့မြင်ရသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ ထူးချွန်ထက်မြက်သော မသန်စွမ်းအားကစားသမားများကို ဒေသအဆင့်မှသည် ကမ္ဘာ့အဆင့်သို့တိုင် တက်လှမ်းယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများအနေဖြင့် လေးနှစ်တစ်ကြိမ်ကျင်းပသည့် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော်တွင် ၁၉၇၅ ခုနှစ် ပထမအကြိမ် ကျင်းပစဉ်မှ ၂၀၁၂ ခုနှစ် နဝမအကြိမ်အထိ ပြည်ပပွဲစဉ်တိုင်းကို မပျက်မကွက်ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များစွာရရှိခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။ နိုင်ငံတကာ မသန်စွမ်းသူများ၏ အားကစားပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများအနေဖြင့် လေးနှစ်တစ်ကြိမ်ကျင်းပသည့် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော်တွင် ၁၉၇၅ ခုနှစ် ပထမအကြိမ် ကျင်းပစဉ်မှ ၂၀၁၂ ခုနှစ် နဝမအကြိမ်အထိ ပြည်ပပွဲစဉ်တိုင်းကို မပျက်မကွက် ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များစွာရရှိခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ နိုင်ငံတကာ မသန်စွမ်းသူများ၏ အားကစားပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။**

ကျွန်မတို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံကြီးတွင် လက်ခံကျင်းပခွင့်ရကြောင်း ဂုဏ်ယူဖွယ်ကြားသိရပါသည်။ အာဆီယံဒေသကြီး၏ကိုယ်စားပြုကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် အလွန်ပင် ပီတိဖြစ်မိပါသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို ရယူနိုင်သည့် နည်းတူ (၂၇)ကြိမ်မြောက် အာဆီယံအရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ပြီး (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကိုလည်း ကျင်းပနိုင်မည်ဖြစ်သဖြင့် ကျွန်မတို့ မြန်မာနိုင်ငံသမိုင်းတွင် အလွန်ထူးခြားသည့်မှတ်တိုင်များပင် ဖြစ်ပါသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်မှာ "ချစ်ကြည်ရင်းနှီးမှု (Friendship)၊ စုစည်းညီညွတ်မှု (Unity)နှင့် တန်းတူညီမျှမှု(Equality)" ဖြစ်ပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ မသန်စွမ်းအားကစားသမားပေါင်း ၁၃၀၀ ကျော် လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အာဆီယံနိုင်ငံသူနိုင်ငံသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ပြသနိုင်မည့်အပြင် အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် လူသားအားလုံး အသုံးဝင်ကြောင်း အားကစားဖြင့် ဖော်ပြပေးမည့်ပွဲကြီးလည်း ဖြစ်ပါသည်။

အနုပညာဘက်ထူးချွန်သည့် မသန်စွမ်းအနုပညာရှင်လေးများကလည်း (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် ဖွင့်ပွဲပိတ်ပွဲကျင်းပမည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် မသန်စွမ်းတီးဝိုင်း၊ မျက်မမြင်မြန်မာ့ဆိုင်းဝိုင်းများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားရန် အင်တိုက်အားတိုက် လေ့ကျင့်နေကြသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ မသန်စွမ်းသူများမှလည်း (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို လာရောက်ကြည့်ရှုအားပေးကြရန် စိုင်းပြင်းနေကြသည်ဟု သိရသည်။

ထိုသို့ မသန်သော်လည်း စွမ်းဆောင်ရည်အပြည့်ဖြင့် ဘဝကို အရှုံးမပေးဘဲ အဆုံးထိအနိုင်ယူသွားမည့် မသန်စွမ်းသူများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုများကို ကျွန်မ တလေးတစားအလေးထားမိပါသည်။ တစ်ဖက်ကလည်း ကိုယ်ခန္ဓာပြည့်စုံပါလျက် ရည်မှန်းချက်၊ ရည်ရွယ်ချက်များပျောက်ကာ ဘဝကို ရေစုန်မျှောနေသူများကိုလည်း အသိတရားဖြင့်ဆင်ခြင်လျက် အချိန်မီပြင်ဆင်သွားရန် တိုက်တွန်းလိုပါသည်။ ထို့ပြင် မသန်စွမ်းသူများမှ အားကြိုးမာန်တက် ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားပွဲများအား မိဘပြည်သူများမှ ကိုယ်တိုင်ကိုယ်ကျပါဝင်ကာ အင်တိုက်အားတိုက်လာရောက်အားပေးကြည့်ရှုခြင်းဖြင့် မသန်စွမ်းအားကစားသမားများကို ကိုယ်ချင်းစာနာသောစိတ်ဖြင့် ဖေးမကြပါစို့ဟု လေးစားစွာ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ခန္တီးမြို့တွင် မူးယစ်ဆေးစွဲဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေး

**ခန္တီး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် စေတနာ့ဝန်ထမ်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှု၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်မှုဖြင့် ခန္တီးမြို့ မြို့မရပ်ကွက်နှင့် ပေါမိုင်ရပ်ကွက်မှ မူးယစ်ဆေးစွဲဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခြင်းကို ဒီဇင်ဘာ ၆ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

"ဒီနေ့ မူးယစ်ဆေးစွဲ ဝေဒနာရှင်များရဲ့ ဆန္ဒအရ အခမဲ့ဆေးဝါးကုသပေးခြင်းဟာ ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပါတယ်။ ပထမအကြိမ်က ငါးဦးကုသပေးခဲ့ပြီး ယခု ဒုတိယအကြိမ်မှာ ၁၀ ဦးကို ကုသပေးနေပါတယ်။ ဝေဒနာရှင်များအတွက် ဆေးဝါး၊ အစားအသောက်၊ အသုံးအဆောင် ပစ္စည်းများကစ ကျွန်တော်တို့စေတနာ့ဝန်ထမ်း မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအဖွဲ့က ထောက်ပံ့လှူဒါန်းပေးနေပါတယ်"ဟု အဖွဲ့ဝင်တစ်ဦးက ရှင်းလင်းပြောပြသည်။

**ဆောင်ရွက်**

အဆိုပါ မူးယစ်ဆေးစွဲဝေဒနာရှင်များအား ဒုယိယအကြိမ်ဆေးဝါးကုသပေးခြင်းပြုလုပ်ရာသို့ ခန္တီးမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြမောင်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင့်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြပြီး ဆေးဝါးကုသမှုခံယူနေကြသည့် မူးယစ်ဆေးစွဲလူနာများအား အားပေးစကား ပြောကြားကြသည်။ ဆေးဝါးကုသမှုပေးခြင်းကို ၁၂ ရက်ကြာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကလေးဝမြို့တွင် အပေါ့စားမီးသတ်စက်နှင့် သင်ပုန်းကွန်ပျူတာပေးအပ်

**ကလေးဝ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ အခမဲ့လှူဒါန်းပေးအပ်သော အပေါ့စားမီးသတ်စက်နှင့် သင်ပုန်းကွန်ပျူတာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက မစိန်စံပြကျေးရွာ အလင်းအိမ်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်က အပေါ့စား မီးသတ်စက်နှင့်သင်ပုန်းကွန်ပျူတာ ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် အသုံးပြုပုံပြုနည်းတို့ကို ရှင်းလင်းပြောကြား၍ ပေးအပ်ခဲ့ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့သည်။ ကလေးဝမြို့နယ်အတွက် အပေါ့စားမီးသတ်စက် တစ်လုံးနှင့် သင်ပုန်းကွန်ပျူတာနှစ်လုံးရရှိကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

ပြည်တွင်းသတင်း

# နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) (၁၉) ကြိမ်မြောက် သာသနတက္ကသိုလမဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ၁၃၇၂-၁၃၇၃ ခု ပညာသင်နှစ်တွင် သာသနတက္ကသိုလမဟာဓမ္မာစရိယ(M.A)ဘွဲ့ ၁၂ ပါးနှင့်သာသနတက္ကသိုလဓမ္မာစရိယ(B.A)ဘွဲ့ အပါး ၆၀ ရရှိတော်မူသော သံဃာတော်အရှင်သူမြတ် ၇၂ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် (၁၉)ကြိမ်မြောက် သာသနတက္ကသိုလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၅ ခုနှစ် နတ်တော်လပြည့်နေ့ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားပြီးဖြစ်သည်။ ပင့်လျှောက်လွှာလက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်သို့ ဒီဇင်ဘာ ၁၅ ရက်အရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနက နိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် ယင်းမဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပင့်သံဃာတော် ၁၃၀၊ ဘွဲ့ခံသံဃာတော် ၇၂ ပါး စုစုပေါင်း ၂၀၂ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီ၊ ဖုန်း-၀၁-၂၂၁၀၅၅၊ ၀၁-၂၂၁၀၅၂ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဖုန်း ၀၁-၆၆၁၂၇၅၊ ၀၁-၆၆၄၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းသိရသည်။

**(သတင်းစဉ်)**

# ၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျင်းပလေ့ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း ပြည်သူလူထုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေးတို့အတွက် ၂၀၁၃ ခုနှစ်ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ ငါးမျက်နှာထက်မနည်း ခြောက်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A 4 စာမျက်နှာရှစ်မျက်နှာထက်မနည်း ကိုးမျက်နှာထက်မများ ရေးသားနိုင်ပြီး အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း၊ လူထုအားကစားလှုပ်ရှားမှုများသည် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် အထောက်အကူဖြစ်ကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိကာ ပါဝင်လှုပ်ရှားဆောင်ရွက်လိုစိတ်ပေါ်ပေါက်လာစေရန် စည်းရုံးရေးသားနိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၀×၁၂)လက်မ အရွယ်ဖြင့် အကန့်အသတ်မရှိတင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပေါ်လွင်စေရမည်ဖြစ်သည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများ နှင့်ဓာတ်ပုံများကို ၁၇-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၁) သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆုကျပ် သုံးသိန်းနှင့်နှစ်သိမ့်ဆု ကျပ်နှစ်သိန်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆုကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုကျပ်နှစ်သိန်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆုကျပ်လေးသိန်း၊ တတိယဆုကျပ် သုံးသိန်းနှင့် နှစ်သိမ့်ဆု ကျပ်နှစ်သိန်းအသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသည့် ဆုရစာမူများအားနေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြပေးသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၀၉၆၊ ၀၉-၄၄၈၅၃၅၃၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်တွင်းရေကြောင်းနှင့်ကမ်းရိုးတန်းသွားရေယာဉ်များအား စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားလာသည့် ကုမ္ပဏီ ၁၇ ခု၏ ရေယာဉ် ၆၇ စင်းအနက် ကုမ္ပဏီလေးခု၏ ရေယာဉ်ကိုးစင်းကို စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၃ ခု၏ ရေယာဉ် ၅၈စင်းမှာ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲ ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်လုပ်ငန်းရှင်မဆို ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်း ကမ်းရိုးတန်းတို့တွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချလိုပါက ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းညွှန်ကြားမှုဦးစီးဌာနတို့မှ သတ်မှတ်ခွင့်ပြုထုတ်ပေးသည့် ရေယာဉ်၏ မှတ်ပုံတင်လက်မှတ်၊ ရေယာဉ်အတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ် (Certificate of Fitness for the carriage of petroleum in bulk)၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် ကမ်းရိုးတန်း အနီးသွားရေယာဉ်များအတွက် စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် (ရေနံတင်ရေယာဉ်အမျိုးအစားဖြစ်ရမည်။) (Certificate of Survey/Safety Equipment Certificate and Loadlines Certificate) (For Oil Tanker)၊ လုပ်ငန်းလိုင်စင်၊ စက်မဲ့ဆီတွဲအတွက် ရေနံတင်ဆောင်ရန်သင့်လျော်ကြောင်း သက်သေခံလက်မှတ် (Certificate of Fitness for the carriage of petroleum in bulk)တို့အပြင် သယ်ယူဖြန့်ဖြူးရောင်းချလိုသည့် ဒေသ၊ ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီရရှိနိုင်သည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက် စာချုပ်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားနိုင်ကြောင်း ၂၃-၁-၂၀၁၃ ရက်နှင့် ၂၄-၁-၂၀၁၃ ရက် ပြည်တွင်းထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်သည်။

အဆိုပြုလျှောက်ထားလာသည့် ရေယာဉ်များအား စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာနတို့မှ အရာထမ်းကိုယ်စားလှယ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစေပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ သတ်မှတ်ချက်နှင့်ပြည့်စုံကိုက်ညီပါက အဆိုပါရေယာဉ်ကို ပြည်တွင်းရေကြောင်းနှင့်ပြည်တွင်းကမ်းရိုးတန်းတို့တွင် စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချရန်အတွက် သက်တမ်းတစ်နှစ်တိတိရှိသည့် လိုင်စင်များကို ခွင့်ပြုထုတ်ပေးပြီး နှစ်စဉ်သက်တမ်းတိုးမြှင့်ရမည်ဖြစ်သည်။

သယ်ယူဖြန့်ဖြူးရောင်းချရမည့် ဒေသကို လျှောက်ထားသည့်အတိုင်း ခွင့်ပြုထုတ်ပေးလျက်ရှိရာမှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ သတ်မှတ်ခွင့်ပြုသည့် ဆိပ်ကမ်းနှင့်ဒေသများ၌သာ သယ်ယူဖြန့်ဖြူးရောင်းချခွင့်ပြုရန် ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိသည်။

လိုင်စင်ရယူ၍ လုပ်ငန်းဆောင်ရွက်သူများသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရန်၊ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးအစီအမံများကို စနစ်တကျ ဆောင်ရွက်ထားရန်၊ Fire Fighting System များ၊ Life Saving Equipment များ၊ Navigation Equipment များပြည့်စုံစွာစီမံခြင်း၊ တပ်ဆင်ခြင်းများ ပြုလုပ်ထားရန်၊ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုရှိရန်၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆီတင်သင်္ဘောများအနေနှင့် MARPOL 73/78 ANNEX(1)OIL POLLUTION မဖြစ်ပေါ်စေရေးအတွက် လိုက်နာရန် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးသတ်မှတ်ခွင့်ပြုထားသည့် ဆီတင်ရေယာဉ်များ၊ဆီသယ်အိုဘီတွဲများဖြင့်သာ သယ်ယူပို့ဆောင်ရန် သတ်မှတ်ညွှန်ကြားထားသည်။

ပုဂ္ဂလိက၏ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းခွင့်ပြုလုပ်ကိုင်ခဲ့စဉ်ကပင် ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို တရားဝင်ကျသင့်သောအခွန်အခများ ပေးဆောင်စေပြီး ဈေးကွက်စီးပွားရေးနှင့်အညီ ထိုက်သင့်သော အမြတ်အစွန်းကိုရယူကာ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အဖွဲ့လိုက်မြင်းစီးပြိုင်ပွဲတွင် မြန်မာမြင်းစီးအဖွဲ့မှ ဒုတိယဆုဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့လိုက်မြင်းအလှစီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ မြင်းစီးအားကစားကွင်း၌ ကျင်းပပြီး မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊



ကမ္ဘောဒီးယား၊ မလေးရှားနှင့်စင်ကာပူ ခြောက်နိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြင်းအလှစီးပြိုင်ပွဲတွင် တစ်နိုင်ငံလျှင် အားကစားသမားလေးဦး၊ မြင်းလေးကောင်စီဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဖွဲ့လိုက်မြင်းအလှစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးကို ၁၀ မိနစ် သတ်မှတ်ပေးထားပြီး သတ်မှတ်ထားချိန်တွင် မြင်း၏ခေါင်းကျပုံ၊ ခြေလက်ကျပုံ၊ မြင်း၏လှုပ်ရှားပုံ၊ ပြိုင်ပွဲဝင်များ၏ အမူအရာ စသည့်အချက်များကို အကဲဖြတ်ပြီး အမှတ်ပေးကြောင်းသိရသည်။ မြင်းအလှစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံများတွင် ထိုင်းနိုင်ငံကိုယ်စားပြု ထိုင်းဘုရင့်မြေးတော် H.R.H Princess Sirivannavarinariratana သည် မြင်းအမှတ်(၄၂)Htake Kwet အမည်ရှိမြင်းကို **(အောက်ဝဲပုံ)**စီးနင်းကာ ဝင်ရောက်ယှဉ်ပြိုင်သည်။

**သတင်း-ဇူလိုင်မိုး**
**ဓာတ်ပုံ-မေမိုးသဲ**

အဖွဲ့လိုက်မြင်းအလှစီးပြိုင်ပွဲတွင် မြန်မာအသင်းမှ အောင်သူထွန်းက (CP Safari) မြင်းကိုလည်းကောင်း၊ ထွန်းအောင်ဖြိုးက Front N Center မြင်းကိုလည်းကောင်း၊ စောမောင်က Bagan Minthamee မြင်းကိုလည်းကောင်း၊ သန်းနိုင်အောင်က Sir Jerico မြင်းကိုလည်းကောင်းစီးနင်းကာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ညနေ ၃ နာရီတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံမှ ၂၀၅ ဒသမ ၉၂၉ မှတ်ဖြင့် ပထမဆုကို ဆွတ်ခူးသွားသည်။ မြန်မာနိုင်ငံမှ ၁၉၇ ဒသမ ၃၀၉ မှတ်ဖြင့် ဒုတိယဆုရရှိပြီး စင်ကာပူနိုင်ငံမှ ၁၉၀ ဒသမ ၅၅၁ မှတ်ဖြင့် တတိယ အသီးသီးရရှိခဲ့သည်။ ဆုများအား ညနေ ၃ နာရီတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ဆုများကိုချီးမြှင့်ခဲ့ကာ နိုင်ငံအလိုက် တာဝန်ရှိသူများတက်ရောက်ပြီး အခမ်းအနားအောင်မြင်စွာပြီးဆုံးကြောင်း သိရသည်။

# ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

1899-All England Open မှ အစပြုခဲ့သည့် ကြက်တောင်ရိုက်ပြိုင်ပွဲများသည် ယခုအခါ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်း Indoor Stadium-C ၌ ယနေ့ နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

အဆိုပါပွဲစဉ်များသို့ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသား/အမျိုးသမီးစုံတွဲ၊ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ စသည့် စုစုပေါင်း ကြက်တောင်ရိုက်အားကစားနည်း ငါးမျိုးအတွက် ရွှေတံဆိပ်ငါးဆုချီးမြှင့်မည်ဖြစ်သည်။

အမျိုးသား/အမျိုးသမီးစုံတွဲပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၁၁၊ ၁၈-၂၁၊ ၂၁-၁၉မှတ်ဖြင့်လည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကို ၂၁-၁၅၊ ၂၁-၁၇ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၁၇၊ ၂၀-၂၂၊ ၂၂-၂၀ မှတ်၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၂၁-၇၊ ၂၁-၈ မှတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို ၁၃-၂၁၊ ၂၁-၁၂၊ ၂၂-၂၀ မှတ်၊ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ၁၇-၂၁၊ ၂၁-၁၁၊ ၂၁-၁၂ မှတ်ဖြင့် အနိုင်ရရှိသည်။ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၂၁-၇၊ ၂၁-၁၁ မှတ်၊ မလေးရှားအသင်းက စင်ကာပူအသင်းကို ၂၃-၂၁၊ ၁၇-၂၁၊ ၂၁-၁၇ မှတ်ဖြင့် အနိုင်ရပြီး အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ပထမပွဲစဉ်တွင် ၂၁-၁၆၊ ၂၁-၁၅ မှတ်၊ ဒုတိယပွဲစဉ်တွင် ၂၁-၁၇၊ ၂၁-၁၈ မှတ်များဖြင့် အသီးသီးအနိုင်ရရှိကြပြီး ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည့် နောက်ဆုံးဗိုလ်လုပွဲစဉ်များသို့ တက်ရောက်သွားကြပြီဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဂျပန်အစားအစာ မြှင့်တင်မှုအဖွဲ့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လှူဒါန်းသောအစားအသောက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေးကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရွာရှိ Social Zone ၌ ဂျပန်အစားအစာမြှင့်တင်မှုအဖွဲ့ (Organization to Promote Japanese Rastaurants Abord-JRO)မှ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားသမားများအတွက် လှူဒါန်းသောအစားအသောက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ ဂျပန်အစားအစာမြှင့်တင်မှု အဖွဲ့ဥက္ကဋ္ဌ Mr.Kazutaka Kato က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Mr.Kazutaka Kato က ဂျပန်အစားအစာများကိုလွှဲပြောင်းပေးအပ်ရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းကလက်ခံယူသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် **(ယာပုံ)**၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးညဏ်လင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနပန်းအားကစားသက်တမ်းနှင့်သော်လည်း ရွှေသုံးခု၊ ငွေသုံးခု၊ ကြေး ကိုးခုရရှိ



**အမျိုးသားနပန်းပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းတို့ ယှဉ်ပြိုင်စဉ်။**
(ဓာတ်ပုံ-သောင်းမြင့်)

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

နောက်ဆုံးနေ့ပွဲစဉ် ၂၅ ပွဲတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ခုနစ်နိုင်ငံတို့မှ နပန်းအားကစားသမားများသည် ကီလိုတန်းအလိုက် ကျား၊ မ ခွဲ၍ ယှဉ်ပြိုင်ကြသည်။

နောက်ဆုံး ပွဲစဉ်များအပြီးတွင် Women's Free Style ၄၈ ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းကငွေ၊ လာအိုနှင့် အင်ဒိုနီးရှားက ပူးတွဲကြေးရရှိပြီး Men's Free Style ၇၄ ကီလိုတန်းတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းက ငွေ၊ မြန်မာမှ စောဂါဗြီအဲလ်က ကြေးရရှိသည်။

Men's Free Style ၉၆ ကီလိုတန်းတွင် လာအိုက ရွှေ၊ မြန်မာမှ ကျော်ဝင်းဦးက ငွေ၊ ကမ္ဘောဒီးယားက ကြေးရရှိကြပြီး Women's Free Style ၄၄ ကီလိုတန်းတွင် ကမ္ဘောဒီးယားက ရွှေ၊ ထိုင်းက ငွေ၊ မြန်မာမှ သီတာစိုးက ကြေးနှင့် Men's Free Style ၈၄ ကီလိုတန်းတွင် အင်ဒိုနီးရှားက ရွှေ၊ ထိုင်းက ငွေနှင့် ဖိလစ်ပိုင်က ကြေးအသီးသီး ရရှိကြကာ ဆုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ဖွဲ့စည်းခဲ့သည်မှာ သက်တမ်း နှစ်နှစ်သာရှိသေးပြီး ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ နပန်းအားကစားသမားငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် လေးဦးရရှိခဲ့သည်။

ယခုကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနပန်းအားကစားသမား ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်ကိုးခုရရှိခဲ့ပြီး နိုင်ငံအလိုက် ရွှေ ငွေ ကြေး ၁၅ ခုဖြင့် ဆုအများဆုံး ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ကြေညာချက်**
**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)**

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ တည်ဆဲရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေတွင် မည်သူမျှ ကော်မတီက သတ်မှတ်ထားသည့် ယာဉ်ရပ်ရန်နေရာမှအပ အခြားမည်သည့်နေရာတွင်မျှ ယာဉ်ရပ်နားခြင်းမပြုရဟုလည်းကောင်း၊ အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်ပေါ်တွင် ယာဉ်များအကြောင်းမဲ့ကြာမြင့်စွာ ရပ်တန့်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ရန်ကုန်မြို့အတွင်းရှိ အဓိကလမ်းမကြီး (၃၇) လမ်းအား ယာဉ်မရပ်နားရ လမ်းများအဖြစ် ၈-၁၀-၂၀၁၃ ရက်နေ့တွင် ပထမအကြိမ် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ မြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းကာ အများပြည်သူသွားလာရေးအဆင်ပြေစေရန်လည်းကောင်း၊ လတ်တလောအခြေအနေတွင် အောက်ပါယာဉ်လမ်းကြောင်းများ၌ ခရီးသည်အတင်အချပြုရန်မှတစ်ပါး မည်သည့်ယာဉ်မျှ ရပ်နားခြင်းမပြုရန် ယာဉ်မရပ်ရနယ်မြေအဖြစ် ထပ်မံတိုးချဲ့သတ်မှတ်လိုက်သည်-

(က) **တောင်-မြောက်လမ်းများ**

(၁) အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းဆုံ(တာမွေ ၅ ခွဆုံ)မှ ဗညားဒလလမ်းအတိုင်း သိမ်ဖြူလမ်းနှင့်ဒေါ်သိန်းတင် လမ်းဆုံ (သိမ်ဖြူ ၅ ခွဆုံ)အထိ

(၂) အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့်ကျိုက္ကဆံလမ်းမှ ကျိုက္ကဆံလမ်းအတိုင်း နတ်မောက်လမ်းနှင့် ကျိုက္ကဆံလမ်းဆုံအထိ

(၃) ကန်ရိပ်သာလမ်းနှင့် စက်ရုံလမ်းဆုံမှစက်ရုံလမ်းအတိုင်း၊ အထက်ပုဇွန်တောင်လမ်းနှင့် စက်ရုံလမ်း ၁၅ ပေတံတားအထိ

(၄) ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁) လမ်းဆုံမှ စက်မှု(၁) လမ်းအတိုင်း၊ စက်မှု(၁) လမ်းနှင့် ဦးချစ်မောင် လမ်းဆုံ၊ ၎င်းမှ ဦးချစ်မောင်လမ်းအတိုင်း အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ၊ ၎င်းမှ အနောက်မြင်းပြိုင်ကွင်းလမ်းအတိုင်း ဗညားဒလလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံ၊ တာမွေ ၅ ခွဆုံအထိ

(၅) ဦးထောင်ဘိုလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၎င်းမှ ရွှေတိဂုံဘုရားလမ်းအတိုင်း ကမ်းနားလမ်းအထိ

(၆) ဟံသာဝတီလမ်းနှင့်အထက်ကြည့်မြင်တိုင်လမ်းဆုံမှ အထက် ကြည့်မြင်တိုင်လမ်းအတိုင်း၊ ဗားကရာအထိ၊ ၎င်းမှ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း ဗဟိုလမ်းအထိ

(၇) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်းမတော်လမ်းဆုံမှ လမ်းမတော်လမ်းအတိုင်း၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းဆုံအထိ

(၈) အနော်ရထာလမ်းနှင့် လသာလမ်းဆုံမှ လသာလမ်းအတိုင်း၊ လသာလမ်းနှင့် ကမ်းနားလမ်းဆုံအထိ

(၉) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗန္ဓုလပန်းခြံလမ်းမှ ဗန္ဓုလပန်းခြံလမ်းအတိုင်း၊ ကမ်းနားလမ်းနှင့် ဗန္ဓုလပန်းခြံလမ်းဆုံအထိ

(၁၀) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံမှ ဗိုလ်အောင်ကျော်လမ်းအတိုင်းကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံ အထိ

(၁၁) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံမှ ဗိုလ်မြတ်ထွန်းလမ်းအတိုင်း၊ ကုန်သည်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံအထိ

(၁၂) အထက်ပုဇွန်တောင်လမ်းနှင့် ရေကျော်လမ်းဆုံမှ ရေကျော်လမ်းအတိုင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေကျော်လမ်းဆုံအထိ

(၁၃) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းဆုံမှ ဗိုလ်တထောင်ဘုရားလမ်းအတိုင်း၊ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံအထိ

(၁၄) မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းဆုံမှ ဗိုလ်တထောင်ဈေးလမ်းအတိုင်း၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင် ဈေးလမ်းဆုံအထိ

(၁၅) ခရေပင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံ (တညင်းကုန်း)မှ အောက်မင်္ဂလာဒုံလမ်းအတိုင်း၊ ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံအထိ

(ခ) **အရှေ့-အနောက်လမ်း**

(၁) ဗဟိုလမ်းနှင့် မင်းရဲကျော်စွာလမ်းဆုံမှ မင်းရဲကျော်စွာလမ်းအတိုင်း၊ မင်းရဲကျော်စွာလမ်းနှင့် မြို့မကျောင်းလမ်းအထိ

(၂) ဗညားဒလလမ်းနှင့် သမိန်ဗရမ်းလမ်းဆုံ (တာမွေ ၅ ခွဆုံ)မှ သမိန်ဗရမ်းလမ်းအတိုင်း၊ သမိန်ဗရမ်းလမ်းနှင့် သံသုမာလမ်းဆုံ(ကြက်ဘဲဈေး)အထိ

(၃) ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းဆုံ(ပုလဲကွန်ဒို)မှ ဆရာစံလမ်းအတိုင်း၊ ဦးချစ်မောင်လမ်းဆုံ၊ ၎င်းမှ ဆရာစံလမ်းအတိုင်း မြောက်မြင်းပြိုင်ကွင်းလမ်းဆုံအထိ

(၄) ကမ္ဘာအေးစေတီလမ်းနှင့် ကံဘဲ့လမ်းဆုံမှ ကံဘဲ့လမ်းအတိုင်း၊ ဝေဇယန္တာလမ်းနှင့် ကံဘဲ့လမ်းဆုံအထိ

(၅) အရှေ့ရွှေဂုံတိုင်လမ်းဆုံနှင့် သမိန်ဗရမ်းလမ်းဆုံမှ အရှေ့ရွှေဂုံတိုင်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံ၊ ၎င်းမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း ဦးဝိစာရလမ်းဆုံနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံအထိ

၄။ အထက်ဖော်ပြပါ ယာဉ်မရပ်ရနယ်မြေအတွင်း ယာဉ်ရပ်နားခြင်းပြုပါက ရပ်နားသည့်ယာဉ်ကို ဆွဲယာဉ်ဖြင့် သတ်မှတ်ထားသော ယာဉ်ရပ်နားစခန်းသို့ သယ်ယူသွားမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်အနေဖြင့် သတ်မှတ်ထားသော ဆွဲယာဉ်ခကိုပေးဆောင်ရမည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရလည်း အရေးယူခြင်းခံရမည်။

၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပလက်ဖောင်းများနှင့် ကားလမ်းအကြားတိုးချဲ့၍ ဆောင်ရွက်ထားသော ယာဉ်ရပ်နားရန်ပြုလုပ်ထားသည့်နေရာများတွင် ယာဉ်ရပ်နားခရယူ၍ ယာယီခွင့်ပြုပေးမည်ဖြစ်ပြီး သင့်တော်သောကာလတွင် ယာယီရပ်နားခွင့်ကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ထို့အပြင် ကျန်ရှိသော လမ်းများကိုလည်း ယာဉ်ရပ်နားခြင်းအား တစ်ဆင့်ပြီးတစ်ဆင့် ပိတ်ပင်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့အတွက် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအနေဖြင့် အထက်ဖော်ပြပါ ယာဉ်မရပ်ရနယ်မြေသတ်မှတ်ခြင်းအား တိကျစွာလိုက်နာကြရန်နှင့် မရပ်ရနယ်မြေများတွင် ယာဉ်များ ရပ်နားမှုမရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးကြေညာပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

✳ *ကျောဖုံးမှ*

ဆက်လက်၍ ဒုတိယသမ္မတသည် နိုင်ငံတကာအားကစားသမားများ တည်းခိုနေထိုင်လျက်ရှိသော အားကစားရွာ (Social Zone) ကို သွားရောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ အားကစားသမားများ ဝယ်ယူစားသုံးမှု အခြေအနေ၊ စားသောက်ဆိုင်များ ရောင်းချနိုင်မှုအခြေအနေ၊ နိုင်ငံတကာအားကစားသမားများ ငွေလဲလှယ်သုံးစွဲနိုင်ရန်အတွက် ငွေလဲဘဏ်များထားရှိပြီး ငွေလဲလှယ်သုံးစွဲမှုအခြေအနေ၊ နိုင်ငံတကာ အားကစားသမားများ အင်တာနက်၊ ဝိုင်ဖိုင်အခမဲ့သုံးစွဲနိုင်မှုအခြေအနေ စသည်တို့ကို လေ့လာကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၁၃၀၀ ပြည့် ချောက်ရေနံမြေ အလုပ်သမားအရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၁ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်)တွင် ကျင်းပသည့် ၁၃၀၀ ပြည့် ချောက်ရေနံမြေ အလုပ်သမားအရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၁၃၀၀ ပြည့် ရေနံမြေအလုပ်သမားအရေးတော်ပုံကြီးသည် ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့ပါကြောင်း၊ ရေနံမြေအလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိနိုင်ရေးအတွက် ရဲဝံ့စွန့်စားစွာတော်လှန်ခဲ့ကြသည်မှာ ယခုအခါ ၇၅ နှစ်တာကာလရောက်ခဲ့ပြီဖြစ်ပါကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ချောက်ရေနံမြေမှ ရန်ကုန်အထိ မိုင် ၄၀၀ ခရီးကို အဟန့်အတားအခက်အခဲများကျော်လွှားပြီး ခြေကျင်ခရီးချီတက်သပိတ်မှောက်ခဲ့ကြပါကြောင်း၊ သူတို့၏ ဇွဲ၊ သတ္တိ၊ စိတ်ဓာတ်များသည် အင်္ဂလိပ်အစိုးရကို တုန်လှုပ်စေခဲ့ပြီး အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများ ပါမကျန် စုစည်းညီညွတ်ခဲ့ကြသည်မှာ အလွန်ဂုဏ်ယူစရာကောင်းလှပါကြောင်း၊ ထိုသို့တိုက်ပွဲဝင်ခဲ့ကြသော သခင်၊ သခင်မကြီးများအား မမေ့မလျော့ဘဲ

## ပြည်တွင်းသတင်း

ဂုဏ်ပြုသည့်အနေဖြင့် စိန်ရတုအခမ်းအနားကို ယခုအခါ ကျင်းပဂုဏ်ပြုနိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ အဆိုပါ စွန့်လွှတ်စွန့်စားပုဂ္ဂိုလ်များမရှိကြတော့သော်လည်း ၎င်းတို့၏မျိုးဆက်များအား လက်ဆင့်ကမ်းပေးခဲ့ကာ လွတ်လပ်ပြီးငြိမ်းချမ်းသည့် အလုပ်သမားအကျိုး၊ တိုင်းပြည်အကျိုးပြုနိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် အမျိုးသားရေးနှင့် နိုင်ငံရေးနိုးကြားတက်ကြွမှုရှိသော ချောက်ရေနံမြေမှ ပြည်သူလူထုကြီးအား ဂုဏ်ပြုခြင်းနှင့်အတူ မျိုးဆက်သစ်များအနေဖြင့် ဒီမိုကရေစီအနှစ်သာရနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပွင့်လင်းမြင်သာပြီး လူတိုင်းလူတိုင်းမှတာဝန်ခံ၊ တာဝန်ယူ၍ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ငြိမ်းချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်သို့ ရောက်ရှိရေးဆက်လက်ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ၁၃၀၀ ပြည့် ချောက်ရေနံမြေ အလုပ်သမားအရေးတော်ပုံကြီး၏ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနားမှစတင်၍ ပြည်သူအတွက်၊ နိုင်ငံတော်အတွက်၊ ပြည်ထောင်စုအတွက် တစ်မျိုးသားလုံးစိတ်ကောင်း စေတနာမှန်ဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# မလေးရှားအမျိုးသားအသင်း လေးဂိုးသွင်းအနိုင်ယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ မလေးရှားနှင့်လာအိုအသင်းတို့ နေပြည်တော်ရှိ ဇေယျာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီက စတင်ယှဉ်ပြိုင်ကစားကြသည်။

မလေးရှားအသင်းသည်အဖွင့်ဂိုးစောစီးစွာသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၇ မိနစ်မှာပင် မလေးရှားမှ AHMAD HAZWAN BAKRI က လာအိုဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းယူခဲ့သဖြင့် မလေးရှားတို့ ဂိုးစတင်ရရှိခဲ့သည်။

မလေးရှားတို့ အဖွင့်ဂိုးရရှိခဲ့သဖြင့် ဂိုးများထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း လာအိုတို့က တည်တည်ငြိမ်ငြိမ် ဟန့်တားထိန်းချုပ်နိုင်ခဲ့သည်။ ထို့အပြင် အခွင့်အရေးရသည်နှင့်လာအိုတို့က ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း မလေးရှားခံစစ်မှူးများက အမှားအယွင်းနည်းစွာဟန့်တားနိုင်ခဲ့သည်။

လာအိုအသင်းသည် ကွင်းလယ်မှ တိုက်စစ်ကိုစတင်ရန် ကြိုးစားခဲ့ပြီး တောင်ပံတိုက်စစ်ကိုအားပြုခဲ့သည်။ ပွဲချိန် ၄၁ မိနစ်တွင် လာအိုမှ SOUKAPHONE VONG CHIENGKHAM က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီဖြစ်သွားခဲ့ပြီး ပထမပိုင်းပွဲချိန်အပြီးတွင် တစ်ဂိုးစီဖြစ်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်စတင်သည်နှင့် လာအိုအသင်းသည် ဘောလုံးပိုင်ဆိုင်မှုရှိရှိဖြင့် အပေးအယူမှန်မှန်ကစားခဲ့သော်လည်း မလေးရှားနောက်တန်းကို ထိရောက်စွာမကျော်ဖြတ်နိုင်ခဲ့

**မောင်မောင်မြင့်ဆွေ**

ချေ။ ပွဲချိန် ၄၈ မိနစ်တွင် မလေးရှားတို့ပြစ်ဒဏ်ဘောကန်သွင်းခွင့်ရခဲ့ရာ လာအိုဂိုးသမား ကာကွယ်နိုင်ခဲ့၍ မလေးရှားတို့ နစ်နာခဲ့ရသည်။

မလေးရှားတို့ တိုက်စစ်မြင့်တင်ပြီး ဂိုးရရှိရေးဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ လာအိုခံစစ်မှူးများ ခံစစ်ဇုန်အတွင်း ခုနစ်ဦး၊ ရှစ်ဦးအထိ ပိတ်ဆို့ကာကွယ်ခဲ့ရသည်။ ပွဲချိန် ၄၈ မိနစ်တွင် မလေးရှားမှ SAARVI NDRANDEVANDRN က ပြစ်ဒဏ်ဘော ကန်သွင်းခဲ့ရာမှ မလေးရှားတို့ ဒုတိယဂိုး ရရှိသွားခဲ့သည်။

လာအိုတို့ မလေးရှားတိုက်စစ်ကို ဟန့်တားရင်း ချေပဂိုးရရှိရေးအခွင့်အရေးကောင်းများရရှိခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ မလေးရှားတို့ ဆက်လက်တိုက်စစ်ဆင်ခဲ့ရာမှ ပွဲချိန်မိနစ် ၆၀ တွင် မလေးရှားမှ AHMAD HAZWAN BAKRI က တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် မလေးရှားတို့ တတိယဂိုးရရှိခဲ့သည်။

မလေးရှားတို့ကစားအားတင်ပြီး ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၈၇ မိနစ်တွင် မလေးရှားတို့ တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် ပွဲအပြီးတွင် မလေးရှားတို့က လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။



# ဆီးဂိမ်းပြိုင်ပွဲဝင် ဟော်ကီနှင့်ကမ်ပိုအားကစားသမားများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော ဟော်ကီနှင့်ကမ်ပိုအားကစားသမားများအတွက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်းရှိ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်တင်လတ်မင်းက ငွေကျပ် ၁၅ သိန်းအား ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကကြီးများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်ခင်အေးနွယ်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်အေးအေးခိုင်မြင့်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကကြီးများသည် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံအားကစားကွင်းရှိ ကမ်ပိုအားကစားအဖွဲ့ချုပ်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် လက်ရွေးစင် ကမ်ပိုအားကစားသမားများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အလှူငွေများ ပေးအပ်လှူဒါန်းရာ ကမ်ပိုလက်ရွေးစင်အားကစားသမားများက လက်ခံရယူခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

# မြန်မာဘောလုံးပရိသတ်ကြီးအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အထူးမေတ္တာရပ်ခံချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ၏ ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်း၏ ပွဲစဉ်များအား ကြည့်ရှုအားပေးလိုကြသည့် မြန်မာဘောလုံးပရိသတ် မိဘပြည်သူများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အထူးမေတ္တာရပ်ခံချက်တစ်ရပ် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အထူးမေတ္တာရပ်ခံချက်တွင် မြန်မာအသင်းပါဝင်ယှဉ်ပြိုင်သည့်ပွဲစဉ်များကို ရုပ်သံများမှသာမက ကိုယ်တိုင်ကိုယ်ကျ ကွင်းလုံးပြည့် လာရောက်အားပေးကြည့်ရှုခဲ့ကြသည့်အတွက် မိဘပြည်သူ ပရိသတ်ကြီးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာအသင်းယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘောဒီးယား၊ အရှေ့တီမောတို့နှင့်ပွဲစဉ်များတွင် မြန်မာအသင်းအနိုင်ရခဲ့ခြင်းမှာ မိဘပြည်သူပရိသတ်ကြီး၏ အားပေးမှုသည်လည်း အရေးပါသည့်ကဏ္ဍမှ ပါဝင်ပါကြောင်း၊ ကွင်းလုံးပြည့်ပရိသတ်ကြီး၏ "မြန်မာဟု" သံပြိုင်ကြွေးကြော်သံများနှင့် ဇာတိမာန်တက်ကြွဖွယ်ရာကောင်းသော အားပေးမှုများကြောင့် လှပသော ပွဲစဉ်များဖြစ်ခဲ့ရပြီး နိုင်ငံတကာမှ တိုက်ရိုက်ကြည့်ရှုအားပေးနေကြသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၊ မိမိတို့ဆီးဂိမ်းဘောလုံးပွဲစဉ်များကို လေးစားတန်ဖိုးထားအသိအမှတ်ပြုကြမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မိဘပြည်သူပရိသတ်များ အဆင်ပြေချောမွေ့စွာ ကြည့်ရှုအားပေးနိုင်ရေးကို အဓိကဦးတည်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်ပွဲစဉ်များသည် မြန်မာယူ-၂၃ အသင်းအတွက် အရေးကြီးသည့် ပွဲစဉ်များဖြစ်သည့်အတွက် ဘောလုံးပရိသတ်များ ပိုမိုစိတ်ဝင်တစား အားပေးကြမည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ထိုသို့မျှော်လင့်ထားသည့်အတိုင်းပင် မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်အတွက် လက်မှတ်ရောင်းချရာနေရာများသို့ လာရောက်လက်မှတ်ဝယ်ယူသူမိဘပြည်သူပရိသတ် အရေအတွက်ကို မြင်တွေ့ရသည်မှာ အားရစရာကောင်းလှန်းလှပါကြောင်း၊ ပရိသတ်များ၏ မြန်မာအသင်းကို ကွင်းအတွင်း ဝင်ရောက်၍ အားပေးရန် ပင်ပင်ပန်းပန်း လက်မှတ်ဝယ်ယူနေကြခြင်းကိုလည်း အထူးပင်အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သုဝဏ္ဏအားကစားကွင်း၏ ပရိသတ်ဝင်ဆံ့မှုနှုန်းဖြစ်သည့် ပရိသတ်ဦးရေ ၃၀၀၀၀ အတွက်သာ လက်မှတ်များကို ရောင်းချနိုင်မည်ဖြစ်ပြီး ထိုအရေအတွက် ၃၀၀၀၀ ထက်ကျော်လွန်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်မှတ်ရောင်းချနိုင်ခြင်း မရှိသည်ကိုလည်း မိဘပြည်သူပရိသတ်များမှ နားလည်သည်းခံခွင့်လွှတ်ပေးစေလိုပါကြောင်း။

သို့သော် လက်မှတ်မရရှိသူ မိဘပြည်သူပရိသတ်များအတွက် ကွင်းပြင်ပတွင် LED Board ဖြင့် အတူတကွ ကြည့်ရှုအားပေးနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ပေးထားပါကြောင်း၊ ကွင်းအတွင်းဝင်ရောက်အားပေးနိုင်ခြင်းမရှိသည့် မိဘပြည်သူပရိသတ်များအနေဖြင့် LED Board တွင် ပျော်ရွှင်စွာ အားပေးကြည့်ရှုရင်း ဆီးဂိမ်းအောင်မြင်မှုအတွက် မိဘပြည်သူပရိသတ်များဘက်မှလည်း တစ်ဖက်တစ်လမ်းမှ ကူညီပါဝင်ပေးကြပါရန် အထူးပင်မေတ္တာရပ်ခံလိုပါကြောင်း၊ မိဘပြည်သူပရိသတ်များ၏ မြန်မာအသင်းကို အားပေးလိုစိတ်ဖြင့် လက်မှတ်ရရှိရန် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရမှုများအပေါ် လေးစားစွာ အသိအမှတ်ပြု အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လက်မှတ်မရရှိသော မိဘပြည်သူပရိသတ်များအားလုံးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အနူးအညွတ်တောင်းပန်ပါကြောင်းဖြင့် အထူးမေတ္တာရပ်ခံချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးပိုက်ကျော်ခြင်း ငွေတံဆိပ်ဆွတ်ခူး အမျိုးသားအသင်း ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့သည် ထိုင်းအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့နှင့် ယနေ့နံနက်ပိုင်းက ဆီးဂိမ်းပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့သည် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အမျိုးသမီးပိုက်ကျော်ခြင်း သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ထိုင်းအမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို သုံးပွဲပြတ်ဖြင့် နိုင်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးသွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှား



ငွေတံဆိပ်ဆုရ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့အား တွေ့ရစဉ်။

**သတင်း-မောင်ရွှေရိုး**
**ဓာတ်ပုံ-မောင်ကျော်ကြီး**

နှင့်မလေးရှားတို့က ပူးတွဲကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

အမျိုးသား ပိုက်ကျော်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာနှင့်ထိုင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ထိုင်းက သုံးပွဲပြတ်ဖြင့် နိုင်ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သည်။ အင်ဒိုနီးရှားက မလေးရှားကို နှစ်ပွဲတစ်ပွဲဖြင့်နိုင်ပြီး ဒုတိယငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနှင့်မလေးရှားက ပူးတွဲကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ပိုက်ကျော်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တစ်နိုင်ငံလျှင် ကစားသမားသုံးဦးစီပါဝင်သည့် ပြိုင်ပွဲပေါင်းသုံးပွဲစီကစားခဲ့ရသည်။ မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအဖွဲ့သည် ယမန်နေ့က နှစ်နိုင်ငံကို အနိုင်ကစားနိုင်ခဲ့၍ နောက်ဆုံး ထိုင်းနိုင်ငံ အမျိုးသမီးအသင်းနှင့်ဗိုလ်လုကစားခဲ့ရသည်။

ပြည်တွင်းသတင်း

# ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် (၀၆း၀၀)မှ (၀၉း၀၀)နာရီအတွင်း GSM နှင့် CDMA ဖုန်းများ လိုင်းပြတ်တောက်ခြင်း၊ ဆက်သွယ်၍မရခြင်းများအား ဆက်သွယ်ရေးလိုင်းများ အချိန်မရွေးကောင်းမွန်စေရန် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပေါင်မြို့နယ်တွင် GSM စခန်းငါးခုနှင့် CDMA-450 စခန်းတစ်ခု တပ်ဆင်အသုံးပြုလျက်ရှိပါသည်။ ကနဦး စစ်ဆေးချက်များအရ သုံးစွဲနိုင်မှု ပမာဏထက် ကျော်လွန်သုံးစွဲခြင်းမရှိသော်လည်း လိုင်းကျပ်နေခြင်းအား စက်မှုပိုင်းဆိုင်ရာ ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်ပေးသွားပါမည်။ အဝေးလိုင်းဖိုင်ဘာဆက်ကြောင်းများကိုလည်း ချွတ်ယွင်းမှုနည်းပါးစေရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထပ်မံ၍ ပေါင်မြို့တွင် MECTel CDMA-800 MHz စခန်းတစ်ခုတည်ဆောက်ရန် အစီအစဉ်ရှိပါသဖြင့် မိုဘိုင်းဖုန်းသုံးစွဲမှုမျှတသွားမည်ဖြစ်ပြီး ဆက်သွယ်မှု အဆင်ပြေလာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ကျိုက်ထိုမြို့နယ်အတွင်း ပြည်သူလူထုအနေဖြင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် အင်တာနက်လိုင်းများ မြန်ဆန်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ အင်တာနက်သုံးစွဲမှုအနေဖြင့် မိုဘိုင်းဖုန်းများဖြင့်လည်း သုံးစွဲနိုင်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျိုက်ထိုမြို့၌ ၂၄ လိုင်းပါ ADSL အင်တာနက်စနစ် တပ်ဆင်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ သထုံမြို့နယ်အတွင်း ADSL အင်တာနက် ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ရေး မေးမြန်းချက်နှင့် စပ်လျဉ်း၍ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့တွင် လက်ရှိ ADSL ၄၈ လိုင်း တပ်ဆင်အသုံးပြုလျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် ခရိုင်အဆင့် မြို့ကြီးများအား ADSL စနစ်တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ သထုံမြို့တွင် ထပ်မံ၍ ADSL ၄၈ လိုင်း DSLAM တစ်ခုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ ရေးမြို့၌ အင်တာနက်လိုင်းများကောင်းသည့်အတွက် နည်းပညာနှင့် စက်ပစ္စည်းများ ဖြည့်ဆည်းပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍ အင်တာနက်လိုင်းနှင့် စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရေးမြို့တွင် ၂၄လိုင်းပါ ADSL DSLAM တစ်ခုတပ်ဆင်ပေးရန် လျာထား ဆောင်ရွက်လျက်ရှိပါသည်။ GSM (2.75 G) မိုဘိုင်းဖုန်း Internet လိုင်းများကို အဆင့်တိုးမြှင့်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ 3G UMTS မိုဘိုင်းဖုန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မိုဘိုင်းငါးသန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ ရေးမြို့၊ ကလိန်စေ့တောင်တွင် CDMA 800 MHz စက်များ တပ်ဆင်ရန်အတွက် တာဝါတိုင်၊ ဝန်ထမ်းအိမ်ရာ၊ စက်တပ်ဆင်မည့် အဆောက်အအုံများ ပြီးစီးသော်လည်း စက်တပ်ဆင်နိုင်ခြင်းမရှိသေးသည့်အတွက် CDMA 800 MHz ကျပ် ၁၅၀၀ တန်ဖုန်းလိုင်းများ သုံးစွဲရသည်မှာ အဆင်မပြေသည့်အတွက် စက်တပ်ဆင်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရေးမြို့ MECTel CDMA 800 MHz စနစ်ဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၄ ခုနှစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် CDMA 800 MHz တန်ဖိုးနည်းဖုန်းစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ သထုံမြို့သည် ခရိုင်မြို့ဖြစ်ပြီး ကုန်စည်စီးဆင်းမှု အလွန်များပြားသဖြင့် အန္တရာယ်များကင်းရှင်းစေရေးအတွက် မြို့ရှောင်လမ်း ဖောက်လုပ်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်-မော်လမြိုင်လမ်း မိုင် ၁၄၇/၀ မှ ညာဘက်သို့ခွဲထွက်ပြီး မိုင် ၁၅၃/၀ တွင် လမ်းဟောင်းနှင့်တွေ့ဆုံမည့် သထုံမြို့ရှောင်လမ်းအပိုင်း ၆ ဒသမ၁၆ မိုင် လမ်းအူကြောင်းတိုင်းတာပုံထုတ်ခြင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်း၊ မိုင် ၁၅၁/၂-၃မှ ဘယ်ဘက်သို့ ခွဲထွက်ပြီး သထုံ-ဘားအံလမ်း မိုင် ၂/၄ တွင်တွေ့ဆုံမည့် သထုံမြို့ရှောင်လမ်း ၃ဒသမ၂ မိုင် လမ်းအူကြောင်းတိုင်းတာပုံထုတ်ခြင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(လမ်းပုံထုတ်)မှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ အဆိုပါမြေနေရာများသည် လယ်မြေ၏ အလယ်တည့်တည့်တွင် ကျရောက်နေပါ၍ လယ်မြေလုပ်ကိုင်သူများ မိသားစုစားဝတ်နေရေးအတွက် များစွာဒုက္ခရောက်မည်ဖြစ်သဖြင့် လယ်မြေဆုံးရှုံးမှုနည်းပါးသည့်လမ်းကြောင်းကို ရွေးချယ်ဖောက်လုပ်စေလိုပါကြောင်း၊ ဒေသခံလယ်မြေလုပ်ကိုင်သူများမှ တင်ပြထားကြောင်းလည်းသိရှိရပါသည်။ သို့ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဘားအံမှ ရန်ကုန်ဆက်သွယ်သည့် လမ်းအူကြောင်းသစ်ကို ထပ်မံစဉ်းစားဆောင်ရွက်စေမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ ယခုလက်ရှိ သံဖြူဇရပ်-ရေးလမ်းသည် ကျဉ်းမြောင်းနေသည့်အတွက် ကားကြီးနှစ်စီး ရှောင်တိမ်းရန် ခက်ခဲနေပါသည်။ လမ်းများလည်း မကောင်းပါ။ ပျက်စီးနေပါသည်။ ထို့ကြောင့် ၄င်းလမ်းအား ၁၂ ပေမှ ၁၈ ပေ အကျယ် လမ်းချဲ့ပေးရန်နှင့် ပျက်စီးနေသော လမ်းများပြုပြင်ပေးရန် မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ခရိုင်မှ တာဝန်ယူဆောင်ရွက်သည့် ရန်ကုန်-မြိတ်လမ်း-သံဖြူဇရပ်-ရေး- မလွဲတောင်အပိုင်းမှာ ၇၅မိုင် ၆ ဖာလုံ၊ မိုင် ၆၀ ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၆၀ ဒသမ ၀ သန်းဖြင့် ၁၃ မိုင် ၂ ဖာလုံ အရှည်အား ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခင်း၍ မူလ ၁၂ ပေအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ ၁၂ မိုင် ၄ ဖာလုံ၊ ပေ ၄၀ အကျယ်ရှိရန် မြေသားတာပေါင်လုပ်ငန်း ၁ မိုင် ၆ ဖာလုံနှင့် သံကူကွန်ကရစ်ရေထွက်ပေါက် ၁၆ စင်း ဆောင်ရွက်ရန်လျာထားပါသည်။ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းမှာ ၂၀ ရာခိုင်နှုန်းခန့်နှင့် သံကူကွန်ကရစ် ရေထွက်ပေါက် ၁၀ စင်း ဆောင်ရွက်ပြီးဖြစ်ပါသောကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်ကုန်ချိန်တွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ရန် မိုင် ၆၀ အနက်မှ စုစုပေါင်းအရှည် ၂၅ မိုင် ၆ ဖာလုံ ဆောင်ရွက်ပြီးမည်ဖြစ်ပါသည်။ နှစ်စဉ်ရရှိရန်ပုံငွေဖြင့်လည်း လမ်းတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ မုဒုံမြို့နယ် အဘစ်-တံခွန်တိုင်လမ်းပေါ်ရှိ ပျက်စီးနေသော ပေ ၅၀ အထက် သစ်တားတံတား ခြောက်စင်းကို ပြုပြင်တည်ဆောက်ပေးရန် မေးမြန်းချက်နှင့် စပ်လျဉ်း၍ မုဒုံမြို့နယ် အဘစ်- တံခွန်တိုင်လမ်းပေါ်ရှိ ပျက်စီးနေသော ပေ ၅၀ အထက်သစ်သားတံတား (ပေါင်စောက်)ချောင်းသည် မြေခံနိုင်ဝန်အား စမ်းသပ်ထားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် ဒီဇိုင်းတင်ပြတောင်းခံထားပြီး ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပေ ၅၀ အောက် သစ်သားတံတားခြောက်စင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ထားရန် လျာထားပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ မော်လမြိုင်-ရန်ကုန်-မော်လမြိုင်-ထားဝယ် ရထားလမ်းပိုင်းများ အဆင့်မြှင့်ပြုပြင်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍-

(၁) ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ရထားလမ်းအဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း မွန်ပြည်နယ်အတွင်းရှိ စစ်တောင်းတံတားမှ မော်လမြိုင်ထိ လမ်းပိုင်းတွင် ကွန်ကရစ်ဇလီဖားတုံး ၂၂၈၀၀၀ ဖြည့်တင်း၍လျာထားရာ ၂၁၀၀၀၀ တုံး ဖြည့်တင်းပြီးဖြစ်၍ ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ကျန် ၁၈၀၀၀ တုံးကို ဆက်လက်ဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ယခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းခင်းကျောက် လမ်းပိုင်းအတွင်း ဖြည့်တင်းရန် ၁၀၀၀၀ ကျင်း လျာထားခဲ့ရာ ၅၉၀၀ ကျင်းဖြည့်တင်းထားပြီးဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော သံလမ်းဆက်ညှိခြင်း၊ တောက်လျှောက်ပါကင်ရိုက်ခြင်းများကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် တောင်စွန်း-နှင်းပုလဲဘူတာကြား လေးချောင်းဆက်သံလမ်း ဂဟေဆော်ခြင်းလုပ်ငန်းကို လမ်းပိုင်းကြံ့ခိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါ လုပ်ငန်းများအပြင် စစ်တောင်း-မော်လမြိုင် လမ်းပိုင်းရှိ ဘူတာယာဒ်ဝင်းလမ်းများကို ကွန်ကရစ်ဇလီဖားဖြည့်တင်းခြင်းဖြင့် လမ်းပိုင်းပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) မော်လမြိုင်မှ ရေးအထိ လမ်းပိုင်းတွင် ကွန်ကရစ်ဇလီဖားဖြည့်တင်းရန် ၂၁၃၉၅၂ တုံးလျာထားပြီး ၁၄၁၉၅၂ တုံးဖြည့်တင်းထားပြီးဖြစ်၍ ကတ် ၇၂၀၀၀ တုံးအား ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် ဦးစားပေးပြုပြင်ခြင်းအနေဖြင့် မော်လမြိုင်-သံဖြူဇရပ်ဘူတာကြားလမ်းပိုင်းအား ပထမဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တံတားအဝင်/အထွက် လမ်းပိုင်းများနှင့် ကွေ့လမ်းပိုင်းများတွင် လမ်းပိုင်းကြံ့ခိုင်ရေးအတွက် ကွန်ကရစ်ဇလီဖားဖြည့်တင်း၍ ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်လမ်းပိုင်းဖြစ်သော သံဖြူဇရပ်မှ လမိုင်းထိ လမ်းပိုင်းအား ဒုတိယဦးစားပေးအနေဖြင့်လည်းကောင်း၊ လမိုင်းမှ ရေးထိ လမ်းပိုင်းကို တတိယဦးစားပေးအဖြစ်လည်းကောင်း ၂၀၁၃-၂၀၁၄ ဖြည့်စွက်ဘဏ္ဍာငွေအတွင်း ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) ရေးမှ ထားဝယ်အထိ လမ်းပိုင်းတွင် အဆင့်မြှင့်ပြုပြင်ခြင်းအနေဖြင့် ချောင်းတောင်-ကိုးမိုင်လမ်းပိုင်း၊ မင်းသား-ဂန့်ဂေါတောင်လမ်းပိုင်း၊ ရေဖြူ- ထားဝယ်လမ်းပိုင်း စသည့် လမ်းပိုင်း-သုံးခုကို ကွန်ကရစ်ဇလီဖား ၂၅၃၅ တုံး လျာထားပြီး ၉၉၆၆ တုံးဖြည့်တင်းထားပြီးဖြစ်ပါသည်။ ထို့ပြင် လမ်းပိုင်းကြံ့ခိုင်မှုရှိစေရေးအတွက် ကွေ့လမ်းပိုင်းများအား ကွန်ကရစ်ဇလီဖားတုံးလဲလှယ်ပြီး လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ရေးမြို့နယ်၌ ကွမ်းသီးများ အထွက်နှုန်းကောင်း၍ကွမ်းရာသီတွင် ရထားများအနေဖြင့် ကွမ်းကို သယ်ယူပို့ဆောင်နိုင်လျှင် နိုင်ငံတော်နှင့် ဌာနအတွက် အကျိုးရှိမည်ဖြစ်ပါ၍ မြန်မာ့မီးရထားမှ နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်စပ်လျဉ်း၍ လက်ရှိတစ်တန် တစ်မိုင် ၄၅ ကျပ်နှုန်းထားဖြင့် သယ်ယူလျက်ရှိပါသည်။ Market Sharing ရရှိရေးအတွက် ကားများနှင့် ယှဉ်ပြိုင်နိုင်ရန် ရထားနှင့် ပုဂ္ဂလိကပူးပေါင်းမှုအစီအစဉ် Public Private Partnership ဖြင့် ပြေလည်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ**

# လမ်းပေါ်တွင်ချထားသောမည်သည့်ပစ္စည်းမဆို အမှိုက်အဖြစ်သိမ်းဆည်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

လမ်းပေါ်ချထားသည့် မည်သည့်ပစ္စည်းမဆို အမှိုက်အဖြစ် သိမ်းဆည်းမည်ဆိုသော စာသားပါဝင်သော ဗီနိုင်းအနီများကို ပန်းဘဲတန်းမြို့နယ်ရှိ သိမ်ကြီးဈေး (B)ရုံ၊ (C)ရုံ၊ မဟာဗန္ဓုလလမ်းမျက်နှာစာရှိ သံဆန်ခါတန်းများတွင် ချိတ်ဆွဲထားသည်ကို မြင်တွေ့နေရကြောင်း ဒီဇင်ဘာ ၁၂ ရက်တွင် အဆိုပါနေရာမှ ဖြတ်သန်းသွားလာသူများက ဆိုသည်။ **(အောက်ယာပုံ)**

လမ်းပေါ်ပစ္စည်းများ ချထားမှု၊ ဈေးတည်ခင်းရောင်းချမှု များပြားသော လသာမြို့နယ်အပါအဝင် လမ်းမတော်မြို့နယ်တွင်မူ ယင်းဗီနိုင်းများ ချိတ်ဆွဲထားခြင်းမရှိသေးကြောင်း အဆိုပါမြို့နယ်များတွင် နေထိုင်သူများက ဆိုသည်။

သိမ်ကြီးဈေး (B)ရုံရှေ့ သံဆန်ခါတန်းပေါ်တွင် ယင်းတားမြစ်စာတန်း ချိတ်ဆွဲထားခြင်း၊ ယင်းနေရာဝန်းကျင်တွင် သက်ဆိုင်ရာဝန်ထမ်းများ ရှိနေခြင်းကို မြင်တွေ့ရသော်လည်း စာတန်းအနီးမှာပင် ကုန်ပစ္စည်းများ စုပုံထားသည်ကို မြင်တွေ့ရဆဲဖြစ်ရာ စာတန်းပါ အချက်အလက် စာသားများ အသက်ဝင်မှုမရှိသေးကြောင်း မြင်တွေ့ရသူများက ဆိုသည်။



ရန်ကုန်မြို့လယ်တွင် အမှိုက်မပစ်ရ၊ အညစ်အကြေးမစွန့်ရ၊ ကားလမ်းမနှင့် လူသွားစင်္ကြံပေါ်တွင် မီးအသုံးမပြုရ၊ ဟွန်းမတီးရစာတန်းများ၊ ဖြူနီကျားသင်္ကေတများ၊ မျဉ်းကျားသင်္ကေတများ၊ မိုင် ၂၀ သင်္ကေတများ၊ မှတ်တိုင် မျဉ်းဝါကွက်များ စသည်ဖြင့် အများပြည်သူလိုက်နာရန် ရေးဆွဲခြင်း၊ စိုက်ထူကြေညာခြင်းများ ပြုလုပ်ထားသော်လည်း လိုက်နာမှုအားနည်းနေကြောင်း၊ သို့ဖြစ်ရာ အများပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်လာရန် စာတန်းများပါ စာသားများ အဓိပ္ပာယ်ရှိရှိ အသက်ဝင်လာစေရန် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ရန် လိုအပ်နေကြောင်း၊ စာတန်းများ၊ သင်္ကေတများ၊ သိသာရန် စိုက်ထူရေးဆွဲထားခြင်းဖြင့် မလုံလောက်ကြောင်း ရန်ကုန်မြို့နေသူများက ဆိုသည်။

ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်တွင် ခုံးကျော်တံတားပေါ်မှသာ ဖြတ်သန်းရန် ဖြစ်သော်လည်း ယခုအခါ နေ့အချိန်မှာပင် ဆူးလေဘုရားလမ်းပေါ်မှ ဖြတ်သန်းမှု မြင်တွေ့ကြရပြီး အရေးယူမှုအားနည်းသဖြင့် လူအချို့၏ စိတ်ဝယ် ဖြတ်သန်းခွင့်ရှိသည်ဆိုသော စိတ်ဓာတ်မျိုး ရှိလာနေကြောင်း၊ လူအများစောင့်ထိန်းရမည့် ကျင့်ဝတ်များကို လူတစ်ဦးချင်းစီ လိုက်နာစောင့်ထိန်းရန် စာတန်း၊ သင်္ကေတ များများ ရေးဆွဲ စိုက်ထူရုံသာမက အရေးယူမှုအပိုင်းပါ တစ်ပြေးညီ လုပ်ဆောင်သင့်သည်ဟု လမ်းအသုံးပြုသူများက ဆိုသည်။

**ခင်ဆိုင်**

## အများပြည်သူသို့အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ ၂၃၀ ကေဗွီဓာတ်အားခွဲရုံရှိ ၂၃၀/၃၃ ကေဗွီ အမှတ်(၂) ၁၀၀ အမ်ဗွီအေထရန်စဖော်မာ၏ ၃၃ ကေဗွီအတွက် ဓာတ်အားလိုင်းကြိုးမှာ လွန်းဖွာနေ၍ ပြုပြင်ခြင်းလုပ်ငန်းအား ၁၄-၁၂-၂၀၁၃ ရက်နေ့ ည ၂၄း၀၀ နာရီမှစတင်၍ ၀၁း၀၀ နာရီ အထိ တစ်နာရီကြာ ဓာတ်အားပိတ်၍ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ၁၄-၁၂-၂၀၁၃ ရက်နေ့ ၂၄း၀၀ နာရီမှ ၀၁း၀၀ နာရီအထိ တစ်နာရီကြာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါ၍ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၄-၁၂-၂၀၁၃ ရက်တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ပုဇွန်တောင်၊ တာမွေ၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ဗိုလ်တထောင်၊ ဒဂုံ(အရှေ့)၊ မရမ်းကုန်း၊ လှိုင်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ကျောက်တန်း၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀နာရီမှ ၁၇း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၁၅-၁၂-၂၀၁၃ ရက်တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ တောင်ဥက္ကလာပ၊ အလုံ၊ ကျောက်တန်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၇း၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

# ခုတင် ၁၀၀ ဆံ့ ဆေးရုံတိုးမြှင့်ဖွင့်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၁၃**

ရွှေဘိုခရိုင် ရေဦးမြို့ ပြည်သူ့ဆေးရုံ ခုတင် ၅၀ မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက အဆိုပါပြည်သူ့ဆေးရုံ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညိုဝင်းနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဆေးရုံအဆင့်တိုးမြှင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးထွန်းက ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အလှူရှင်များက အလှူငွေများပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး မြို့မိ မြို့ဖ ဦးစံဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဦးမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၌ စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ၊ မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာပေဖတ်ရှုလေ့လာပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**ပေးအပ်**

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အလှူရှင်များက မီဒီယာပစ္စည်းများ လှူဒါန်းကြရာ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိများက လက်ခံခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က "ကလေးကမှ လူကြီးဖြစ်တာ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးအုန်း မောင်(မြင်းမူမောင်နိုင်မိုး)က "ဘဝထဲမှကဗျာ၊ ကဗျာထဲမှဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကျန်းမာရေးအသိပညာပေး ဟောပြောကွင်းဆင်းစစ်ဆေးကုသ

**ကန်ပက်လက် ဒီဇင်ဘာ ၁၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျန်းမာရေး အသိပညာပေး ဟောပြောကွင်းဆင်းဆေးကုသခြင်း ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာ ဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဝတ်ရည်ဝင်းက မြန်မာတိုင်းရင်းဆေးအကြောင်း သိကောင်းစရာများ၊ ရာသီအလိုက်ဖြစ်တတ်သည့်ရောဂါများ၊ မြန်မာဆေးစွမ်းကောင်းများအကြောင်းကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ လူငယ်သင်တန်းကျောင်းရှိ ကျောင်းသားပေါင်း ၁၀၈ ဦးကို စမ်းသပ်ပြီး မြန်မာ့တိုင်းရင်းဆေးနည်းပညာဖြင့် လက်တွေ့ကုသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မန္တလေးမြို့၌ ဒစ်ဂျစ်တယ်မီးပွိုင့်တပ်ဆင်

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးမြို့ ကျုံးအနောက်တောင်ထောင့်ရှိ လမ်း ၈၀ နှင့် ၂၆ လမ်းဆုံတွင် မန္တလေးမြို့၏ ပဌမမြောက် ဒစ်ဂျစ်တယ်မီးပွိုင့်ကို စတင်အသုံးပြုလျက်ရှိကြောင်း တွေ့ရသည်။

လမ်း ၈၀ သည် ယာဉ်အသွားအလာများသော လမ်းဖြစ်ပြီး ၂၆ လမ်းသည် မန္တလေးမြို့ အရှေ့ပိုင်းရပ်ကွက်များနှင့်အနောက်ပိုင်းရပ်ကွက်များကို ပိုင်းခြားထားသော မန္တလေးဘူတာကြီး၏ မြောက်ဘက်ဆုံးတွင်ရှိပြီး ယင်း၏မြောက်ဘက်တွင် ကျုံးနှင့်မြို့ရိုးများသာရှိတော့၍ အသွားအလာ အလွန်များသော လမ်းတစ်လမ်းဖြစ်သည်။

ယခင် ရိုးရိုးမီးပွိုင့်အသုံးပြုစဉ်က မီးပွိုင့်တွင် တည့်တည့်သွားလိုသောယာဉ်များနှင့် ဘယ်သို့ချိုးကွေ့လိုသော ယာဉ်များ လမ်းကြောင်းဦးရန် အပြိုင်မောင်းနှင်လေ့ရှိရာ အချင်းချင်းထိပ်တိုက်တွေ့ဆုံပြီး ယာဉ်သွားလာမှုများ နှောင့်နှေးကြန့်ကြာလေ့ရှိသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်လမ်းညွှန် ပြသရလေ့ရှိသည်။

ယခုတပ်ဆင်အသုံးပြုလျက်ရှိသော ဒစ်ဂျစ်တယ်မီးပွိုင့်များတွင် ဘယ်သို့ချိုးကွေ့ခြင်း၊ ရှေ့တည့်တည့်သွားခြင်းများအတွက် သီးခြားစီအချိန်ပေး၍ လမ်းညွှန်ပြသခြင်းဖြစ်၍ ထိပ်တိုက်တွေ့ဆုံမှုမရှိကြောင်း တွေ့ရသည်။

ဒစ်ဂျစ်တယ် မီးပွိုင့်တွင် ဖြတ်သန်းမောင်းနှင်မည်ဆိုပါက မိမိသွားလိုသော လမ်းကြောင်း၏ယာဉ်ကြောအမှန်သို့ ဝင်ရောက်မောင်းနှင်ရန် အထူးလိုအပ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

**အေးမြ(မန္တလေး)**

# သုံးခွမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေး အစာဆိုင်လုပ်ငန်းများ၊ မွေးမြူရေးကို စိတ်ပါဝင်စားသူများတွေ့ဆုံ၍ သုံးခွမြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက အမှတ် (၉) ရပ်ကွက် တိုက်တန်းလျားရှိ နေလဆိုင်ခန်းအပေါ်ထပ်၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထိုတွေ့ဆုံပွဲသို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစော၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်း အလုပ်အမှုဆောင် ဦးသန်းထွန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သုံးခွမြို့နယ်ဦးစီးမှူး ဦးစိုးပိုင်တို့ တက်ရောက်ကြ၍ ဥက္ကဋ္ဌဦးစန်းအောင်ပါဝင်သော အလုပ်အမှုဆောင် ၁၁ ဦးဖြင့် သုံးခွမြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါ သည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**စက်ပစ္စည်းများဝယ်ယူရန်အတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက်အရ အောက်ဖော်ပြပါစက်ပစ္စည်းများအား ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) **ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ**

| | | | |
|---|---|---|---|
| 1. | 70 Meter Guyet Tower | 1 | Set |
| 2. | 30 KVA Generator (FG Wilson) | 1 | Set |
| 3. | Tape and Disc | | |
| (a) | CD RW Rewriteable CD with Box | 100 | Nos |
| (b) | CD R Recordable CD with Box | 4100 | Nos |
| (c) | Cassette Tape (C-60) | 1500 | Nos |
| 4. | TV Spare Part | | |
| (a) | UTV 020 TR (PA Driver for AGBE) | 5 | Nos |

(ခ) **ရုံးသုံးစက်ကိရိယာပစ္စည်းများ**

| | | | |
|---|---|---|---|
| 1. | Head Set (Ear Phone) | 20 | Set |
| 2. | Floor Standing Type Aircon(5 Ton, 400 V, 3Ø, 50 Hz) | 8 | Set |
| 3. | Floor Standing Type Aircon(3.5 Ton, 400 V, 3Ø, 50Hz) | 2 | Set |
| 4. | Dehumidifier (20Lit/day) | 20 | Set |
| 5. | Compressor(Carrier, 06ET-299-360)(Semi Hermastic Type) | 2 | Nos |
| 6. | Compressor(Carrier, 06ET-265-360)(Semi Hermastic Type) | 2 | Nos |
| 7. | 250 KVA Stand by Generator(Open type) (FG Wilson) | 1 | Unit |
| 8. | 100 KVA Generator (Sound proof type) (FG Wilson) | 1 | Unit |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော် (တပ်ကုန်း)**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ခရေလမ်း၊ မြေကွက်အမှတ်(၇၅၈)၊ မြေဧရိယာအကျယ်အဝန်းပေ(၄၄×၆၀)ပေါ်ရှိ အိမ်ခြံမြေ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ် ၆၀ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းကြိုင်၏ သမီး ဒေါ်ရီရီအေး ၁၂/မရက(နိုင်)၀၀၀၄၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းဆွေ LL.B** — **အထက်တန်းရှေ့နေ(စဉ်-၃၇၈၃၈)**
**ဒေါ်အေးအေးမြင့် B.A,H.G.P** — **အထက်တန်းရှေ့နေ(စဉ်-၁၄၅၀၆)**
**အမှတ်(၁၂၂၄)၊ အနော်ရထာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၁၁၂၃၈၄၀၊ ၀၉-၂၅၀၁၅၇၁၃၂**

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်**
**လေအေးပေးစက်များပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ
(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှ ၂၁-၁၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁**



# ပီတန်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ မြန်မာရွှေဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပီတန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက်က နေပြည်တော် အားကစားရွာ ပီတန်းအားကစားရုံ၌ ကျင်းပရာ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ကမ္ဘောဒီးယားကို မြန်မာက ၁၃ မှတ်-၇ မှတ်ဖြင့်အနိုင်ရရှိကာ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပြီး အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ၁၃ မှတ်-၇ မှတ်ဖြင့် နိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

"အမျိုးသမီးအသင်းက မျှော်မှန်းတဲ့အတိုင်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါပြီ။ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲမှာတော့ ထိုင်းကအနိုင် ရရှိခဲ့ပါတယ်။ ဆက်လက်ပြီး မနက်ဖြန်မှာ အုပ်စုပြိုင်ပွဲတွေ ကျင်းပသွားမယ်" ဟု မြန်မာပီတန်းအားကစား အသင်းအုပ်ချုပ်သူ ကိုနေမျိုးလွင်က ပြောကြားသည်။

ဒီဇင်ဘာ ၁၃ ရက် ညနေက ပီတန်းအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရရှိသည့် မြန်မာအသင်းနှင့် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရရှိသည့် ထိုင်းအသင်းတို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံ ပီတန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ကမ္ဘောဒီးယားနိုင်ငံ ပီတန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံပီတန်းအသင်းအုပ်ချုပ်သူတို့က ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပီတန်းအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ ရက်တွင် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲများ၏ ပတ်လည်ပြိုင်ပွဲစဉ်များကို နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ နေပြည်တော် အားကစားရွာ ပီတန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

**ခင်ရတနာ**

**ပြည်တွင်းသတင်း**

# မြန်မာဘိလိယက်နှင့် စနူကာအမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲ ပွဲဦးထွက်တွင် ရွှေတံဆိပ်ဆွတ်ခူး

**သတင်း-သိမ့်သိမ့်မိုး**
**ဓာတ်ပုံ-သူရ(တောင်ငူ)**

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၌ ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဝဏ္ဏသိဒ္ဓိအားကစား ကွင်းဘိလိယက်နှင့် စနူကာ အားကစားခန်းမ၌ စတင်ကျင်းပခဲ့ပြီး ဗိုလ်လုပွဲတွင် မြန်မာအသင်းမှ စနူကာ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

အဆိုပါ အားကစားနည်းတွင် ဘိလိယက်၊ စနူကာ၊ Pool နှင့် Carom စသည့်အားကစားနည်းလေးမျိုးရှိပြီး နိုင်ငံပေါင်း ကိုးနိုင်ငံဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာအသင်း အနေဖြင့် ဘိလိယက်တွင် အမျိုးသားလေးဦး၊ စနူကာတွင် အမျိုးသားလေးဦး၊ Carom တွင် အမျိုးသားနှစ်ဦး၊ Pool တွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ကစားသမား ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအားကစားနည်းလေးမျိုးအနက် စနူကာ၊ Carom နှင့် Pool အားကစားနည်းများကို ယနေ့နံနက် ၁၀ နာရီက တစ်ပြိုင်နက်တည်းကျင်းပခဲ့ပြီး စနူကာ အမျိုးသားနှစ်ယောက်တွဲ ကွာတားဖိုင်နယ် ပြိုင်ပွဲ၌မြန်မာအသင်းက ဗီယက်နမ်အသင်းကိုလည်းကောင်း၊ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကိုလည်းကောင်း၊ မလေးရှားအသင်းက အင်ဒိုနီးရှားအသင်းကိုလည်းကောင်း၊ စင်ကာပူအသင်းက လာအိုအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့သည်။ Carom အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို အနိုင်ရရှိပြီး Pool အမျိုးသမီးတစ်ဦးချင်းပွဲတွင်လည်း အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို အနိုင်ရရှိသွားသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသော Pool အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို အနိုင်ရရှိပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ဆီမီးဖိုင်နယ် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆက်လက်၍ စနူကာအမျိုးသားအတွဲလိုက် ဆီမီးဖိုင်နယ်ပွဲကျင်းပရာ မြန်မာ အသင်းက စင်ကာပူအသင်းကိုလည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ညနေ ၄ နာရီတွင် ဗိုလ်လုပွဲ စတင်ကျင်းပရာ ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိခဲ့သော စနူကာအမျိုးသား နှစ်ယောက်တွဲ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မြန်မာအသင်းက ထိုင်းအသင်းကို အနိုင်ရရှိပြီး မြန်မာဘိလိယက်နှင့် စနူကာအသင်းအတွက် ပွဲဦးထွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။



စနူကာအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ ဝင်းကိုကို ယှဉ်ပြိုင်စဉ်။

# မြန်မာရေကူး ပထမဆုံးဆုတံဆိပ်ဆွတ်ခူး



မြန်မာရေကူးအားကစားမယ်များ ပါဝင်ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီးဂိမ်း ရေကူးအားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ဆက်လက် ကျင်းပလျက်ရှိရာ မြန်မာ အမျိုးသမီး ရေကူးအားကစားသမားများက လက်ဆင့်ကမ်းပြိုင်ပွဲတွင် နိုင်ငံအတွက် ပထမဆုံး ဆုတံဆိပ်ဆွတ်ခူးပေးလိုက်ပြီ ဖြစ်သည်။

မြန်မာအမျိုးသမီး ရေကူးအဖွဲ့သည် မီတာ ၂၀၀ ×၄ လွှန်းပြန်ရေကူး ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆွတ်ခူး ပေးခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာရေကူး အားကစားမယ် များအဖြစ် ခန့်ခန့်စုစံ၊ ဆုမိုးသိမ့်စံ၊ ကေဇင်ဝင်းနှင့် အိအိသက်တို့ပါဝင် ကစားခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် စင်ကာပူ အမျိုးသမီးအဖွဲ့က ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်ဆွတ်ခူး ရရှိခဲ့သည်။

အမျိုးသမီးမီတာ ၂၀၀ Medley ပြိုင်ပွဲတွင် ဗီယက်နမ်မှ ငုယင်သီအန်ဗီယင်က စံချိန် ၂ မိနစ်၊ ၁၆ ဒသမ ၂၀ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ထိုင်းမှ ဖီယင်ကွမ်းက စံချိန် ၂ မိနစ်၊ ၁၇ ဒသမ ၅၉ စက္ကန့်ဖြင့် ငွေတံဆိပ်၊ စင်ကာပူမှ ဟွိုင်းမီယာဂန်က စံချိန် ၂ မိနစ်၊ ၂၀ ဒသမ ၃၈ စက္ကန့်ဖြင့်ကြေးတံဆိပ်ရရှိသည်။

အမျိုးသားမီတာ ၄၀၀ Medley ပြိုင်ပွဲတွင် စင်ကာပူမှ ကွမ်ကျန်ဝမ်က စံချိန် ၄ မိနစ်၊ ၂၃ ဒသမ ၄၅ စက္ကန့်ဖြင့် ရွှေတံဆိပ်ရသည်။ ယင်းပြိုင်ပွဲတွင် ထိုင်းမှ ကက်တင်နူသာပွန်းက ငွေတံဆိပ်ရပြီး ဗီယက်နမ်မှ ထရန်ဒိုင်ကွိုင်းက ကြေးတံဆိပ်ရသည်။

အမျိုးသမီး မီတာ ၁၀၀ Free-style ပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ အယ်ခါဒီဂျပ်စမိုင်းက စံချိန် ၅၆ ဒသမ ၆၅ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ စင်ကာပူမှ ကွန့်တင်ဝမ်က ငွေတံဆိပ်ရပြီး စင်ကာပူမှ အမာဒါကကြေးတံဆိပ်ဆွတ်ခူးသည်။

အမျိုးသား မီတာ ၂၀၀ back-stroke ပြိုင်ပွဲတွင် အင်ဒိုနီးရှားမှ အင်ဂါ ဝိဂျာရာရစ်ကီးကစံချိန် ၂ မိနစ်၊ ၀၃ ဒသမ ၄၄ စက္ကန့်ဖြင့်ရွှေရသည်။ အင်ဒိုနီးရှားမှ ဂီဒီဆီးမန်းက ငွေတံဆိပ်၊ စင်ကာပူမှ ဝီရှန်ကျပ်က ကြေးတံဆိပ်ရသည်။

အမျိုးသမီး မီတာ ၂၀၀ backstroke ပြိုင်ပွဲတွင် ဗီယက်နမ်မှ သီအန်ဗီယင်က စံချိန် ၂ မိနစ်၊ ၁၄ ဒသမ ၈၀ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ အင်ဒိုနီးရှားမှ ဗီနက်စီးယားက ငွေတံဆိပ်ရပြီး စင်ကာပူမှ ဟွိုင်းမီယာဂန်က ကြေးတံဆိပ်ရသည်။

အမျိုးသားမီတာ ၂၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် စင်ကာပူမှ ရွှေ၊ မလေးရှားမှ ငွေရပြီး အင်ဒိုနီးရှားက ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။

**သတင်း-ကြဲတိုင်းအောင်**
**ဓာတ်ပုံ-မောင်ဝင်း**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ အမှတ် ၇၀၀/၇၀၆၊ ရှစ်လွှာ(A)၊ ချိုင်းနားတောင်းတာဝါကွန်ဒိုတိုက်ခန်းပိုင်ရှင် ဒေါ်လွှန်းစိန် ၁၃/မဆတ(နိုင်)၀၀၀၁၅၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), H.G.P, R.L,D.B.L,**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂/သိမ်ကျောင်း)၊ ဦးပိုင်အမှတ် (၁၃-၁၄-၁၅)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ဧရိယာ ၀ဒသမ၁၆၆ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၁၈၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို သန်လျင်မြို့နယ်၊ မြို့နယ်မြေစာရင်းရုံးတွင် အမည်ပေါက်သူများဖြစ်ကြသော (၁) ဦးအောင်မျိုးကျော် ၁၂/သလန(နိုင်)၀၇၇၃၇၄၊ (၂) ဦးအောင်မျိုးသန့် ၁၂/သလန(နိုင်) ၀၇၇၃၇၅ တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို LL.B** | **ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L** |
| **အထက်တန်းရှေ့နေ (စဉ်-၂၃၂၉၉)** | **အထက်တန်းရှေ့နေ (စဉ်-၂၉၇၄၆)** |

**အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Sony 320 L Camcorder နှင့်ဆက်စပ်ပစ္စည်းများ | ၁ |
| ၂။ | Office Table (5'x3')/ Office Chair | ၂ စုံ |
| ၃။ | Computer Table / ဆုံလည်ထိုင်ခုံ | ၄ စုံ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၃၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၂-၁၂-၂၀၁၃ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၃၆တွင် ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။ **ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၀၅၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၂၀၂၀+၂၀၂၁+၂၀၂၂၊ ဧရိယာပေ (၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်သုံးကွက်နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးသက်တင် ၁၂/ဥကမ(နိုင်)၀၇၁၉၂၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), H.G.P, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဦးပိုင်အမှတ် ၁၉/၁၊ ဧရိယာ ၀ဒသမ ၁၃၄ ဧကရှိ (၃/ခ)အမျိုးအစား၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၂၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို သန်လျင်မြို့နယ်၊ မြို့နယ်မြေစာရင်းရုံးတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိနေထိုင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လေးငယ် ၁၂/သလန(နိုင်)၀၁၇၀၀၅ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို LL.B** | **ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L** |
| **အထက်တန်းရှေ့နေ (စဉ်-၂၃၂၉၉)** | **အထက်တန်းရှေ့နေ (စဉ်-၂၉၇၄၆)** |

**အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ကွင်းအကွက်နှင့်အမည် (၆၆၅)ဖောင်းတော၊ ဦးပိုင်အမှတ် N-၈၉၊ ဧရိယာ ၁ ဒသမ ၀၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်ကြီးထက်ဝင်း ၁၄/ရကန(နိုင်)၀၉၁၂၅၈၈က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ငြိမ်း B.A, LL.B (စဉ်-၁၅၉၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၃၀၊ ဂေါ်သဇင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၃၀၂၈၁၇၀၊ ၀၅၂-၂၀၀၉၉၄**

နိုင်ငံတကာအားကစားသတင်း

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်နှင့် ကိုးရလဒ် (သီဟ)

### အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၄

| | | | |
|---|---|---|---|
| မန်စီးတီး | - | အာဆင်နယ် | ည ၇း၁၅ |
| ကာဒစ်ဖ် | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ချယ်လ်ဆီး | - | ပဲလေ့စ် | ည ၉း၃၀ |
| အဲဗာတန် | - | ဖူလ်ဟမ် | ည ၉း၃၀ |
| နယူးကာဆယ် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ဆန်းဒါးလန်း | ည ၉း၃၀ |
| ဟားလ်စီးတီး | - | စတုတ် | ည ၁၂း၀၀ |

### စပိန်လာလီဂါပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၄/၁၅

| | | | |
|---|---|---|---|
| အိုဆာဆူနာ | - | ရီးရဲမက်ဒရစ် | ည ၉း၃၀ |
| ဗယ်လက်ကာနို | - | ဂရန်နာဒါ | ည ၁၁း၃၀ |
| ဘာစီလိုနာ | - | ဗီလာရီးရဲလ် | နံနက် ၁း၃၀ |
| မာလာဂါ | - | ဂီတာဖေး | နံနက် ၃း၃၀ |

### ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၄

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဟမ်းဘတ် | ည ၉း၀၀ |
| ဟန်နိုဗာ | - | နူရင်ဘတ် | ည ၉း၀၀ |
| ဟော့ဖန်ဟိမ်း | - | ဒေါ့မွန် | ည ၉း၀၀ |
| မိန့်ဇ် | - | ဂလက်ဘတ် | ည ၉း၀၀ |
| အော့စ်ဘတ် | - | ဘရန်းရှိုက် | ည ၉း၀၀ |
| ဝုဖ်ဘတ် | - | စတုဂတ် | ည ၁၂း၀၀ |

### အီတလီစီးရီးအေပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၄/၁၅

| | | | |
|---|---|---|---|
| ကာတာနီးယား | - | ဗီရိုနာ | ည ၁၁း၃၀ |
| ဂျူဗင်တပ်စ် | - | ဆက်ဆူအိုလို | နံနက် ၂း၁၅ |

### ပြင်သစ်လီဂူးပွဲစဉ်-၁၆ ဒီဇင်ဘာ ၁၄/၁၅

| | | | |
|---|---|---|---|
| ရန်းနက်စ် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| အဂျာစီယို | - | လော်ရီယန့် | နံနက် ၁း၃၀ |
| အီဗီယန် | - | ရိမ်းစ် | နံနက် ၁း၃၀ |
| ဂူအင်ဂမ့် | - | မိုနာကို | နံနက် ၁း၃၀ |
| နန့်တက်စ် | - | တူးလော့စ် | နံနက် ၁း၃၀ |
| နိုက်စ် | - | ဆိုးချော့စ် | နံနက် ၁း၃၀ |

# ဒီတစ်ပတ်ပွဲစဉ်လည်း ဘာစီလိုနာတို့ သုံးမှတ်အပြည့်ပါပဲ

**စပိန်လာလီဂါပွဲစဉ်တွေ ဒီဇင်ဘာ ၁၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်တာမို့ ဘာစီလိုနာဟာ အိမ်ကွင်းမှာ ဗီလာရီးရဲနဲ့ ကစားရမှာဖြစ်သလို မာလာဂါတို့က ဂီတာဖေးနဲ့ဆုံတွေ့ရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ ရီးရဲဆိုစီဒက်နဲ့ ရီးရဲဘက်တစ်တို့ ပွဲစဉ်ကလည်း စိတ်ဝင်စားစရာကောင်းနေပြန်ပါတယ်။**

**ဘာစီလိုနာနှင့် ဗီလာရီးရဲ**

ဘာစီလိုနာတို့ အိမ်ကွင်းဆိုပေမယ့် တန်းစီဇယားပဥ္စမနေရာမှာ ရပ်တည်နေတဲ့ ဗီလာရီးရဲကို အလေးထားကစားမှ ရပါလိမ့်မယ်။ ဗီလာရီးရဲဟာ ဒီနှစ်မှာ စွမ်းဆောင်ရည်ကောင်းနေပြီး နိုင်ပွဲရအောင်ကစားနိုင်တဲ့ ကစားသမားစုဖွဲ့မှုတွေလည်း ရရှိနေပါတယ်။

ဒါပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲတွေချည်း သိမ်းပိုက်နေတဲ့ ဘာစီလိုနာကို ဗီလာရီးရဲတို့ အမှတ်ရဖို့တော့ သိပ်မလွယ်ပါဘူး။

**မာလာဂါနှင့် ဂီတာဖေး**

ဂီတာဖေးဟာ ဒီနှစ်ဘောလုံးရာသီမှာ ပုံမှန်ခြေစွမ်းရရှိနေတာဖြစ်လို့ အခုပွဲမှာတော့ အဝေးကွင်းဆိုပေမယ့် အနိုင်ရလဒ်ကို မျှော်မှန်းနိုင်ပါတယ်။ မာလာဂါအသင်းဟာ ခြေစွမ်းအတက်အကျ ရှိနေတာမို့ ခံစစ်ပိုင်းကောင်းမွန်အောင်ပြုပြင်နိုင်ရင် အမှတ်ရနိုင်ကောင်းပေမယ့် ဧည့်သည်တို့ရဲ့ စွမ်းဆောင်မှုက ပွဲရလဒ်ကို ပုံဖော်ပါလိမ့်မယ်။

**ရီးရဲဆိုစီဒက်နှင့် ရီးရဲဘက်တစ်**

ရီးရဲဆိုစီဒက်ဟာ ဒီပွဲကို အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီး အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ ရီးရဲဘက်တစ်ဟာ တန်းစီဇယားအောက်ခြေက ရုန်းထွက်ဖို့ ကြိုးစားမှာဖြစ်ပေမယ့် ခံစစ်ပိုင်း လျော့ရဲနေမှုနဲ့ တိုက်စစ်ပိုင်းအဆက်ပြတ်မှုတွေကြောင့် ဒီပွဲမှာ အမှတ်ဗလာနဲ့ အိမ်ပြန်ရနိုင်ပါတယ်။

**မာလာဂါနှင့် ဂီတာဖေး**

အမှတ်လိုအပ်နေတဲ့ မာလာဂါက တန်းဆင်းဇုန်ထဲ မကျဆင်းစေရေး ဒီပွဲမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။ မာလာဂါဟာ ခြေစွမ်းပြနိုင်ရင် အိမ်ကွင်းမှာ အမှတ်မျှော်လင့်နိုင်ပေမယ့် ပြိုင်ဘက်က ဂီတာဖေးဖြစ်နေတာကြောင့် ကံကောင်းမှ တစ်မှတ်ရမယ့် ကိန်းပါပဲ။

**အယ်မာရီးယားနှင့် အက်စ်ပန်ညို**

ဒီပွဲဟာ အိမ်ရှင်တို့ အမှတ်ရအောင်ယူဖို့ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ခြေကုန်ထုတ်မယ့် အိမ်ရှင်ကို အက်စ်ပန်ညိုတို့ ခက်ခဲစွာရင်ဆိုင်ရပါလိမ့်မယ်။

**မိုးမြင့်လင်းလက်**

# နည်းပြမော်ရင်ဟိုက ဒရော့ဘာကို ပြန်ခေါ်လို

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက အပြာရောင်တိုက်စစ်မှူးဟောင်း ဒရော့ဘာကိုပြန်လည်ခေါ်ယူရန် လိုလားနေသည်။ ဒရော့ဘာ၏ ဂါလာတာစာရေးသည် ချန်ပီယံလိဂ် ၁၆ သင်းသို့ တက်ရောက်ခဲ့ပြီးနောက် မော်ရင်ဟိုက တပည့်ဟောင်း ဒရော့ဘာကို ပြန်လည်ခေါ်ယူရန်လိုလားနေသည်။ ဒရော့ဘာသည် ချယ်လ်ဆီးတွင် ရှစ်နှစ်ကြာကစားခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဇွန်လက ချယ်လ်ဆီးမှ ထွက်ခဲ့သည်။

"ဂါလာတာစာရေးဟာ အလွန်ခက်ခဲပါတယ်။ ဒါပေမယ့် ဒရော့ဘာကိုတော့ ကျွန်တော့်အသင်းနဲ့ ပြန်ကစားစေချင်ပါတယ်"ဟု မော်ရင်ဟိုက ပြောသည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် လေဗာကူဆင်၊ ဇင်းနစ်၊ အိုလံပီယာကော့စ် သို့မဟုတ် အေစီမီလန်တို့နှင့် တွေ့နိုင်သည်။ ချယ်လ်ဆီးအသင်းသည် အုပ်စု(E)တွင် ရိုမေးနီးယားကလပ် ဘူခါရက်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုဗိုလ်ဖြင့် ၁၆ သင်းပြိုင်ပွဲတက်လာသည်။

**ကောင်းမြတ်သူ-စုစည်းသည်**






## ပြည်တွင်းသတင်း

## အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ (၆/၂၀၁၃)ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နေ့လယ်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားပြီး အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းအောင်က လိုင်စင်ရပြီးသားအဖွဲ့အစည်းများ၏ ရုံးခွဲဖွင့်လှစ်ခြင်းနှင့် မတည်ရင်းနှီးငွေဆိုင်ရာ ကိစ္စရပ်များ၊ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

အဆိုပါ အခမ်းအနားသို့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အဘိဓမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၃**

ထားဝယ်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းက ကြီးမှူးဖွင့်လှစ်သော (၂၇) ကြိမ်မြောက် အဘိဓမ္မာသင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက် ည ၇ နာရီက ထားဝယ်မြို့ မြို့တွင်းရပ် အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ ကျင်းပရာ အဘိဓမ္မာပြန့်ပွားရေးအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တက်ရောက်လာကြသူများက "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး အခမ်းအနားမှူးက သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး သင်တန်းသားများက အပူဇော်ခံဆရာကြီးများနှင့် နည်းပြဆရာ ဆရာမများအား ကန်တော့ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် အပူဇော်ခံဆရာကြီးများဖြစ်ကြသော ဦးထွန်းသိန်း၊ ဦးသောင်းညွန့်နှင့် ဦးခင်ဝင်းတို့က ဩဝါဒစကားချီးမြှင့်ပြောကြားပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ဇွန် ၃၀ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ငါးလကျော်ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၅၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း**



## ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ

**မင်းဘူး ဒီဇင်ဘာ ၁၃**

မန်းရွှေစက်တော် ဘုရားကြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့များ၏ ဩဝါဒခံယူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ အခမ်းအနားတွင် မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက မန်းရွှေစက်တော်ရာဘုရားကြီးဂေါပကအဖွဲ့အနေဖြင့် ဘုရားကြီး၏ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းများ၊ ဘုရားကြီးဘဏ္ဍာတော်ငွေ တိုးတက်ရရှိရေးနှင့် ထိန်းသိမ်းထားရှိမှုများ၊ ၂၀၁၄ ခုနှစ် ပွဲတော်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုများကို စည်းကမ်းတကျ ဆောင်ရွက်နေကြကြောင်း၊ သို့သော်လည်း မလိုလားသူ အတိုက်အခံတစ်စုမှ လက်ရှိဂေါပကအဖွဲ့ကို ဖျက်သိမ်း၍ အသစ်ဖွဲ့စည်းပေးရန် တိုင်ကြားမှုများ၊ သတင်းမီဒီယာမှ မမှန်ထုတ်လွှင့်မှုများရှိနေပါကြောင်း၊ သို့ပါ၍ ဆရာတော်ကြီးများမှ လိုအပ်သည့် ဩဝါဒများပေးနိုင်ရန် ဖြစ်ပါကြောင်း ဂေါပကအဖွဲ့ကိုယ်စား လျှောက်ထားရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော် (ဩဝါဒါစရိယဆရာတော်)တို့က "မန်းရွှေစက်တော် ဘုရားပွဲတော်ကြီး ကျင်းပရသည်မှာ မြို့တစ်မြို့ တည်ရသကဲ့သို့ ကြီးမားသော လုပ်ငန်းဖြစ်ကြောင်း၊ လုံခြုံရေး၊ အုပ်ချုပ်ရေးအရေးကြီးကြောင်း၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများမပါဘဲ လုပ်ကိုင်ရန်မဖြစ်နိုင်ပါကြောင်း၊ ကြီးမားသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ကြီးမားများပြားသောတာဝန်အား ထမ်းဆောင်နေကြသောအဖွဲ့ဖြစ်၍ မလိုသူများ မလိုသလို ခေတ်ကာလသဘောအရ ပြောဆိုနေမှုများကိုရှောင်လွှဲ၍မရနိုင်ပါကြောင်း၊ မိမိတို့အလုပ်အား မိမိတို့ စည်းကမ်းရှိစွာ၊ စည်းလုံးညီညွတ်စွာဆောင်ရွက်ရန်သာဖြစ်ပါကြောင်း၊ ရွှေစက်တော်ရာ ဘုရားကြီးမှာ နိုင်ငံတော်(က)အဆင့်ဝင် ဘုရားကြီးဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ညွှန်ကြားလွှာအရ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများမှ ထိန်းသိမ်းရန် တာဝန်ရှိသောဘုရားကြီးဖြစ်၍ တာဝန်အရလည်း တာဝန်ယူနေရခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိတို့အနေဖြင့် အမှားများရှိနေပါက နည်းအောင် အမှားနည်းပါက မရှိအောင် ကြိုးစားဆောင်ရွက်ရန်သာ ဖြစ်ကြောင်း" ဩဝါဒ မိန့်ကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်လေးပါး၊ ဩဝါဒါစရိယဆရာတော်သုံးပါး စုစုပေါင်း ခုနစ်ပါးက ကြွရောက်ဩဝါဒမိန့်ကြားပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်

**မော်လူး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အင်းတော်မြို့ပေါ်ရှိ စက်မှုလက်မှုလုပ်ငန်းရှင် ၃၀ ခန့်ရှိ ထရန်စဖော်မာလုပ်ငန်းသုံး ပါဝါမီတာများကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဦးသိန်းစိန်၊ ကြီးကြပ်ရေးမှူး ဦးသန်းဦး၊ ဒုကြီးကြပ်ရေးမှူးတို့သည် တစ်နှစ် တစ်ကြိမ် ၁၀ လပိုင်း၊ ၁၂ လပိုင်းအတွင်း အင်းတော်၊ ဗန်းမောက်၊ ကောလင်းမြို့များသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အင်းတော်မြို့ပေါ်တွင် ဂဟေ၊ ကားဝပ်ရှော့လုပ်ငန်းရှင်မှ အိမ်သုံးမီးစက်ဖြင့် အသုံးပြုပါက တစ်နှစ်ငွေကျပ် ၅၀၀၀၊ ရေပုံးအသုံးပြုပါက တစ်နှစ်ငွေကျပ် ၇၀၀၀၊ ၄င်းနှစ်ခုပေါင်း ငွေကျပ် ၁၂၀၀၀ ပေးရသည်ဟု စက်မှုလုပ်ငန်းရှင်တစ်ဦးက ပြောကြားကြောင်း သိရသည်။ **(၁၇၁)**

## အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၄၁ ဦးလွှတ်ပေး



**ရန်ကုန် ဒီဇင်ဘာ ၁၃**

အကျဉ်းထောင် အသီးသီးမှ အလုပ်စခန်းများတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၄၁ ဦးနှင့် အင်းစိန်အကျဉ်းထောင်မှ ၁၁ ဦးတို့သည် ဒီဇင်ဘာ ၁၁ ရက် နေ့လယ်ပိုင်းက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ယနေ့ မွန်းတည့် ၁၂ နာရီက လွှတ်ပေးခဲ့သည်။ **(ဝဲပုံ)**

**သိရ**

ယင်းသို့ လွှတ်ပေးခဲ့သူများထဲမှ အင်းစိန် ဖော့ကန်ရပ်ကွက်နေ ဒိငြိမ်းလင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ အောင်မျိုးဦး၊ ဗဟန်းမြို့နယ်မှ သူကြီး(ခ)စိုးမိုးထွန်းတို့ကို တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့ကို အကျဉ်းထောင်မှ ခရီးစရိတ်ငွေ ၁၀၀၀ နှင့် လုပ်အားခရှိသူများကို အကုန်ရှင်းပေးပြီး ဒေသဆိုင်ရာ အာဏာပိုင်များက ဆုံးမဩဝါဒပေးကြောင်း၊ ၎င်းတို့အနေဖြင့် ပုဒ်မ(၁၈)ကို မလိုလားကြောင်းကို ပြောပြသွားခဲ့ကြောင်း သိရသည်။

**(၂၅၀)**


### ပညာရေးဝန်ကြီးဌာန
### မြန်မာစာအဖွဲ့ဦးစီးဌာန
### ရုံးအမှတ်(၅၂)၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အခန်းငါးခန်းပါ ကားဂိုဒေါင်နှစ်ခု တည်ဆောက်ခြင်းလုပ်ငန်းနှင့် အောက်ဖော်ပြပါစက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းတို့အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်-

**ရုံးသုံးမော်တော်ယာဉ်များ**

၁။ Saloon (CC.2500) Japan, 4 Seater ၁ စီး

**ရုံးသုံးစက်ပစ္စည်းများ**

၁။ Air-conditioner (Sprit type) 1. 5 HP ၃ လုံး

၂။ Riso graph digital copy Printer (A3) ၁ လုံး

၃။ Handycam Camera (Sony) ၂ လုံး

၂။ တင်ဒါပိတ်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် နံနက် ၁၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စုံစမ်းရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ၊ မြန်မာစာအဖွဲ့ဦးစီးဌာန**

**ရုံးအမှတ် ၅၂၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၁၅၂**



## ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ခြင်းအား ပယ်ဖျက်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့မှ ၉-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အဆောက်အအုံ ငါးလုံး၊ ရုံးတစ်ရုံး၊ မြေကွက်လပ် တစ်ကွက်၊ သိုလှောင်ရုံ (၁၇)လုံးအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း ကြော်ငြာခဲ့ပါသည်။ အဆိုပါကြော်ငြာချက်ပါ Lot(8) Lot(9) Lot(10) Lot(11) Lot(12) Lot(13) Lot(14) Lot(15) Lot(16) Lot(17) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှ သိုလှောင်ရုံ(၁၀)လုံးမှာ ဌာနဆိုင်ရာလုပ်ငန်းအတွက်အသုံးပြုရန် လိုအပ်လာပါ၍ ၄င်းသိုလှောင်ရုံ(၁၀)လုံးအား ဈေးပြိုင်တင်ဒါဖြင့် ငှားရမ်းခြင်းမှပယ်ဖျက်ပါကြောင်းနှင့် ကျန်မြေ၊ အဆောက်အအုံနှင့် သိုလှောင်ရုံများမှာ ကြော်ငြာချက်ပါအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ငှားရမ်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ ၆၆ ကေဗွီ မိုင်းရယ်-တန့်ယန်းဓာတ်အားလိုင်းနှင့် ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းအတွက် လိုအပ်သောကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၂-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်ရက်** - ၂၆-၁၂-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**

**ရုံးအမှတ်(၂၇)၊ နေပြည်တော်**

**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**ပျောက်ဆုံးကြောင်း**

ကျွန်ုပ် မဇာခြည်လွင် ၁၂/တကန(နိုင်)၁၀၆၈၅၅၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၁၇၀၁၃၉**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၁၈၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးလေးနိုင် ၉/မမန(နိုင်)၀၂၂၄၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**



## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၁၀၆၈ Toyota Corolla 110 KE 72 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ပြုံးရီ ၉/မကန(နိုင်)၀၅၆၈၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၈၂၁၈၊ Toyota Hilux Surf KZN 185, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆန် ၁၃/သပန(နိုင်)၀၂၃၃၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၈၆၀၃၊ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြည် ၉/မမန(နိုင်)၀၂၉၇၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုးမြို့နယ် စည်ပင်သာယာရေး ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**လားရှိုး ဒီဇင်ဘာ ၁၃**

လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန၏ လားရှိုးမြို့တွင်းရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအေးကိုက လားရှိုးမြို့တွင် ဆောင်ရွက်ထားရှိသော လားရှိုးမြို့တွင်းဖြတ်သန်းစီးဆင်းလျက်ရှိသည့် ခိုလောင်းချောင်း၊ နမ့်လောင်းချောင်း၊ ကျောက်တောင်ရေမြောင်းတို့မှ ရေများစနစ်တကျစီးဆင်းစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြေသားပေါင်ဖို့ လုပ်ငန်းများပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လားရှိုးမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်သက်၍ မြို့ကွက်သစ်(၁)၊ မြို့ကွက်သစ်(၂) ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း ရေထုတ်မြောင်းစနစ်ကောင်းမွန်ရေး၊ ရေစီးမြောင်းမှ စီးဆင်းလာသော ရေများကို ရေသန့်စင်အသုံးပြုနိုင်ရေး၊ စနစ်တကျရေပေးဝေနိုင်ရေး၊ မြို့ကွက်သစ်များတွင် စနစ်တကျ လျှပ်စစ်မီးပေးဝေနိုင်ရေး၊ လမ်းများဖော်ထုတ်ရာတွင် သတ်မှတ်ချက်နှင့်အညီ စနစ်တကျရှိစေရန် မှာကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# အာဆီယံဒေသဆိုင်ရာဖိုရမ်၏ ကြားကာလယုံကြည်မှုတည်ဆောက်ခြင်းနှင့် သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်)၏ ကြားကာလ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံဒေသဆိုင်ရာဖိုရမ်(အေအာရ်အက်ဖ်) အဖွဲ့ဝင် ၂၅ နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့်အီးယူတို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်) ကျွမ်းကျင်သူများနှင့် ထင်ပေါ်ကျော်ကြားသူများအဖွဲ့ (ARF Experts and Eminent Persons)၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သူ သံအမတ်ကြီး (ငြိမ်း)ဦးလှမြင့် နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် လုံခြုံရေးနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် သံတမန်နည်းအရ ကြိုတင်ကာကွယ်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပြန်လည် သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် သံတမန် နည်းအရ ကြိုတင်ကာကွယ်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုများကို ဆွေးနွေးခြင်း၊ အေအာရ်အက်ဖ် လုပ်ငန်းစဉ်၏ ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ကြားကာလအတွက် အေအာရ်အက်ဖ်လှုပ်ရှားဆောင်ရွက်မှုများကို ကြိုတင်ပြင်ဆင်လျက်ရှိမှုအခြေအနေနှင့်အာဆီယံဒေသဆိုင်ရာဖိုရမ် (အေအာရ်အက်ဖ်)၏ အနာဂတ်ဦးတည်ချက်တို့နှင့်ပတ်သက်၍ဆွေးနွေးကြသည်။ အဆိုပါ အစည်းအဝေးသည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်မှ ၉ ရက်အထိ ဘရပ်ဆဲလ်မြို့တွင် အီးယူမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။

အာဆီယံဒေသဆိုင်ရာဖိုရမ်သည် အာရှနှင့်ပစိဖိတ်ဒေသလုံခြုံရေးနှင့် ပတ်သက်၍ အဓိကဆွေးနွေးသည့် အစည်းအဝေးဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဘက်နိုင်ငံများနှင့် ဒေသတွင်းရှိ နိုင်ငံများ စသည်ဖြင့် နိုင်ငံပေါင်း ၂၇ နိုင်ငံပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသဆိုင်ရာဖိုရမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်း အဝေးများကို ၂၀၁၄ ခုနှစ်အတွင်း လက်ခံကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြင်ဆင်ခဲ့သည့် မူလတန်းကျောင်းဆောင်ပေးအပ်ပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၃**

KMA ဖောင်ဒေးရှင်းနှင့်တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်တို့မှ ပူးပေါင်း၍ငွေကျပ် ၃၇ သိန်းအကုန်အကျခံပြုပြင်ပြီးစီးခဲ့သည့် တောင်ငူမြို့နယ် ပွတ်စုမူလတန်းကျောင်းဆောင် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်အောင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် KMA ဖောင်ဒေးရှင်းမှ CEO ဦးလှမြင့်နှင့်တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်နာယက ဆရာကြီးဦးစံတင်(တိုင်းပညာရေးမှူး-ငြိမ်း)တို့က ကျောင်းဆောင်ကို ပြုပြင်ပေးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြပြီး မြို့နယ်ပညာရေးကွန်ရက် အထွေထွေအတွင်းရေးမှူး ဒေါက်တာဘဆွေက ကျောင်းဆောင်ပြုပြင်မှုအတွက် ကုန်ကျခဲ့သည့် စာရင်းဇယားများကို မြို့နယ်ပညာရေးမှူး ဦးတင်အောင်ထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ **(ယာပုံ)**

ဆက်လက်၍ KMA ဖောင်ဒေးရှင်း CEO ဦးလှမြင့်နှင့်မြို့နယ်ပညာရေး ကွန်ရက် နာယကဆရာကြီး ဦးစံတင်တို့အား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှထွေးက ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းသားမိဘ ဦးအောင်မြင့်တို့က ကျေးဇူးတင်စကားပြောကြားကြသည်။ **(၁၁၅)**



# မည်သူ့တွင် တာဝန်ရှိသနည်း

အလုပ်ကိစ္စတစ်ခုဖြင့် ရှစ်မိုင်သို့သွားခဲ့သည်။ ဘိုကလေးဈေးလမ်းထိပ်မှ အဓိပတိအနီကို စီးခဲ့သည်။ ကားပေါ်သို့ တက်ရာတွင် ပြေးပြေးလွှားလွှား တက်ခဲ့ရသည်။ နေ့လယ်ဘက်မို့ လူကချောင်နေ၍ တက်တက်ချင်း ထိုင်စရာ နေရာရသည်။ ထိုင်ခုံရောက်မှပင် အမောဖြေရ၏။ ပတ်ဝန်းကျင်ကို မျက်စိကစားမိခဲ့သည်။

အဓိပတိအနီ နှစ်စီးပြိုင်၍ မောင်းလာသည်။ မောင်းသည့်ယာဉ်မောင်း နှစ်ဦးစလုံးက အသက် ၂၀ ကျော် ၃၀ ပတ်ဝန်းကျင်ခန့်သာရှိသည့် လူငယ်များဖြစ်သည်။ လူငယ်များဖြစ်၍ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲ၍ ကားကို လုမောင်းနေကြခြင်းဖြစ်သည်။

ကားပေါ်ပါသူအားလုံးဘုရားတနေကြရသည်။ ယာဉ်မောင်းနှစ်ဦးကတော့ အပြိုင်အဆိုင်မောင်းကြရင်း ဆဲရေးတိုင်းထွာနေကြသည်။ ကားပေါ်ပါသူ အားလုံးမကြားဝံ့မနာသာဖြစ်ကြရသည်။ မကြားဝံ့မနာသာဖြစ်သည်က ကိစ္စမရှိ။ တိုက်မိခိုက်မိဖြစ်ကြရင်ဖြင့်ဟူ၍ တစ်လမ်းလုံးရင်တထိတ်ထိတ်ဖြင့် သမ္ဗုဒ္ဓေရွတ်နေမိသည်။ စံပြမှတ်တိုင်ရောက်သော် အဓိပတိအနီသုံးစီးဖြစ်သွားသည်။ ထပ်၍ပြိုင်ကြပြန်သည်။ ကျော်သွားနိုင်သည့် ယာဉ်မောင်းက ကျန်ခဲ့သည့်ယာဉ်မောင်းကို ပြုံး၍ကြည့်ခဲ့ပြန်သည်။ နောက်တစ်စီးက ထပ်ကျော်ပြန်သည်။ တစ်ယောက်တစ်ပြန် အပြိုင်အဆိုင် မောင်းနေကြသည်။

မိမိလည်းကြားဖူးခဲ့သည်။ အဓိပတိယာဉ်လိုင်းမှ တာဝန်ရှိသူ လူကြီးများသည် တစ်လတစ်ခါ ဝန်ထမ်းထုဆွေးနွေးပွဲတွေလုပ်သည်။ မူဝါဒများချပြသည်။ ဆောင်ရန်ရှောင်ရန်များကိုလည်း ရှင်းပြသည်။ အပြစ်ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက်အပြစ်ပေးသကဲ့သို့ ရိုးသားကြိုးစားသူများကိုလည်း ထိုက်သင့်သည့်ဆုများ ပေးခဲ့သည်ဟု မိမိလည်း သိခဲ့သည်။

အဆိုပါယာဉ်မောင်းများသည် ၎င်းတို့၏ ယာဉ်များပေါ်တွင် ကပ်ထားသည့်သတိပြုရန် စာတန်းများကို ကိုယ်တိုင်သတိပြုရန် မေ့လျော့နေကြသည်လား။ "ဘယ်သူမှားမှား ကိုယ်ကရှောင်"၊ "ခရီးသည်များ၏ အသက်သည် သင့်လက်ထဲတွင်ရှိသည်ကို သတိပြုပါ"၊ "စိတ်ရှည်သည်းခံလမ်းကြောင်းမှန် မောင်းရန်မော်တော်ကား" "စည်းကမ်းလိုက်နာဘေးကင်းကွာ၊ စည်းမျဉ်းကိုက်ညီဘေးကင်းသည်" . . . . အစရှိသည့်သတိပေးစာတန်းများကား အချည်းအနှီးဖြစ်နေပြီလား။

၎င်းတို့ဘာကြောင့် တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်မောင်းနေကြသနည်း။ မော်တော်ယာဉ်ပေါ်တွင် လူလည်းမပါ။ မှတ်တိုင်မှစီးမည့်ခရီးသည်များကိုလည်း ရပ်မပေး။ မည်သူအကျိုးရှိသည့် ရလဒ်ကို သူတို့ပြုမူနေကြသည်ကို စဉ်းစားမရ။

ခေါက်ရေမြန်မြန်ပြည့် ပြီးရော မောင်းနေကြသည်လား။ သတ်မှတ်ခေါက်ရေမြန်မြန်ပြည့်လျှင် ကျန်သည့် ခေါက်ရေများမှ ရသည့်ငွေများ သူတို့ရကြမှာလား. . . လားပေါင်းများစွာဖြင့် စဉ်းစားနေမိသည်။

မည်သို့ပင်ဆိုစေကာမူ ရန်ကုန်မြို့တွင်း မောင်းနှင်နေသည့်ကားကြီးကားငယ်အသွယ်သွယ်ကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ၊ ယာဉ်တိုက်မှုများ၊ အရေးယူဆောင်ရွက်နေမှုများကို နိစ္စဓူဝကြားနေ၊ မြင်နေရသည်။ ဤသို့ဆိုလျှင် လူငယ်၊ လူရွယ်အများစုမောင်းနှင်နေသည့် လိုင်းကားများကိုစီး၍ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားနေကြရသော ခရီးသည်ပေါင်းမြောက်မြားစွာ၏ အန္တရာယ်ကင်း၍ ဘေးရှင်းစွာဖြင့် လိုရာခရီးသို့ ချောချောမောမောရောက်ရှိရန်မှာ မည်သူ့တွင် တာဝန်ရှိသနည်းဟု ဆိုရလေသော်. . . **မမနိုင်**

# မုံရွာတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

၁။ မုံရွာတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်၏ (ဘွဲ့)စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ကြသူများသည် မုံရွာတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရန်(သို့)အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ရက်မှစ၍ ဇန်နဝါရီ ၁၅ရက်အထိ မုံရွာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် နောက်ဆုံးထား လျှောက်ထားနိုင်ကြပါသည်။

| စဉ် | ပညာသင်နှစ် | ဘွဲ့ |
|---|---|---|
| (၁) | ၂၀၁၂-၂၀၁၃ | ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့) (၂၀၁၀ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ) |
| | | ဥပဒေဘွဲ့ (၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ) |
| (၂) | ၂၀၁၂-၂၀၁၃ | ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့) (၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ) |
| (၃) | ၂၀၁၂-၂၀၁၃ | ဝိဇ္ဇာ/သိပ္ပံ (မဟာဘွဲ့) (၂၀၀၆ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ) |
| (၄) | ၂၀၁၂-၂၀၁၃ | မဟာသုတေသနဘွဲ့ |

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မုံရွာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မုံရွာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ လျှောက်ထားသူများသည် မုံရွာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်-

(၁) သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ

(၂) ပြီးခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ဖြင့် ရိုက်ကူးထားသော (၂"×၁½")အရွယ် ဓာတ်ပုံ(၃)ပုံ

(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်ဌာနသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ခြင်းတို့အတွက် အစီအစဉ်ကို ဆက်လက်ကြေညာ ပေးမည်ဖြစ်ပါသည်။

၇။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(ဆန်းဝင်းလှိုင်)**
**မော်ကွန်းထိန်း**
**မုံရွာတက္ကသိုလ်၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ ဆရာစံလမ်း၊ အကွက်အမှတ် ၁၀၊ မြေကွက်အမှတ် (၁/၅၂)၊ ဧရိယာ ၀ဒသမ ၀၃၂ဧကရှိမြေကွက်အား မြေငှားဂရန်ချမှတ်ပေးနိုင်ပါရန် ဒေါ်တင်တင်ဝါ ၆/ထဝန(နိုင်)၀၀၈၁၆၂၅မှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက လုံလောက်သောအကြောင်းပြချက်နှင့်အတူ ဤကြော်ငြာစာထုတ်ဆင့်သည့်ရက်မှ ၁၅ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကော့သောင်းမြို့**

## တံတားဦး အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

မန္တလေးတိုင်းဒေသကြီး၊ တံတားဦး အထက ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၅-၂-၂၀၁၄ရက် တပို့တွဲလပြည့်ကျော် ၁ရက် (စနေနေ့) နံနက် ၉နာရီတွင် တံတားဦး အထက ရတနာထွန်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အလှူငွေများကို ဒေါက်တာကျော်တင် ဖုန်း-၀၆၆-၄၄၀၅၈၊ ၀၉-၄၃၁၀၂၉၈၁၊ ဦးရဲလင်းသူ ဖုန်း-၀၆၆-၄၄၀၆၇၊ ၀၉-၂၀၂၄၉၉၄၊ ဦးစိုးမိုးအောင် ဖုန်း-၀၆၆-၄၄၁၂၁၊ ၀၉-၂၀၂၁၂၁၂၊ ဦးမြင့်သန်း ဖုန်း-၀၉-၄၀၂၆၃၀၀၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော် ဦးညွန့်ကို (ဘ) ဦးစံရှင် ၆/တသရ(နိုင်)၀၁၂၃၅၂၏ Passport (M.200050) ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၅၈၂၂၀**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မဆုလဲ့ရည် ၁၂/မရက(နိုင်)၁၄၄၆၉၆သည် မိဘဆိုဆုံးမမှုကို မနာခံတော့ဘဲ မိဘခွင့်မလွှတ်နိုင်သောလုပ်ရပ်များကို အကြိမ်ကြိမ်လုပ်ဆောင်သဖြင့် သမီးအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မဆုလဲ့ရည်နှင့်ပတ်သက်လာမည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ကျော် ၅/ကလတ(နိုင်)၀၃၄၈၇၅**

# အခမဲ့ကြည့်ရှုနိုင်သော Set Top Box များ ချပေးလျက်ရှိ

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

နိုင်ငံတော်မှလူမှုအသိုက်အဝန်းနှင့်လူမှုအဆင့်(E) အိမ်ထောင်စုများသို့ Set Top Box များအား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဖြန့်ဝေချထားပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဒီဇင်ဘာ ၁၁ ရက်က အိမ်ထောင်စုအလိုက် မြန်ဆန်စွာ ချပေးခဲ့ကြောင်း သိရသည်။

"ရပ်ကွက်၊ ကျေးရွာများမှာရှိတဲ့ ဝင်ငွေတစ်သိန်းခွဲအောက် အိမ်ထောင်စု ၄၈၃ စုနဲ့ အများနှင့်ဆိုင်တဲ့ အဖွဲ့အစည်းဌာနအတွက် Set Top Box ၁၄ လုံးကို ဒီနေ့ချပေးခဲ့ပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားပြီး "ရပ်ကွက်၊ ကျေးရွာပြည်သူတွေ အခုလိုနိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးတဲ့ Set Top Box တွေရကြလို့ ဝမ်းသာနေကြတယ်။ ၄၄ နှစ်ကြာမှ ကြည့်ခွင့်ဆုံခွင့်ရတဲ့ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ပြည်သူတွေ တိုက်ရိုက်ကိုယ့်အိမ်ကနေ ကြည့်ရှုခွင့်ရလာတဲ့အတွက် ပျော်ရွှင်နေကြပါတယ်။ ကျောင်းပိတ်ရက်မှာ ကျောင်းသားလူငယ်တွေပါ ကြည့်ရှုနိုင်အောင် ရပ်ကွက်စာကြည့်တိုက်မှူးကို Set Top Box တစ်လုံး ဒီနေ့ပေးအပ်ခဲ့ပါတယ်။ အခြေခံလူတန်းစားတွေ အခမဲ့ရုပ်သံလိုင်းကြည့်ရှုခွင့်ရတာဟာ အသိပညာ၊ ဗဟုသုတ တိုးပွားလာတဲ့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို သိသာစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်"ဟု အမှတ်(၁၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယနေ့ဖြန့်ဝေပေးသည့် Set Top Box များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်ရုံရှိသော ဒေသတွင် MRTV၊ MITV၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်းစသည့် ရုပ်သံလိုင်းငါးလိုင်းအပြင် MRTV-4 နှင့် မြဝတီရုပ်သံထပ်ဆင့်လွှင့်စက်ရှိသော ဒေသများတွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ရုပ်သံလိုင်းငါးလိုင်းအပြင် နောက်ထပ်ရုပ်သံလိုင်း ၁၀ လိုင်းကျော်ကိုပါ အခမဲ့ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မင်းဘူး)မှ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာညွန့်၊ စက်မှုကျွမ်းကျင်-၂ ဦးလေးခိုင်၊ မထသ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်၊ ယာဉ်/လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ ဒုတိယရဲအုပ် စိုးမိုးဌေးတို့ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်က မင်းဘူးမြို့ ကားကြီးကွင်းအတွင်းရှိ မထသရုံးရှေ့၌ ခရီးသည်တင် အဝေးပြေးဘတ်စ်ယာဉ်ကြီးများ၏ ယာဉ်လိုင်စင်မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ အကူယာဉ်မောင်းလိုင်စင်၊ စပယ်ယာလိုင်စင်၊ ယာဉ်ကြံ့ခိုင်မှုနှင့် မီးသတ်ဆေးဘူးတပ်ဆင်ထားခြင်းများကို ကိုက်ညီသင့်တော် မှန်ကန်မှုရှိ/မရှိကို စစ်ဆေးကြစဉ်။ သန်းဌေး(iprd)

# ကျောင်းနေအရွယ်ကလေးများအား ဒေသထွက်အာဟာရနွားနို့တိုက်ကျွေး

**ပူတာအို  ဒီဇင်ဘာ  ၁၃**

ကချင်ပြည်နယ် ပူတာအို ခရိုင်/မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများအား ဒေသထွက် အာဟာရနွားနို့တိုက်ကျွေးခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၉ ရက်က ပူတာအိုမြို့ တောင်တထောင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ အာဟာရနွားနို့တိုက်ကျွေးခြင်း အစီအစဉ်သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်/မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့်ဝန်ထမ်းများ၊ တောင်တထောင်အမက ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ နွားနို့တိုက်ကျွေးခြင်း အစီအစဉ်တွင် ကျောင်းနေအရွယ်ကလေးငယ်ကျောင်းသား ကျောင်းသူ ၁၅၆ ဦးကို ဒေသထွက်အာဟာရနွားနို့များအား အနာဂတ်မျိုးဆက်သစ်ကျောင်းသား ကျောင်းသူ လူငယ်ကလေးငယ်များ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းထွားကျိုင်း၍ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်အတွက် နွားနို့ ပုံမှန်သောက်သုံးခြင်းအလေ့အကျင့်များဖြစ်လာစေရန် ရည်ရွယ်ကာ တိုက်ကျွေးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဘုန်းကျော်ထံမှ သိရသည်။ **ဖုန်းကန်(ပူတာအို)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပေးအပ်

**ကျိုင်းတုံ  ဒီဇင်ဘာ  ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ကျိုင်းတုံမြို့ ရှမ်းပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆုများကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးတို့မှ ကျောင်းသားကျောင်းသူကိုယ်စားလှယ်များကတစ်ဆင့် ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပေးအပ်ငွေများမှာ ဆေးတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၂၆ ဦးအတွက် ငွေကျပ် ၇၇ သိန်း၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူ နှစ်ဦးအတွက် ငွေကျပ်နှစ်သိန်းလေးသောင်း၊ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူ ၂၅ ဦးအတွက် ငွေကျပ် ၂၃ သိန်း နှစ်သောင်း စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃ ဦးအတွက် ငွေကျပ် ၁၀၂ သိန်းခြောက်သောင်းဖြစ်ကြောင်း သိရသည်။ **နိုင်နိုင်အောင်ဝေ**

# တန့်ယန်း-နောင်လိုင်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့

**တန့်ယန်း  ဒီဇင်ဘာ  ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ တန့်ယန်း-နောင်လိုင်လမ်းကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးလျင်မြန်ချောမွေ့နေပြီဖြစ်သည်။

အဆိုပါလမ်းမှာတန့်ယန်းမှ နမ့်ဟူးလွယ်ကာအုပ်စု၊ မိုင်းကျိုင်အုပ်စု၊ ပန်နွဲ့အုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စုတို့ကို အဓိကဆက်သွယ်ထားသော လမ်းဖြစ်ပြီး တောင်ပေါ်ဒေသဖြစ်သည့်အတွက် တောင်ဆင်းတောင်တက်များပြားသည်။

မိုးတွင်းကာလ၌ အချို့နေရာများသည် သွားလာရန်ခက်ခဲမှုကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေမှ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ကုန်းညုကျေးရွာအနီး မိုင်တိုင်အမှတ် (၁၅/၄) မှ (၁၈/၄) အထိ သုံးမိုင်ကိုမူလမြေသားလမ်းဖြစ်သည့် အကျယ် ၁၂ ပေလမ်းကို စက်ယန္တရားကြီးများဖြင့် လမ်းအကျယ် ပေ ၃၀ ရရှိအောင် တောင်စောင်းဖြေလျှော့နှိမ့်ချကာ ဆောင်ရွက်ခဲ့ပြီး အမာခံကျောက်ခင်း၍ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းပေးခြင်းလုပ်ငန်းကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၂/၄) မှ (၁၅/၄) အထိ မူလမြေသားလမ်းသုံးမိုင်ကို အမာခံ ကျောက်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ လမ်းတွင် ရေစီးရေလာကောင်းမွန်စေရန် အချင်းနှစ်ပေရှိ ရေပြွန်ကွန်ကရစ်တံတား စုစုပေါင်းခုနစ်ခုကိုလည်းကောင်း ဖောက်လုပ်ပေးခဲ့ရာ လုပ်ငန်းအားလုံးကို ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှစတင်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးဝင်းမောင်၏ ပြောပြချက်အရသိရသည်။

သို့အတွက်ကြောင့် တန့်ယန်း-နောင်လိုင်လမ်းကို အသုံးပြုနေသည့် ပြည်သူများအနေဖြင့် အချိန်အခါမရွေး၊ ရာသီမရွေးလျင်မြန်လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အရိပ်လည်းရ**
**ဝန်းကျင်လှ**
**သစ်ပင်စိုက်ပျိုးကြ**

# လမ်းဖြတ်ကူးသူ လိုက်ထရပ်ယာဉ်တိုက်မိ၍သေဆုံး

**ရန်ကုန်  ဒီဇင်ဘာ  ၁၃**

ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက ကွမ်းခြံကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်းမိုင်တိုင်အမှတ်(၆၄/၀) နှင့် (၆၄/၁)အကြား လိုက်ထရပ်ယာဉ်က ရှေ့မှလမ်းဖြတ်ကူးသူအား တိုက်မိခဲ့ပြီး သေဆုံးခဲ့ရသောဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် ညနေ ၆ နာရီက ကွမ်းခြံကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်းမိုင်တိုင်အမှတ်(၆၄/၀)နှင့် (၆၄/၁) အကြား တောင်မှမြောက်သို့ ယာဉ်မောင်း အောင်မျိုး သုံးဆယ်မြို့ ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော 8C/.....လိုက်ထရပ် အပြာ/ မီးခိုးရောင်ကိုယ်ပိုင်ယာဉ်သည် ရှေ့မှ လမ်းဖြတ်ကူးသူ ဦးနက်ကျော်(ခ) ဦးတင်စိုး ကွမ်းခြံကုန်းကျေးရွာ ဥက္ကံမြို့နေသူအား တိုက်မိခဲ့ပြီး ဦးနက်ကျော်(ခ)ဦးတင်စိုးတွင် ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့စဉ်လမ်း၌ သေဆုံးသွားသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်မျိုးအပေါ် အရေးယူပေးပါရန် တိုင်တန်းသဖြင့် ဥက္ကံနယ်မြေရဲစခန်းက အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**



## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၇၀**

ဒေါ်ဆွေ **နှင့်** ဒေါ်စိန်ရွှေ
**တရားနိုင်** **တရားရှုံး**

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၅၂၃ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်၊ ၂၂ လမ်း၊ ၈၁×၈၂ လမ်းကြား၊ ဆန်ကိုဒေါင်ဝင်း၊ အကွက် ၁၆၃၊ ဦးပိုင်(၂၀/င)၊ ဧရိယာ ၀ ဒသမ ၀၇၆၉ ဧကရှိ ဘိုးဘပိုင်မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀ တိတိ။**
**(ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၅၃)ရပ်ကွက်၊ မြေကွက်-၇၃၉ဟု ခေါ်တွင်သော အလျားပေ ၄၀× အနံပေ ၆၀ရှိ (ဦးလှမြင့်အမည်ပေါက် ယခုဂရန်လျှောက်ထားဆဲ) မြေကွက်နှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဦးကျော်လွင် ၁၂/တမန (နိုင်)၀၈၈၃၅၅မှ အဆိုပါမြေကွက်နှင့် ပတ်သက်ဆက်နွှယ်မှုအားလုံးကို ယခုအချိန်အထိ တရားဝင်လက်ရောက်ပိုင်ဆိုင်ရယူထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများအားလုံးအနေဖြင့် မည်သူမဆို ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဖြူဖြူထွဏ်း LL.B** **စည်သူအံ့ဘွယ် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၂၁၅၆)** **တရားလွှတ်တော်ရှေ့နေ (Advocate)**
**ရှေ့နေများနားနေခန်း၊စုပေါင်းရုံးဝင်း၊အင်းစိန်မြို့နယ်** **ဖုန်း-၀၉-၇၃၀၂၁၁၂၃**

## ရောင်းမည်

၁။ မရမ်းကုန်းမြို့နယ်၊ ကေတုမတီလမ်း၊ (၅၅၈၀ sqft -ကျပ်သိန်း ၃၅၀၀)
၂။ မရမ်းကုန်းမြို့နယ်၊ သုခလမ်း၊ (၅၅၈၀ sqft-ကျပ်သိန်း ၄၅၀၀)
၃။ အင်းစိန်မြို့နယ်၊ ရန်ကြီးအောင်လမ်း (၃၀၀၀ sqft-ကျပ်သိန်း ၁၅၀၀)

## ငှားမည်

၁။ မရမ်းကုန်းမြို့နယ်၊ အေဝမ်း၊ 3RC, 6 Master Bed, A/C-9, Phone 3၊ မီတာ(၁)၊ ပါဝါမီတာ(၁)၊ ကျပ်သိန်း ၇၀
၂။ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ၊ 2RC, 4 Master Bed, A/C-7, Phone 1၊ မီတာ(၂)၊ ပါဝါမီတာ(၁)၊ ကျပ်သိန်း ၅၀

**ဖုန်း-၀၉-၅၀၁၂၈၈၅၊ ၀၉-၅၁၂၂၃၃၉**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြို့မရပ်၊ ဦးပိုင်အမှတ် ၇၉၊ ဧရိယာ ၀ဒသမ ၂၇၁ဧကရှိ ဦးကျော်သိန်းအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမောင်မောင်ဦး ပါ-၃၊ ၉/လဝန(နိုင်)၀၃၃၅၂၄ (ဘ) ဦးတင်အောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ရန်အတွက် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေကွက်အမှတ်(ပ-၄၄၈၈)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးတင်လှိုင် (ဘ) ဦးမင်းရှိန်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သောပါမစ်မြေ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်သန်းဝင်း ၉/ပဗသ(နိုင်)၀၀၃၆၃၈ (ဘ) ဦးသန်းထွန်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေချပါမစ်အမည်ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဌာနဆိုင်ရာကြော်ငြာ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စက်မှုဝန်ကြီးဌာန
### စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
### (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၆-၁-၂၀၁၄ရက်မှ ၁၄-၂-၂၀၁၄ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၄င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသူ မည်သူမဆို ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန- အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၇၀၀၉**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ဆေးသိပ္ပံပညာဦးစီးဌာန၊ သူနာပြုတက္ကသိုလ်-မန္တလေး၊ မန္တလေးမြို့
## (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်-မန္တလေး၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ ယင်းဘွဲ့နှင်းသဘင်အခမ်းအနားသို့ အထူးပြုသူနာပြုဒီပလိုမာ (၉)လ (၁/၂၀၁၃)သင်တန်း၊ စတုတ္ထနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)(၁/၂၀၁၃)သင်တန်း၊ ဒုတိယနှစ် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)(၁/၂၀၁၃)သင်တန်းနှင့် ဒုတိယနှစ် သူနာပြု မဟာသိပ္ပံဘွဲ့(၁၂/၂၀၁၂) သင်တန်းဘွဲ့ရစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

| | |
|---|---|
| **ကျင်းပမည့်ရက်/အချိန်** | - ၆-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉နာရီ |
| **ကျင်းပမည့်နေရာ** | - ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးတက္ကသိုလ် |
| **အစမ်းလေ့ကျင့်မည့်ရက်/အချိန်** | - ၅-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီ |
| **ဘွဲ့နှင်းသဘင်ကြေး** | - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| **အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး** | - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| **လျှောက်လွှာလက်ခံမည့်ရက်** | - ၂၃-၁၂-၂၀၁၃ရက်မှ ၂၂-၁-၂၀၁၄ ရက်အထိ နောက်ကျကြေး(၅၀၀/-)ဖြင့် ၂၄-၁-၂၀၁၄ရက် နောက်ဆုံးထားပေးသွင်းရန်။ |

ဘွဲ့နှင်းသဘင်တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို သူနာပြုတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၁½"×၂") (ရောင်စုံ)ဓာတ်ပုံနှစ်ပုံနှင့် ပူးတွဲလျက် သတ်မှတ်ရက်အတွင်း တင်သွင်းကြရမည်။

**မှတ်ချက်။** ဘွဲ့ဝတ်ရုံငှားရမ်းခွင့်လျှောက်လွှာကို တစ်ပတ်ကြိုတင်၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနစိတ်တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**(တင့်သန္တာသူ)**
**မော်ကွန်းထိန်း**
**သူနာပြုတက္ကသိုလ်-မန္တလေး၊ မန္တလေးမြို့**

### မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တရားရုံး
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းအမည်**

(က) ကျောက်ဆည်ခရိုင်တရားရုံး ဝန်ထမ်းအိမ်ရာ ရေ၊ လျှပ်စစ်မီးအပါအဝင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၆-၁၂-၂၀၁၃ရက် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျောက်ဆည်ခရိုင်တရားရုံး(စီမံဌာန)

ဖုန်း-၀၆၆-၅၀၃၄၈

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါအမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

NISSAN AD VAN (2008 Model) 5 Nos

၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၄တို့သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ**
**စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန**

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို မြန်မာကျပ်ငွေ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း အကြောင်းကြားပါသည်-

(က) ဥဖောက်စက် (လုံးရေ ၇၀၀-၁၀၀၀ဆံ့) ၅၀ လုံး

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

### ဆပ်ပြာစက်ရုံခွဲ(မကွေး)အား ငှားရမ်းရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဆပ်ပြာစက်ရုံခွဲ(မကွေး)အား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက် နှင့်အချိန်** | - ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) - နံနက် ၉း၀၀ နာရီ |
| (ခ) | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၀-၁-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ |
| (ဂ) | **တင်ဒါပေးသွင်းရမည့်နေရာ** | - ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် |

၂။ စည်းကမ်းချက်များနှင်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ် ၃၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်း(B)မှ မနန်းခင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးရှိကျင်ဆိုင် ၁၃/လရန(နိုင်)၀၈၄၆၈၉ နှင့် ဦးဝင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရှိကျင်ဆိုင်(ခ)ဦးဝင်းအောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၈၁၁၄၊ Nissan Civilian ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ကျိုင်း ၁၃/တခလ(နိုင်)၀၆၁၈၄၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်/အထူးစီမံကိန်းအဖွဲ့များမှ တာဝန်ယူကြီးကြပ်လျက်ရှိသော (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း၊ ဖြည့်စွက်၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ဘားအံခရိုင် | ကော့ကရိတ်ခရိုင် | ဖာပွန်ခရိုင် | လမ်းအထူး(၉) | တံတားအထူး(၁၃) | အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၁) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် | အရေအတွက် |
| ၁။ | ကတ္တရာ | တန် | - | - | ၉၅·၀၀၀ | - | - | - | ၉၅·၀၀၀ |
| ၂။ | သံချောင်း | တန် | ၄၃·၈၈၀ | ၂၈·၆၄၀ | ၁၁၉·၀၉၀ | - | - | - | ၁၉၁·၆၁၀ |
| ၃။ | ဘိလပ်မြေ | တန် | ၂၉၆·၇၅၀ | ၂၀၂·၃၃၄ | ၃၈၆·၀၅၀ | ၇၆·၇၂၅ | ၃၈၂·၆၇၀ | ၆၇·၀၀ | ၁၄၁၁·၇၂၉ |
| ၄။ | အုတ် | ချပ် | ၅၇၆၀၃၀ | ၁၁၅၄၁ | - | ၁၃၇၈၅၁ | - | ၈၆၆၀၀ | ၈၁၂၀၂၂ |
| ၅။ | သဲ | ကျင်း | ၉၆၀·၀၂၀ | ၁၁၉·၁၀၀ | ၂၃၃·၃၉၀ | ၁၁၀·၅၅၀ | ၂၁၄·၃၈၉ | ၁၃၁·၈၇၀ | ၁၇၆၉·၃၁၉ |
| ၆။ | ကျောက်စရစ် | ကျင်း | ၁၅၉·၂၀၀ | ၁၉၃·၉၂၀ | ၃၄၂·၈၈၀ | ၁၂၇·၅၀၀ | ၃၀၄·၇၀၀ | ၁၂၆·၆၇၀ | ၁၂၅၄·၈၇၀ |
| ၇။ | ၆"-၉" ကျောက် | ကျင်း | ၇၃·၅၀၀ | ၆၉·၂၇၀ | - | ၂၂·၃၀၀ | - | ၁၇၆·၈၅၀ | ၃၄၁·၉၂၀ |
| ၈။ | ၂"-၄" ကျောက်(ချောင်းကျောက်) | ကျင်း | ၁၀၅၆၀·၀၀၀ | ၁၉၉·၅၈၀ | ၂၅၃·၀၀၀ | - | - | - | ၁၁၀၁၂·၅၈၀ |
| ၉။ | ၂"-၄"ကျောက်(ခွဲကျောက်) | ကျင်း | - | ၁၇၇၄·၀၈၀ | - | ၅၆၈·၁၀၀ | - | - | ၂၃၄၂·၁၈၀ |
| ၁၀။ | ၁"-၂"ကျောက်(ချောင်းကျောက်) | ကျင်း | ၁၈၈၁·၀၀၀ | - | ၅၉၄·၀၀၀ | - | - | - | ၂၄၇၅·၀၀၀ |
| ၁၁။ | ၁"-၂"ကျောက်(ခွဲကျောက်) | ကျင်း | - | ၁၀၀၁·၃၅၀ | - | ၈၁၁·၆၀၀ | - | ၁၂၀၆·၂၅၀ | ၃၀၁၉·၂၀၀ |
| ၁၂။ | ၁/၂"-၁/၄"ကျောက် | ကျင်း | - | ၈၆·၃၆၀ | ၈၀·၀၀၀ | ၆၄·၅၀၀ | - | ၂၂၆·၅၀၀ | ၄၅၇·၃၆၀ |
| ၁၃။ | ၁/၄"-၁/၈"ကျောက် | ကျင်း | - | - | - | ၅၆·၀၀၀ | - | ၁၆·၂၅၀ | ၇၂·၂၅၀ |
| ၁၄။ | ၁/၄"-၃/၈"ကျောက် | ကျင်း | - | ၅၆·၀၀ | ၅၆·၀၀၀ | ၆၃·၀၀၀ | - | ၁၅၈·၃၇၅ | ၃၃၃·၃၇၅ |
| ၁၅။ | ၁/၄"-၁/၂"ကျောက် | ကျင်း | - | - | - | ၃၆·၈၀၀ | - | - | ၃၆·၈၀၀ |
| ၁၆။ | ၁/၈"-၁/၂"ကျောက် | ကျင်း | - | ၃၂·၄၅၀ | - | - | - | - | ၃၂·၄၅၀ |
| ၁၇။ | ဖြုန်းကျောက် | ကျင်း | - | ၅၇၀·၀၀ | - | - | - | - | ၅၇၀·၀၀၀ |
| ၁၈။ | ကျောက်ရောမြေ | ကျင်း | - | - | - | - | ၈၂·၉၉ | - | ၈၂·၉၉၀ |
| ၁၉။ | သစ်ခွဲသား | တန် | - | ၁၃·၁၀၀ | - | - | - | - | ၁၃·၁၀၀ |
| ၂၀။ | ပျဉ်းကတိုးခွဲသား | တန် | - | ၁၁၉·၄၉၄ | - | ၄·၂၂၀ | - | - | ၁၂၃·၇၁၄ |
| ၂၁။ | တောသစ် | တန် | ၅၁·၅၄၀ | ၃၆·၈၄၀ | ၈၇·၀၆၀ | ၂၀·၅၈ | ၁၇၃·၄၈၂ | - | ၃၆၉·၅၀၂ |
| ၂၂။ | ပျဉ်းကတိုးတိုင်(၁၀"×၁၂") | ပေ | - | ၂၄၀·၀၀၀ | - | - | - | - | ၂၄၀·၀၀၀ |
| ၂၃။ | သစ်မာတိုင်(၁၀"×၁၂") | ပေ | - | ၃၀၀·၀၀ | - | - | - | - | ၃၀၀·၀၀၀ |
| ၂၄။ | မျောတိုင် (၈"×၁၀") | ပေ | - | ၄၃၂·၀၀၀ | - | - | - | - | ၄၃၂·၀၀၀ |
| ၂၅။ | အခြားသား | တန် | - | ၅·၅၀၀ | - | - | - | - | ၅·၅၀၀ |
| ၂၆။ | ၃၂အရှည်သွပ်(4angle) | ချပ် | - | - | - | ၃၆၀ | - | - | ၃၆၀·၀၀၀ |
| ၂၇။ | ၆"×၃"(H)angle Iron(19') | ချပ် | - | - | - | ၁၁၄ | - | - | ၁၁၄·၀၀၀ |
| ၂၈။ | ၄"×၂"(U)angle Iron(19') | ချောင်း | - | - | - | ၁၀၀ | - | - | ၁၀၀·၀၀၀ |
| ၂၉။ | ၃"×၁½"(hollow)အထူ(၁၉') | ချောင်း | - | - | - | ၃၈၅ | - | - | ၃၈၅·၀၀၀ |
| ၃၀။ | ၁½"×၁½"(hollow)အထူ(၁၉') | ချောင်း | - | - | - | ၃၆၂ | - | - | ၃၆၂·၀၀၀ |
| ၃၁။ | ၂"×၂"(hollow)အထူ(၁၉') | ချောင်း | - | - | - | ၆၈၂·၅ | - | - | ၆၈၂·၅၀၀ |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၅-၁၂-၂၀၁၃ ရက်မှ ၂၉-၁၂-၂၀၁၃ ရက်အထိ

**တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ကရင်ပြည်နယ်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ၁၅-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ကရင်ပြည်နယ် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့

## ၂၀၁၄ခုနှစ် လုပ်ငန်းဆောင်ရွက်ရန် လေလံကြော်ငြာ

၁။ ရွှေမော်ဓောစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများ အဆင်ပြေစေရန်အတွက် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၃ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ၂၀၁၄ ခုနှစ်အတွက် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

- (က) မော်တော်ယာဉ်ရပ်နားခွင့်နှင့် (ဆိုင်ကယ်အပ်နှံခြင်းကို အလယ်ပစ္စယာ မော်တော်ယာဉ်အပ်နှံသည့်နေရာ/ခြသေ့်ဦးနှင့် မွန်ဓမ္မာရုံရှေ့အထိ)ကောက်ခံခွင့်၊
- (ခ) ခြသေ့်ဦးသန့်စင်ခန်းရှေ့စက်ဘီးအပ်နှံခြင်း၊ ဆိုင်ကယ်အပ်နှံခြင်းလုပ်ငန်း ကောက်ခံခွင့်၊
- (ဂ) ကင်မရာနှင့် ဗီဒီယိုအခွန်ကောက်ခံခွင့်၊
- (ဃ) ယက္ခမယ်တော်နန်း/ဘိုးဘိုးကြီးနန်းမှ အုန်းပွဲ၊ ငှက်ပျောပွဲနှင့် ပဝါများရောင်းချခွင့်/စွန့်ယူခွင့်၊
- (င) စေတီတော်မြတ်ကြီးရင်ပြင်တော်နှင့် ဝတ္တကမြေအတွင်း ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း၊
- (စ) ဝတ္တကမြေအတွင်း သီး/ပွင့်ဆွတ်ခူးခွင့်၊
- (ဆ) ရင်ပြင်တော် ဖယောင်း/တာအိုးသိမ်းယူခွင့်၊

၂။ **လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန်**

- **လေလံတင်ရောင်းချမည့်နေ့ရက်** - ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့)
- **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀ နာရီ
- **လေလံတင်ရောင်းချမည့်နေရာ** - ဂေါပကအဖွဲ့ရုံး

၃။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းတစ်စုံလျှင် ၃၀၀၀/-ကျပ်နှုန်းဖြင့် ၂၆-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ဂေါပကရုံးအဖွဲ့တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက ဂေါပကရုံးအဖွဲ့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ရွှေမော်ဓောစေတီတော်**
**ဖုန်း-၀၅၂-၂၄၂၅၅၊ ၀၅၂-၂၁၀၆၈**

## အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ ကံကြီး/မကျီးရပ်ကွက်၊ ကွင်းအမှတ် ၄၊ ဈေးပိုင်းကွက်၊ အမှတ် ၇၊ မြို့မအုပ်စု၊ ဧရိယာ ၀ဒသမ ၀၈၂၈ဧက၊ ဦးမြမောင်အမည်ပေါက် မြေကွက်ကို ဒေါ်သန်းမြင့် (ဘ)ဦးနော်ခင် ၁၂/ကခက(နိုင်)၀၀၆၈၁၇အမည်ပေါက်သို့ ပြောင်းလဲရန် ကွမ်းခြံကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ တရားဝင်လျှောက်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့် ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းထွဋ်ဝင်း LL.B** | **ဦးစိုးဟန် LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၄၁၂၀၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၁၂)** |
| **အမှတ်(၅၈၆)က-သီဟိုဠ်ကျောင်းလမ်း၊** | **အမှတ် ၃၇၊ ဘုရားကုန်းမြို့၊** |
| **ရွာသစ်၊ အောင်ဆန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊** | **ကွက်သစ်၊ သန်လျင်မြို့၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ရန်ကုန်တိုင်းဒေသကြီး** |

## ၆-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးအေးလွင်(မိုးဟိန်းကျော်)၏ လွှဲအပ်ညွှန်ကြားချက်အရ (၁) ဦးစိုးဝင်း၊ (၂) ဒေါ်သရဖီတင်ညွန့် (တရားလွှတ်တော်ရှေ့နေ)များမှ တရားလွှတ်တော်ရှေ့နေကြီး ဦးချစ်ကိုကိုနှင့် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၏ ကန့်ကွက်နိုင်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာချက်အပေါ် ကန့်ကွက်ခြင်းအား အများသိစေရန်

## ပြန်လည်ရှင်းလင်းသတိပေး ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၅၁၆)နေ ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ် ၁၂/ဗဟန(နိုင်)၀၇၄၃၉၄၏လွှဲအပ်ညွှန်ကြားချက်အရ ဦးအေးလွင်(မိုးဟိန်းကျော်)မှ တရားလွှတ်တော်ရှေ့နေကြီး ဦးချစ်ကိုကိုနှင့် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၏ ကန့်ကွက်နိုင်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာချက်အပေါ် ကန့်ကွက်ခြင်းအား အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်သည်မှာ-

၁။ ဒေါ်ကြည်(ခ)ဆဘီဒွန်ဘေဂွန်နှင့်ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၃/ဘီ)၊ အကျယ်အဝန်း ၂ဒသမ၅ဧကရှိ မြေကွက်ကြီးတစ်ကွက်လုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ ၇-၃-၂၀၀၈ရက်စွဲပါ စာချုပ်ဖြင့် မည်သူတစ်စုံတစ်ဦးကိုမျှ ရောင်းချထားခြင်းမရှိပါ။ လူကြီးမင်းဦးအေးလွင်(မိုးဟိန်းကျော်)၏မိတ်ဆွေဆိုသူကိုလည်း မည်သူမည်ဝါမှန်းပင် မသိရှိပါ။

၂။ လူကြီးမင်းဦးအေးလွင်(မိုးဟိန်းကျော်)အနေဖြင့် ဒေါ်ကြည်(ခ)ဆဘီဒွန်ဘေဂွန်နှင့်ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်တို့အပေါ် အများပြည်သူတို့မှ အထင်အမြင်လွဲမှားစေရန် မြန်မာ့အလင်းသတင်းစာမှ မဟုတ်မမှန်ကြေညာသည့်အတွက် ဒေါ်ကြည်(ခ)ဆဘီဒွန်ဘေဂွန်နှင့်ဦးသိန်းထွန်းတို့၏ကောင်းသောဂုဏ်သိက္ခာနှင့် ကောင်းသောဂုဏ်သတင်းတို့ကို ထိခိုက်နစ်နာစေလျက်ရှိပါသည်။

၃။ ထို့ကြောင့် လူကြီးမင်းဦးအေးလွင်(မိုးဟိန်းကျော်)၏မြန်မာ့အလင်းသတင်းစာပါ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ခြင်းကြေညာအား ဤကြေညာ စာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သတင်းစာမှ ရုပ်သိမ်းပေးပါရန်နှင့် ဒေါ်ကြည် (ခ) ဆဘီဒွန်ဘေဂွန်နှင့် ဦးသိန်းထွန်းတို့ကို တောင်းပန်ပါရန် တောင်းဆိုအပ်ပါသည်။

၄။ အကယ်၍ အထက်ပါတောင်းဆိုမှုကို လူကြီးမင်းအနေဖြင့် ဆောင်ရွက်ပေးခြင်းမရှိပါက လူကြီးမင်းအားတည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းနု** | **ဦးဇော်ကိုကိုဦး** | **ဒေါ်မြမြဝင်း** |
| **ဥပဒေဘွဲ့** | **LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၁၉)** | **(စဉ်-၂၈၇၈၀)** | **(စဉ်-၂၃၆၀၀)** |

| | |
|---|---|
| **ဒေါ်သစ်သစ်လွင် LL.B** | **ဒေါ်လှိုင်နန်းထိုက် LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၃၄၆၅၃)** | **အထက်တန်းရှေ့နေ(စဉ်-၃၁၆၀၇)** |

**အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း ၄၊ M.A.C Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကျောက်ကြီး အထကကျောင်းသား ကျောင်းသူဟောင်းများ

## မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့အထက၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်၊ နံနက် ၈နာရီတွင် ကျင်းပမည့် **(၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**သို့ ရပ်ဝေးမှဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့်ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန်-

| | | |
|---|---|---|
| **ရန်ကုန်** | - | ဦးသန်းဝင်း ဖုန်း-၀၉-၅၁၄၆၉၃၅ |
| **မန္တလေး** | - | ဦးခင်ဇော် ဖုန်း-၀၉-၂၀၂၃၂၅၄ |
| **ပဲခူး** | - | ဦးကံစိန် ဖုန်း-၀၉-၄၉၄၄၄၅၄၇ |
| **ကျောက်ကြီး** | - | ဒေါ်အုန်းရီ (ကျောင်းအုပ်ဆရာမကြီး-အထက) ဖုန်း-၀၉-၂၅၀၁၁၂၂၀၄ |
| | | ဦးဝင်းအောင် (မြို့နယ်ပညာရေးမှူးရုံး) ဖုန်း-၀၅၄-၄၉၀၀၃ |
| | | ဦးထိန်ဝင်း ဖုန်း-၀၉-၄၂၈၁၉၅၆၇၀ |
| | | ဦးရီစိုး (စိုက်/ဘဏ်) ဖုန်း-၀၉-၂၅၀၃၉၅၅၄၀ |

## ၆-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၇-၁၂-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးလင်းလင်း ၁/မညန(နိုင်)၀၈၇၅၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းနေဝင်း (အထက်တန်းရှေ့နေ)မှ တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကို၏ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အား ပြန်လည်ကန့်ကွက်ကြောင်းအသိပေးကြေညာခြင်းအပေါ်

## အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၅၁၆နေ ဦးသိန်းထွန်း (ခ)မိုဟာမက်အီစွပ် ၁၂/ဗဟန(နိုင်)၀၇၄၃၉၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလင်းလင်း ၁/မညန(နိုင်)၀၈၇၅၇၅၏ **ပြန်လည်ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း**အပေါ် အောက်ဖော်ပြပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေး ကြေညာအပ်သည်မှာ-

၁။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊မြေကွက်အမှတ်၃၊ ဧရိယာ ၂ ဒသမ ၅ဧကရှိမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်နှင့် ဦးလင်းလင်းတို့ချုပ်ဆိုခဲ့ကြသည့် အရောင်းအဝယ်စရန်ပေးကတိစာချုပ်အားလုံးတို့ကို ၁၈-၁၁-၂၀၁၃ ရက်စွဲပါ **ငွေပြန်လည်ပေးလျော်ရန် သဘောတူကတိစာချုပ်** ဖြင့် အပြီးအပိုင်ဖျက်သိမ်းလိုက်ပြီးဖြစ်ကြောင်း လူကြီးမင်း ဦးလင်းလင်းကိုယ်တိုင် သိရှိနားလည်သဘောပေါက်ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ၁၈-၁၁-၂၀၁၃ ရက်စွဲပါ **ငွေပြန်လည်ပေးလျော်ရန် သဘောတူကတိစာချုပ်**အရ ကျွန်ုပ်၏အမှုသည်ထံမှ လျော်ကြေးငွေ ၄၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးသောင်းတိတိ)ကို လက်ခံရယူရန် လူကြီးမင်းဦးလင်းလင်းမှ သဘောတူကတိပြု လက်ခံခဲ့ပြီးဖြစ်သည့်အတွက် အထက်ဖော်ပြပါ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၊ ဧရိယ ၂ ဒသမ ၅ဧကမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ သည် လူကြီးမင်းဦးလင်းလင်းနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်မှုမရှိတော့ပါ။

၃။ အဆိုပါ ၁၈-၁၁-၂၀၁၃ ရက်စွဲပါ **ငွေပြန်လည်ပေးလျော်ရန် သဘောတူကတိစာချုပ်** ချုပ်ဆိုသည့်ရက်၌ပင် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်း (ခ) မိုဟာမက်အီစွပ်ထံမှ ငွေသားကျပ် ၁၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)နှင့် ငွေကျပ် ၉၀၀၀၀၀၀၀၀/-(ကျပ်သိန်းကိုးထောင်တိတိ)အတွက် ချက်လက်မှတ်လေးစောင်ဖြစ်သည့် ရောဝတီဘဏ် ချက်နံပါတ် BA 741262၊ KBZ ဘဏ်ချက်နံပါတ် 909272၊ KBZ ဘဏ်ချက်နံပါတ် 000021385၊ CB ဘဏ်ချက်နံပါတ် A2059063 တို့ဖြင့် လူကြီးမင်း-ဦးလင်းလင်းမှလက်ခံရယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်ထံမှ လျော်ကြေးငွေ ၁၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်သောင်းတိတိ)ကို လူကြီးမင်း ဦးလင်းလင်းမှ လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။

၄။ လူကြီးမင်း ဦးလင်းလင်းအနေဖြင့် အထက်အဆိုပါ **ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၊ ဧရိယာ ၂ ဒသမ ၅ဧကရှိမြေကွက်ကြီး တစ်ခုလုံးနှင့်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသနှင့်သော်လည်းကောင်း** ပတ်သက်စပ်ဆိုင်မှု တစ်စုံတစ်ရာမျှ မရှိတော့သည်ကိုသိလျက်နှင့် သတင်းစာများတွင် မဟုတ်မမှန်ကြေညာခဲ့ခြင်းသည် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်နှင့်တကွ မိသားစုတို့၏ ကောင်းသောဂုဏ်သတင်း၊ ကောင်းသောဂုဏ်သိက္ခာတို့ကို အများပြည်သူတို့ထင်ယောင်ထင်မှားဖြစ်စေခဲ့သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကြီးမင်းဦးလင်းလင်း၏ မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာပါ **ပြန်လည်ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း** ကြော်ငြာအား သတင်းစာများ၌ ရုပ်သိမ်းပေးပါရန်နှင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်အား တောင်းပန်ပါရန် တောင်းဆိုအပ်ပါသည်။

၅။ အကယ်၍ အထက်ပါတောင်းဆိုမှုအား လူကြီးမင်းအနေဖြင့် ဆောင်ရွက်ပေးခြင်းမရှိပါက လူကြီးမင်းအား တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါ သည်

**ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းနု(ဥပဒေဘွဲ့)** | **ဦးဇော်ကိုကိုဦး LL.B** | **ဒေါ်မြမြဝင်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၁၉)** | **(စဉ်-၂၈၇၈၀)** | **(စဉ်-၂၃၆၀၀)** |

| | |
|---|---|
| **ဒေါ်သစ်သစ်လွင် LL.B** | **ဒေါ်လှိုင်နန်းထိုက် LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၃၄၆၅၃)** | **အထက်တန်းရှေ့နေ(စဉ်-၃၁၆၀၇)** |

**အမှတ် ၅၆၁၊ ပထမထပ်၊ အခန်း ၄၊ M.A.C Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ကိုဟိန်းထက်စိုးခိုင် အသက်(၃၁)နှစ်

**B.Sc (Physic) (CE-26) CDC-55833၊ First Engineer (JSM)Co.,Ltd.**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၆၅၄-B၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်နေ (ဦးဟန်တိတ်)-ဒေါ်ကြည်စိန်၊(ဦးစောဘတင်)-ဒေါ်နော်ဖောစေးတို့၏မြေး၊ ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်ဖ်တင်တို့၏ သားကြီး၊ ဒေါက်တာဟိန်းသက်စိုးခိုင်၊ မနှင်းဝေဝေခိုင် တို့၏ အစ်ကိုကြီးသည် ၇-၁၂-၂၀၁၃ရက် (စနေနေ့)တွင် တရုတ်နိုင်ငံ XINSHA ဆိပ်ကမ်း ဒေသစံတော်ချိန် ၁၇း၀၀နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့် နေ့ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး e-Government လုပ်ငန်းများလုပ်ဆောင်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ကွန်ပျူတာ Server နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဌာနအရောက် ဈေးနှုန်းဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Rack Mount Server | - 2Units |
| (ခ) | Online UPS | - 2Units |
| (ဂ) | Network Cable(300m) | - 5Units |
| (ဃ) | Switch | - 5Units |
| (င) | Wireless Router | - 3Units |
| (စ) | Website ရေးသားခြင်း | - 1Unit |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်းဝယ်ယူနိုင်ပါသည်-

**ရုံးအမှတ်(၅၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၂၆၃၊ ၀၆၇-၄၃၀၂၆၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကွတ်ခိုင်မြို့နေ ဦးလအိုင်၏သမီး မမာပရီ ၁၃/ကခန(နိုင်)၀၇၀၁၉၈နှင့်မြန်မာစာမေးပွဲ၊ ကျောင်းမှတ်ပုံတင်အမှတ်-၁၁၁၆၆၆(၀၂၇)မှ မအိမ့်မွန်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမာပရီ(ခ)မအိမ့်မွန်အောင်**

## အမည်မှန်

လားရှိုးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ဆ)မှ နန်းယဉ်ယဉ်အေး (ခ) ဂူဆီးမေး၏ ဖခင်အမည်မှန်မှာ ဦးကိုလေး (ခ) ဦးအိုက်ရီ ၁၃/နဆန(နိုင်)၀၀၄၉၆၀ ဖြစ်ပါသည်။

## ဦးအေးရှိန် (မြင်းခြံ/ကျောက်ပန်းတောင်း)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၀၊ ငါးလွှာ၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်နေ (ဒေါ်ရီ)၏ခင်ပွန်း၊ ဦးတင်မောင်ညွန့်[ဒု-ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ILBC-ဒေါ်မြမူ]၊ ဦးရဲကြည် (ရေနံသယ်ပို့၊ ဆင်ပြောင်-၁၁၊ စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ခင်မာလာ၊ ဦးကျော်စိုး(ကညန)-ဒေါ်တင်တင်အေး(ကညန)၊ ဦးသိန်းထွန်း(ထွန်းထွန်း)-ဒေါ်စုစုထိန် (စောင်းကောက်ဖိနပ်)တို့၏ဖခင်၊ မြေး ကိုးယောက်၊မြစ်ငါးယောက်တို့၏အဘိုးသည် ၁၂-၁၂-၂၀၁၃ရက်နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂- ၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယိကာမကြီး

## ဒေါ်သန်းရင်

### အသက်(၈၁)နှစ်

တောင်ငူမြို့နယ်နေ (ဦးကွက်-ဒေါ်ဖွားရင်)တို့၏သမီးချွေးမ၊ ပင်းတယမြို့နေ (ဦးထွန်းမြတ်-ဒေါ်ခင်မြိုင်)တို့၏ သမီးကြီး၊ ပြင်ဦးလွင်မြို့၊ (၆)ရပ်ကွက်နေ ဦးတင်ရွှေ-ဒေါ်ခင်ဌေး(သဟာယမုန့်တီလုပ်ငန်း)၊ ဦးမောင်မောင်-ဒေါ်အိစန်း၊ (ဦးမြင့်နိုင်)-ဒေါ်အေး၊ ဦးကိုကိုနိုင်-ဒေါ်နန်းရွှေကြည်၊ ဦးကိုကိုကျော်(A/B, BSM Co.,Ltd.)-ဒေါ်နီနီဝင်း၊ ဦးကိုကိုစိုး-ဒေါ်ခင်စန္ဒာမော်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ ပွဲစားကြီး ဦးသောင်း၏ဇနီးသည် ၁၂-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် (၆)ကွက်၊ ဈေးလမ်း ဦးသောင်း၏နေအိမ်မှ ဧမိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာကြည်

### အသက်(၆၃)နှစ်

(ဦးဗိုလ်သာ-ဒေါ်စောခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခ ၆လမ်း၊ အမှတ် ၁၀၂၆-ကနေ ဦးမောင်ကို(ကျောင်းအုပ်၊ ငြိမ်း)၏ဇနီး၊ ဦးညီညီလွင်-ဒေါ်သက်သက်မာ(အမတ-၃၀၅)၊ ကိုအောင်သူရ(စီမံ/စီးပွား)၊ ဦးကျော်သူရ-ဒေါ်ခင်မြတ်ချို၊ ဗိုလ်ကြီးသိန်းထိုက်(မိုင်းတုံ)၊ မမြတ်စမ်းအေး(Exmyanmar Co)၊ မကြည်စန္ဒာတို့၏မိခင်၊မြေး ငါးယောက်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နီနီခင်(ခ)ဒေါ်ချိုအေး အသက်(၄၄)နှစ်

## လက်ထောက်ညွှန်ကြားရေးမှူး

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အရှေ့မင်းလမ်းအလယ်ပိုင်းနေ(ဦးဘခင်-ဒေါ်စိန်ရီ)တို့၏သမီးထွေး ဒေါ်နီနီခင်(ခ)ဒေါ်ချိုအေး အသက်(၄၄)နှစ် လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သူငယ်ချင်းများ**

## (၅)နှစ်ပြည့်အလွမ်း

## မစုမြတ်နှင်း

## (၂၄-၁၁-၉၂)-(၁၄-၁၂-၀၈)

## အထက(၂)တောင်ဥက္ကလာပ(Grade-11)

သမီးလေး ခွဲခွာသွားသည်မှာ ၁၄-၁၂-၂၀၁၃ရက်တွင် (၅)နှစ်တိတိပြည့်ခဲ့ပြီဖြစ်သော်လည်း ဖေဖေ၊ မေမေနှင့်မိသားစု အားလုံးသမီးလေးကို တစ်နေ့မှမမေ့မရနိုင်ပါ။သမီးလေးအတွက် ရည်စူးလှူဒါန်းမှုများကို ကောင်းရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**သမီးလေးရေ အမျှ-အမျှ-အမျှ**

**ဖေဖေ- ဦးမြင့်ဇော်၊ မေမေ ဒေါ်ရီရီချို**
**ဘကြီး- ဦးကျော်စိုး(ပဲခူးမြို့နယ်တရားသူကြီး)-ကြီးမေကြီး ဒေါ်အေးအေးချို**
**ဘကြီး- ဦးကိုကိုအောင်-အန်တီဒေါ်ဌေးဌေးချို**

## လူမှုရေးကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီဒေါ်ခင်နွဲ့ရီ**
**(ရွှေပုစွန်မိခင်ကြီး)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက်၄း၀၀နာရီ၌ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးချစ်ဆွေ-ဒေါ်အုန်းသန်း**
**(သူဇာမြိုင်မိသားစု)**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီဒေါ်ခင်နွဲ့ရီ**
**(ရွှေပုစွန်မိခင်ကြီး)**
**အသက်(၈၉)နှစ်**

ချစ်ခင်လေးစားရပါသော ကျေးဇူးရှင်မမလေးဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၀၀နာရီတွင် အမှတ် ၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်သန်းသန်းဆင့်**
**ရွှေပုစွန်ခြောက်မိသားစု**
**သိမ်ကြီးဈေး D ရုံ**

### ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (ပ-၁၀၂)ပွဲရုံတန်း၊ မြို့မဈေးနေ ဦးငွေးညွန့် (ညွှန်မှူး-ငြိမ်း၊ နယ်စပ်စည်ပင်)၏ဇနီး (၁၉၇၄-၁၉၇၈၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသူဟောင်း)ဒေါ်ညိုညိုငွေး (စာရင်းစစ်-ငြိမ်း)သည် ၆-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၄-၁၉၇၈ ကျောင်းသား/သူများ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**Abdul Quader (ခ) Fredrick Yasin (ခ) ဦးစိန်တင်**
**B.Com, R.A, H.G.P,RL**
**(FISC သန်လျင်၊ ကျောင်းအုပ်ကြီး)**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၅၆၊ B.Sc. College နေ (ဟာဂျီ S.Mယာစင်-ဟာဂျီမ ဒေါ်မိမိကြီး)တို့၏သားကြီး၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်သန်းနု) တို့၏သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ ခင်ပွန်း၊ ဒေါ်စန္ဒာတင်-ဦးဝင်းဦး၊ ဦးဇာ နည်တင် - ဒေါ်ဆွေဇင်သိန်းတို့၏ဖခင်၊ မသျှားဧကရီနိုင်၏အဘိုးသည် ၁၁-၁၂-၂၀၁၃ရက် နံနက် ၆း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွာရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဖြည့်စွက်ဖတ်ရှုပါရန်**

၉-၁၂-၂၀၁၃ ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ ၂၃ မှ ဒေါ်သန်းရ (တံတားဦးမြို့) အသက်(၇၆)နှစ်၏ နာရေးကြော်ငြာတွင် ဦးမြသောင်း၏ဇနီးဟု ဖြည့်စွက်ဖတ်ရှုပါရန်။

### ဝမ်းနည်းကြေကွဲခြင်း

**ဦးချစ်ဖေ (တောင်ငူ)**
**အသက်(၉၀)**

တောင်ငူမြို့၊ ကြက်တည်ရပ်နေ ဦးသိန်းဝင်း(ညွှန်မှူး-ငြိမ်း၊ ကြေး/မြေ)-ဒေါ်ဖြူဖြူတို့၏ဖခင် ဦးချစ်ဖေ အသက်(၉၀)သည် ၁၁-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် တောင်ငူ ကေတုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၆)**
**ကျောင်းဆင်းသူငယ်ချင်းမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးချစ်ဖေ**
**တောင်ငူမြို့**
**အသက် (၉၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ သုနန္ဒာလမ်း၊ အမှတ် ၁၈၄နေ ဦးသိန်းဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်ဖြူဖြူတို့၏ဖခင် ဦးချစ်ဖေ အသက် (၉၀)သည် ၁၁-၁၂-၂၀၁၃ ရက် နံနက် ၀၀း၃၀ နာရီတွင် တောင်ငူမြို့၊ (၄)ရပ်ကွက်၊ ၃ လမ်းရှိ အမှတ် (၄/၂၇၆)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကြေးတိုင်နှင့် မြေစာရင်းမိသားစု**
**လူမှုရေးအသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီဒေါ်ခင်နွဲ့ရီ**
**(ရွှေပုစွန်မိခင်ကြီး)**
**အသက်(၈၉)နှစ်**

အမက(၁)သာကေတ၊ ပင်မကျောင်းဆောင်အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီ ဒေါ်ခင်နွဲ့ရီသည်၈-၁၂-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အမက(၁)သာကေတမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ**

### (၇)လပြည့် လွမ်းဆွတ်သတိရခြင်း

**ဒုအရာခံဗိုလ်ဦးမောင်မောင်သန်း (ငြိမ်း)**
**အသက် (၆၁)နှစ်**

၁၄-၁၂-၂၀၁၃ ရက်တွင် ခွဲခွာသွားခဲ့တာ (၇)လပြည့်မြောက်ခဲ့ပါပြီ။ ကျန်ရစ်သောမိသားစုမှ နေ့စဉ်၊ လစဉ်ပြုလုပ်သောကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**1/E ကိုဟိန်းထက်စိုးခိုင်**
**JSM Co.,Ltd.**
**C.D.C 55833**
**အသက်(၃၁)နှစ်**

ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်ဖ်တင်တို့၏သားကြီး မောင်ဟိန်းထက်စိုးခိုင်သည် ၇-၁၂-၂၀၁၃ ရက်တွင် တရုတ်နိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဦးပြည်ကျော်-အန်တီကြွယ်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီ ဒေါ်ခင်နွဲ့ရီ**
**(ရွှေပုစွန်မိခင်ကြီး)**
**အသက်(၈၉)နှစ်**

အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Deco-Land Co.,Ltd.**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီဒေါ်ခင်နွဲ့ရီ**
**(ရွှေပုစွန်မိခင်ကြီး)**
**ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်**
**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ**
**အသက်(၈၉)နှစ်**

သီရိသုဓမ္မမဏိဇောတဓရ(ဦးပွင့်ကောင်း)၏ဇနီး၊ ဒေါက်တာတင်ဝင်း ၊ ဦးအောင်ကျော်မြင့်-ဒေါ်နွဲ့လေးရှိန်၊ ဦးမြင့်အောင်-ဒေါ်လဲ့ဝင်းဆွေ၊ (ဦးဇေယျာပွင့်)-ဒေါ်မူမူမောင်၊ ဒေါက်တာတင့်စိုးလင်း၊ ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်၊ (ဒေါ်ပွင့်မာကြည်)၊ ဒေါက်တာမျိုးမင်း-ဒေါ်ပွင့်သီဂ်ီတို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အမျိုး၊ ဘာသာ၊ သာသနာအတွက် တန်ဖိုးမဖြတ်နိုင်သည့် အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီးဖြစ်သည့်အတွက် ရွှေပုစွန်မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသိန်းထိုက်ဦး-ဒေါ်မျိုးမျိုးမင်းမိသားစု**
**Zin Yu Cho Trading Company Limited**

### ကျေးဇူးအထူးတင်ရှိခြင်း

**ရဲမှူးကျော်စိန် (ငြိမ်း)**
**ဒုရဲအုပ်သင်တန်းအပတ်စဉ်(၁၆)(လ-၁၁၇၈၄၇)**
**အသက်(၅၉)နှစ်**

၅-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ခင်ပွန်းသည် ရဲမှူးကျော်စိန်(ငြိမ်း)၏နာမကျန်းဖြစ်နေစဉ်နှင့် နာရေးကိစ္စအဝဝတွင် စေတနာအပြည့်အဝဖြင့် နှစ်သိမ့်အားပေးကူညီပေးခဲ့ကြသော ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန မိသားစုများ၊ Yangon Crown Co.,Ltd.မှ ဒါရိုက်တာ ဦးရှောင်စမ်းနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၆)မှ သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ မိဘဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူ ဇနီးဒေါ်မြင့်မြင့်ဝေ၊ ညွှန်ကြားရေးမှူး၊**
**ပဲခူးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူးနှင့်မိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)
## အသက် (၈၉)နှစ်

ရွှေပုစွန်မိသားစု၏ ကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီဂ်ီ ကြီးကြီး ဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အမှတ်-၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ သားသမီးများဖြစ်သော Managing Director ဒေါက်တာတင့်စိုးလင်း၊ Director ဦးမြင့်အောင်၊ Director ဒေါ်ပွင့်မာခိုင်တို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် ဝန်ထမ်းများ**
**ရွှေပုစွန်ကုမ္ပဏီလီမိတက် ဝန်ထမ်းများ**

## ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၁၉နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးဇော်လှိုင်ဦး-ဒေါ်မေသဲလွင်နှင့်**
**အန်တီမြင့်မိသားစု ညောင်ဦးမြို့**

---

### ဦးစိုးကြည်

အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်း)-ဒေါ်ခင်ကြည်တို့၏သား၊ တပ်ကြပ်ကြီး အောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းတို့၏ညီ၊ (ဦးတင်အုန်း)-ဒေါ်စန်းစန်းမြင့်၊(ဦးစိန်ဝင်း)-ဒေါ်စန်းစန်းရင်တို့၏မောင်၊(ဦးသန်းထွေး)၏အစ်ကို၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းအိမ်ရာ၊ တိုက် ၂၊ အခန်း ၈နေ ဒေါ်စုစုဆက်(လက်ထောက်ညွှန်ကြားရေးမှူး၊ဆိုင်းဝိုင်း)၏ခင်ပွန်း၊ မောင်မင်းသုခ (1st year B.Tech GTC)၏ဖခင်သည် ၁၂-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးကြည်

အသက်(၄၈)နှစ်

ဒေါ်စုစုဆက် (လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၏ခင်ပွန်းသည် ၁၂-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

---

### ဝမ်းနည်းကြေကွဲခြင်း

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆင်ရေးနှင့် နိုင်ငံခြားငွေကြေးဌာနမှ ဒုတိယစုံစမ်းရေးမှူး ဦးနေဇော်လတ်သည် ၁၂-၁၂-၂၀၁၃ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုညွှန်မှူး ဦးဗိုလ်မောင်နှင့် ဝန်ထမ်းများ**
**စစ်ဆင်ရေးနှင့် နိုင်ငံခြားငွေကြေးဌာန၊**
**နေပြည်တော်**

---

### ဗိုလ်မှူးကျော်ကို B.A (Myanmar)

ကြည်း/၃၂၈၃၁၊ တေဇ(၂၇)၊ ရလခ(ခိုလန်)

အသက်(၃၃)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊လေးထောင့်ကန်အမှတ်(၁)၊စိုက်ပျိုးမွေးမြူရေးရပ်ကွက်၊ အမှတ် ၈/၂၀နေ ဗိုလ်ကြီးခင်မောင်ဝင်း (ငြိမ်း၊ မှတ်တမ်းရုံး-လေ)-ဒေါ်ကြည်ကြည်ထွေး(စသစ-လေ)တို့၏သား၊တိုက်အမှတ် ၁၀၅၊ ဗိုလ်ချုပ်လမ်း၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့နေ ဦးအောင်သာထွန်း-ဒေါ်အောင်တင်ဦးတို့၏သားသမက်၊ ဦးခင်မောင်မြင့်-ဒေါ်ကြူကြူအေး၊ (ဦးခင်မောင်ဆန်း)-ဒေါ်ခင်ကျော့၊(ဦးခင်မောင်ညို-ဒေါ်ဝင်းကြည်)၊ဦးခင်မောင်စိုး-ဒေါ်ခင်မာတင်၊ ဦးခင်မောင်ရီ-ဒေါ်ရည်မွန်၊ ဦးတင်ရွှေ-ဒေါ်ခင်မျိုးသန့်၊ ဦးအောင်မြင့်မောင်-ဒေါ်ခင်မျိုးဆန်း၊ ဦးခင်မောင်လွင်-ဒေါ်ဥမ္မာကြည်၊ ဦးရဲဇင်(GPT Co.,Ltd.)-ဒေါ်ယဉ်လှ(လက်ထောက်ညွှန်မှူး၊ နတခငွေ၊ ငြိမ်း)၊ ဒေါ်သင်းသင်းထွေး (ဒိုက်ဦးကော်မှုန့်စက်ရုံ)၊ ဦးဇင်မောင်ထွေး (ရွှေမိသားစုနှင့် ပြည့်ဖြိုးကျော် ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ခင်သန်းစိုး၊ ဒေါ်မီမီထွေး-ဦးသန်းအောင်ဌေး၊ ဒေါ်တင်မေထွေး (ပင်စင်ဦးစီးရန်ကုန်)-ဦးစိုးသိန်း၊ ဒေါ်ခင်ဆွေထွေး-ဦးတင်မောင်ဌေး (M.S.L Co.,Ltd.)၊ ဒေါ်မို့မို့ခင်(မြို့ပြမြေယာ၊ ရန်ကုန်မြို့တော်စည်ပင်)တို့၏တူသည် ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၄း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ညိုညို (Ellen)

အငြိမ်းစားကုန်သွယ်ရေး

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၆၆၉နေ (ဦးဘိုးအောင်-ဒေါ်ပန်းရင်)တို့၏ သမီး၊ ဒေါက်တာရောဘတ်မြဖေ-(ဒေါ်အက်စတာ၊USA)၊ (ဦးဒွန်း-ဒေါ်အယ်ဆီဒွန်း၊ USA)၊ဦးဖြိုးစိန်-(ဒေါ်ခင်အေး၊ USA)၊ (မန်းဖူးစံ-နန့်လေလီ)တို့၏ညီမ၊ ဦးစောချစ်စိန်(ဗဟိုကော်မတီဝင်၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၏ဇနီးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် သီရိစန္ဒာဆေးရုံ(အင်းစိန်)တွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ဟာဂျီမ ရဆူးလ်ဘီ(ခ) ဒေါ်နန်းမူးလှိုင်

အသက်(၆၉)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ရှိ ဂျာမေအဟ်ဇွမီရီယာဟ် ကာစီမုလ်အူလူးမ် အစ္စလာမ်သာသနာ့တက္ကသိုလ်၏ အုပ်ချုပ်ရေးမှူး ဟဇ်ရတ်သ်အလ်ဟာဂျ်အလ္လာမဟ် မုဖ်သီ M တွိုင်ယိဗ်(ဇွမီရီ၊ ကာစီမီ)၏ဇနီး၊ ဒေါ်ရိုင်ဟာနဟ်(တွိုင်ယိဗီ)၊အလ်ဟာဂျ်မောင်ဝ်လာနာ မုဖ်သီ M အဆ်အဒ်(ခ)ဦးသန်းထွန်း (တွိုင်ယိဗီ၊ဇွမီရီ)၊ မောင်ဝ်လာနာ မုဖ်သီ ကာရီ(M အာရ်ရှာဒ်) (တွိုင်ယိဗီ၊ ဇွမီရီ၊ မဒီနီ)၊ ဒေါ်ဆွဖ်ဝါနဟ် (တွိုင်ယိဗီ)၊ မောင်ဝ်လာနာမုဖ်သီအဆ်ဂျဒ်(တွိုင်ယိဗီ၊ ဇွမီရီ၊ မဒီနီ)၊ဒေါ်ရိဒ္ဓဝါနဟ်(တွိုင်ယိဗီ)၊ ဒေါ်ရိုကာနဟ်(တွိုင်ယိဗီ)၊ ဒေါ်ဟန္နာနဟ်(တွိုင်ယိဗီ)၊ဒေါ်ဖွရ်ကာနဟ်(တွိုင်ယိဗီ)၊မောင်ဝ်လာနာမုဖ်သီအဂ်ျဝဒ်(တွိုင်ယိဗီ၊ဇွမီရီ)၊ ဟာဖိဇ် M အိရ်ရှားဒ်(တွိုင်ယိဗီ၊ ဇွမီရီ)တို့၏မိခင်၊ သားသမက် (အာလင်မ်၊ မုဖ်သီ၊ သာသနာ့ပညာရှင်) ခြောက်ပါးတို့၏ယောက္ခမ၊ အာလင်မ်သာသနာ့ပညာရှင် လေးပါး အပါအဝင် မြေး ၄၃ယောက်၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားသည် ၅-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အေရှာအ်ဆွလားသ် အပြီးတွင် သုခမြိုင် စွန္နီကဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်းအမ

### ဒေါ်ခင်ငြိမ်း

အသက်(၈၃)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်နေ (ရွှေပန်းထိမ်ဆရာဦးမောင်မောင်)၏ဇနီး၊ ဒေါ်ခင်ကြည်ဌေး(မြစ်ဖျားဧရာဟိုတယ်)၊ ဒေါက်တာတင်အောင် (ဒုတိယပါမောက္ခချုပ်၊ ငြိမ်း)-ဒေါ်ရီရီဌေး (အထပြ၊ အထက-၇)၊ ဦးတင်ထူး - ဒေါ်ခင်လွင်ဦး၊ ဦးနေဝင်း(တရားလွှတ်တော်ရှေ့နေ) - ဒေါ်ရီရီထူး (ဒု-ခရိုင်တရားသူကြီး၊မန္တလေးခရိုင်တရားရုံး)တို့၏မိခင်၊ ဟန်လွင်ထူး၊ ဖြိုးလွင်ထူး၊ မေလွင်ထူး၊ လင်းထက်အောင်၊ ဗိုလ်လောင်းရဲဝင့်အောင်(D.S.M.A)တို့၏အဘွားသည် ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်

ရုံးအုပ်(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘသင်-ဒေါ်သိန်းတင်)တို့၏သား၊ ဦးခင်ဇော်-ဒေါ်ထားရီတို့၏သားသမက်၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် ၁၂၀၊ အခန်းအမှတ် ၄နေ ဒေါ်စန်းစန်းတင့်(လ/ထ ညွှန်မှူး၊ ငြိမ်း၊ မြို့/အိုး)၏ခင်ပွန်း၊ ဦးသက်နိုင်ဦး (ဦးစီးအရာရှိ၊ မြို့/အိုး)-ဒေါ်ခင်ခင်ဇော်(Law Plus Myanmar Ltd.)၊ ဦးဇော်ဝင်းထွဋ်(စာရင်းကိုင်-၁)-ဒေါ်သက်ထားဦး(စာရင်းကိုင်-၁၊ မြို့/အိုး)၊ ဒေါ်သက်အေးချစ်(ဦးစီးအရာရှိ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးအောင်မျိုးထွန်း(Principal Engineer,S.T Kinetie Pte., Ltd. ခေတ္တ-စင်ကာပူ)-ဒေါ်သက်စုလှိုင်(Senior Engineer,ST Microelectronic Pte.,Ltd. ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မမိုးမြတ်သင်း(Grade 9- I , T.T.C)၊ မရှင်ဖုန်းအောင် (Sweety)၊ မဇင်မိုးအောင် (Semme)တို့၏ဘိုးဘိုးကြီးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### Abdul Qader @ Frederick Yasin @ ဦးစိန်တင်

B.Com., R.A, H.G.P,RL

(FISC-သန်လျင်၊ ကျောင်းအုပ်ကြီး)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ B.S.C College နေ ဟာဂျီမဒေါ်စိန်ရင်-ဟာဂျီဦးအေးမောင်တို့၏မောင်၊ ဟာဂျီဦးစိန်ဝင်း-ဒေါ်နွဲ့နွဲ့သန်း၊ ဒေါ်မေမေစိန်-ဦးစိန်မြင့်၊ ဟာဂျီမဒေါ်မြင့်စိန်-အလ်ဟာဂျ်ဦးထွန်းအောင်၊ (ဟာဂျီဦးမောင်မောင်-ဟာဂျီမ ဒေါ်ခင်အေးရီ)တို့၏အစ်ကိုသည် ၁၁-၁၂-၂၀၁၃ရက် နံနက် ၆း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစန်းလှိုင် (၃၃၃ ပလတ်စတစ်လုပ်ငန်း)

အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံတနီးကျေးရွာနေ(ဦးဝမ်စိန်-ဒေါ်ကျင်ရုံ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၆လမ်း၊ အမှတ် ၄၈နေ (ဦးတင်လှိုင်)-ဒေါ်အုံးရှင်တို့၏သားသမက်၊ (ဒေါ်အေးအေးသန်း)၏ခင်ပွန်း၊ မသင်းသင်းလှိုင်၊ ကိုအောင်မျိုးသူတို့၏ဖခင်သည် ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တာမွေမြို့နယ်၊ အမှတ် ၄၈၊ ၁၆၆လမ်း၊ တာမွေကြီး(ခ)ရပ်ကွက် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးကျော်ကို B.A (Myanmar)

ကြည်း/၃၂၈၃၁၊ တေဇ(၂၇)၊ ရလခ(ခိုလန်)

အသက်(၃၃)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊လေးထောင့်ကန်အမှတ်(၁)၊စိုက်ပျိုးမွေးမြူရေးရပ်ကွက်၊ အမှတ် ၈/၂၀နေ ဗိုလ်ကြီးခင်မောင်ဝင်း (ငြိမ်း၊ မှတ်တမ်းရုံး-လေ)-ဒေါ်ကြည်ကြည်ထွေး(စသစ-လေ)တို့၏သား၊ မောင်ကျော်ကိုကိုဇင်၊ မောင်ကျော်ညီညီဇင်(Diamond Win Co.,Ltd.) တို့၏ညီ၊ မဇင်ဝေလှိုင်း(ပင်စင်ဦးစီး၊ နေပြည်တော်)၊မဇင်မမမျိုး၊ မောင်ရဲမာန်ဦး(ရွှေမိသားစုနှင့်ပြည့်ဖြိုးကျော်ဆောက်လုပ်ရေးကုမ္ပဏီ)-မဆောင်းနှင်းဖြူ၊ မသက်မီပိုင်(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)၊ မအိမ့်မီသက် (Calling Mobile)၊ မဆုမြတ်နိုးအောင်၊ မောင်အောင်ကိုကို၊ မောင်ဂျူလိုင်မိုး - မဖြိုးသီရိမွန်၊ မောင်ကျော်စွာဌေး (Coca-Cola Pinya Beverages Myanmar Ltd.)၊ မအိမွန်ဌေး(Myanmar Paper Stationary Mart Co.,Ltd.)တို့၏အစ်ကိုသည် ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၄း၂၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

---

### ဦးအောင်နိုင်ဦး

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ရာဇသူရ ၁၄လမ်း၊ အမှတ် ၁၁၅၃နေ (ဦးကျော် ဦး-ဒေါ်ခင်မလေး)တို့၏သား၊ (ဦးစိုးလင်း-ဒေါ်မြင့်မြင့်သန်း)တို့၏သားသမက်၊ ဒေါ်မြသူလင်း၏ခင်ပွန်း၊ မောင်ရဲလင်းဦး၊မောင်ညီမင်းထွန်းတို့၏ဖခင်၊ ဒေါ်နုနုစိန်၊ ကိုသိန်းမြင့်ဦး-ဒေါ်တင်တင်နု၊ကိုထိန်လင်းဦး-ဒေါ်စုမြတ်မော်နိုင်၊ (ကိုကျော်မြတ်ဦး)တို့၏ညီ/မောင်၊ ဒေါ်မိုးမြင့်ဦး-ဦးကိုကိုနိုင်၊ဒေါက်တာစိန်မိမိဦး(ကထိက၊သမိုင်းဌာန၊ မြိတ်တက္ကသိုလ်)၊ ကိုကျော်ဌေးဦး (U.S.A)၊ မလင်းလင်းဦး-DAVID တို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

လ-၁၉၂၃၅၈

### ဒုရဲအုပ်အောင်ကျော်စိန်

ဒုရဲအုပ်လောင်းသင်တန်း
အမှတ်စဉ်(၄၁)
လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)

အသက်(၃၉)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဘုရားကြီးရပ်ကွက်နေ ဦးမြလှိုင်-ဒေါ်ခင်တုတ်တို့၏သား လ-၁၉၂၃၅၈ ဒုတိယရဲအုပ်အောင်ကျော်စိန်သည် ၁၂-၁၂-၂၀၁၃ရက် ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

### ဦးဘုန်းမြင့် (M.A, B.L)

သမိုင်းကထိက(ငြိမ်း)
ကျောက်ဖြူကောလိပ်
ဗဟိုတရားရုံးချုပ်ရှေ့နေ

အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးဘအုန်း-ဒေါ်အေးခင်)တို့၏သား၊လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၁၁၆နေ ဒေါ်ကြင်မြ၏ခင်ပွန်း၊ ဒေါ်တိုးတိုးမြင့်(Best Pre School & Nursery)၊ ဦးမျိုးမြင့်-ဒေါ်ခင်အေးမြင့်၊ ဦးမိုးမြင့်-ဒေါ်အေးအေးသီ၊ ဦးစိန်ဝင်း-ဒေါ်ပိုးပိုးမြင့်၊ ဦးစိုးရဘုန်းမြင့်-ဒေါ်လှလှဝင်း၊ ဦးသူရိန်ဘုန်းမြင့်-ဒေါ်တင်မိုးလတ်၊ ဦးဇင်ဘို-ဒေါ်ခင်မိုးသူ၊ ဦးသိဒ္ဓိ-ဒေါ်ထူးထူးမြင့်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသဆောင်(ICU)၌ကွယ်လွန်သွားပါသဖြင့်၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်အထိ အဘက်ဘက်မှကူညီပံ့ပိုးပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းစဉ်ကုသပေးသော ဆရာဝန်၊ ဆရာမများနှင့် နောက်ဆုံးအချိန်ထိ အထူးကြိုးစားကုသပေးခဲ့ကြသော အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အထူးကြပ်မတ်ဆောင်မှ ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်၊ ဆရာမများအား အထူး ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းထွန်း

B.Sc Engs (1960)

မန္တလေးမြို့၊ ရေပေးရေးစီမံကိန်း
အင်ဂျင်နီယာ(စည်ပင်၊ ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ အမှတ် ၄၅နေ(ဦးသန်းမောင်-ဒေါ်တင်ဦး)တို့၏ သား၊ (ဒေါ်ရင်ရင်မြင့်)၊ (ဦးဝင်းမောင်) တို့၏ညီ/မောင်၊ ဒေါ်စန်းရီ၊ ဦးမျိုးသွင်၊ ဦးကြည်မြင့်တို့၏အစ်ကို၊ ဒေါ်စန်းမြင့် (လူထုလက်ရုံးစာပေ၊ ရေနံချောင်း)၏ ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်ဝေမာသိန်း၊ ဦးသင်းနိုင်မြင့် (ခေတ္တ - FRANCE)၊ ဦးအောင်မျိုးထွန်း (SAMSUNG မန္တလေး)-ဒေါ်ဥမ္မာကျော်၊ ဦးမင်းမင်း-ဒေါ်စန်းသန္တာထွန်း(ငွေစင်ပုလဲ အေဂျင်စီ)၊ဦးမင်းမင်းထွန်း(USA)၊ဒေါ်တင်ဝင်းတို့၏ဖခင်၊ မောင်အေးချမ်းမောင်မောင် (တတိယနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မောင်ချမ်းငြိမ်းဇင်(ပထမနှစ်၊ မန္တလေးရတနာပုံတက္ကသိုလ်)တို့၏ အဘိုးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၃၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးတင်ဝင်း (G.S.E)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ အမှတ် ၂၉၊ ခြောက်လွှာ၊ ဝေဘာဂီလမ်း၊ စေရန်ပိုင်အနောက်ရပ်ကွက်နေ (ဦးဘရှင်)-ဒေါ်တင်ရီတို့၏သား၊ ဦးစိန်ဝင်း-ဒေါ်စုစုတို့၏သားသမက်၊ ဒေါ်သန်းသန်းဆွေ၏ခင်ပွန်း၊မောင်ကောင်းထက်(B.Tech 2nd year)၏ဖခင်၊ ဦးသန်းအောင်-ဒေါ်ခင်အေးကြူ၊ ဦးခင်ဇော်-ဒေါ်ခင်လေးကြူတို့၏မောင်သည် ၁၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးညွှန့်ခင်(ငြိမ်း) တပ်မတော်(လေ)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အနုပညာဦးစီးဌာန
(အဆိုကျော်-တပ်ကြပ်ကြီးညွှန့်ခင်)

အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ(ဦးဘညွှန့်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးတင်-ဒေါ်မြမေ)တို့၏သားသမက်၊ အမှတ် ၈၆၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်၊ လှည်းတန်းနေ(ဒေါ်မြင့်သိန်း)၏ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်ညိုညိုကျော့(စက်မှုဝန်ကြီးဌာန)၊ ဦးအောင်ခင်-ဒေါ်အေးအေးမိ(ACF)၊ ဗိုလ်မှူးစံမြင့်(ငြိမ်း)-ဒေါ်ရီရီညွှန့်တို့၏ဖခင်၊ ကိုပြည့်ဖြိုးအောင်(Sky Net)၊ ဗိုလ်ညီညီစိုး(တဆရ၊ ခုတင်-၃၀၀၊ ကျိုင်းတုံ)-မအိသူသူမြင့်(ခေတ္တ-UK)တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၄၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ညိုညို(Ellen) အငြိမ်းစားကုန်သွယ်ရေး

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၆၆၉နေ (ဦးဘိုးအောင်-ဒေါ်ပန်းရင်)တို့၏သမီး၊ ဦးအောင်မိုးဦး (Chief officer-JSM shipping Co.,Ltd.)-ဒေါ်ငြိမ်းငြိမ်းဆွေ၊ ဗိုလ်မှူးအောင်မိုးထူး(ငြိမ်း)(မန်နေဂျာ၊ မြဝတီဘဏ်လီမိတက်)-ဒေါ်သီဂီခိုင်(အထက-ခွဲ၊ လ-၇၊ အင်းစိန်)၊ ဦးအောင်မိုးထွေး(Myanmar Ganad Advertising Co.,Ltd.)-ဒေါ်အေးမြတ်ထွန်း၊ ဗိုလ်ကြီးအောင်မိုးကျော်(ငြိမ်း၊မန်နေဂျာ၊မြန်မာ့မီးရထား)-ဒေါ်စန္ဒာစိုး၊ (ဦးအောင်မိုးနိုင်)-ဒေါ်စန်းစန်းထွေး(USA)၊ ဦးအောင်နန္ဒထွန်း-ဒေါ်မိုးမိုးထွေး(A&M Education Services)တို့၏မိခင်၊ မြေး ၁၈ယောက်တို့၏အဘွား၊ ဦးစောချစ်စိန်(ဗဟိုကော်မတီဝင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၏ဇနီးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် သီရိစန္ဒာဆေးရုံ(အင်းစိန်)တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်မောင်ဝင်း (မိုးကုတ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ

အသက်(၇၂)နှစ်

(ဦးအောင်ကျော်-ဒေါ်စိန်စိန်)တို့၏သားကြီး၊ မိုးကုတ်မြို့နေ (ဦးကြင်ဖ-ဒေါ်အေး)တို့၏သားသမက်၊ ဦးမောင်မောင်ကြင်၏အစ်ကို၊ ဒေါ်မြညို၏ခင်ပွန်း၊ ဦးကောင်းထက်ဦး-ဒေါ်မြတ်ကြည်ဖြူဝင်း၊ ဦးသန့်ဇင်-ဒေါ်မေသက်ထား၊ ဦးထင်ကျော်ညို-ဒေါ်အင်ကြင်းဖြူ၊ ဦးဇေယျာထွန်း-ဒေါ်မေနွယ်မောင်မောင်၊ ဦးဝင်းထက်မောင်မောင်-မစုမြင့်ထွေးတို့၏ဖခင်၊ မောင်ကောင်းပြည့်စုံ၊ မောင်ကောင်းမြတ်သူ၊ မောင်ကျော်ဇင်သီဟ၊ မခန့်စုသာ၊ မသန့်သီရိထင်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့)တွင် ဘန်ကောက်မြို့ Bumrungrad ဆေးရုံကြီး၌ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး

### ဦးတင်မောင်ဝင်း (မိုးကုတ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ

အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ကျော်-ဒေါ်စိန်စိန်)တို့၏သားကြီး၊ မိုးကုတ်မြို့နေ (ဦးကြင်ဖ-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်ရီတို့၏မောင်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြကြည်၊ ဦးတင်မောင်အေး-ဒေါ်ဆွေဆွေ၊ ဦးကံညွှန့်-ဒေါ်နွယ်နွယ်အောင်ကျော်၊ ဦးဇော်ဝင်း-ဒေါ်မြမြဝင်း၊ ဒေါ်စုစုအောင်ကျော်တို့၏အစ်ကိုကြီး၊ ဒေါ်မြတ်ညို၏ခင်ပွန်းသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့)တွင် ဘန်ကောက်မြို့ Bumrungrad ဆေးရုံကြီး၌ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ် ၈၊ ရတနာမွန် ၃လမ်းနှင့် အေးရိပ်မွန် ၃လမ်းထောင့်၊ လှိုင်(၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ကြင်ကြင်ညွှန့်

(မင်းကွန်းယောဂီ)
အထက(၁)သာကေတ
အထက(၁)လမ်းမတော်
စိန်ဂွန်း(ငြိမ်း)

အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အမှတ် ၂၁၀၊ လမ်းသွယ်(၁)နေ (ဦးအေးမောင်-ဒေါ်သန်းနု)တို့၏သမီးကြီး၊ (ဦးကြည်မြင့်)-ဒေါ်အေးအေးသိန်း၊ (ဦးမျိုးမြင့်)-ဒေါ်လှမြင့်၊ (ဦးကြည်သန်း)-ဒေါ်ကျင်ကျင်မြင့်တို့၏အစ်မ၊ တူ၊ တူမ ၁၁ ယောက်တို့၏အဒေါ်သည် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ကြင်ကြင်ညွှန့်

(မင်းကွန်းယောဂီ)
အထက(၁)သာကေတ
အထက(၁)လမ်းမတော်၊စိန်ဂွန်း(ငြိမ်း)

အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အမှတ် ၂၁၀၊ လမ်းသွယ်(၁)နေ (ဦးအေးမောင်-ဒေါ်သန်းနု)တို့၏သမီးကြီး၊ ဦးပညိန္ဒ(ခ)ဦးကံကြီးမောင်၏ဇနီး၊ ဦးအောင်ထက်ဇော်-ဒေါ်စန်းစန်းအေး၊ ဦးမျိုးနိုင်-ဒေါ်လတ်လတ်အောင်၊ ဦးတင်ထွန်းအောင်-ဒေါ်ထက်ဝေဝေချင်း (ရုပ်ရှင်သရုပ်ဆောင်) (နဒီထွန်း စားသောက်ဆိုင်)၊ ဦးကျော်ကျော်မောင် - ဒေါ်ညိုဇင်အောင်တို့၏မိခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

# ဒုတိယသမ္မတ ဦးညွန့်ထွန်း နိုင်ငံ့အားကစားသမားများအား စိတ်ဓာတ်မြှင့်တင်အားပေး

နေပြည်တော် ဒီဇင်ဘာ ၁၃

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့တွင် နေပြည်တော်လိုက်ဆည်၌ ကျင်းပလျက်ရှိသော ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ဆုများချီးမြှင့်ပြီး နိုင်ငံတကာအားကစားသမားများ တည်းခိုနေထိုင်လျက်ရှိသော အားကစားရွာ (Social Zone) ရှိ ဆိုင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ နံနက် ၁၀ နာရီတွင် နေပြည်တော်လိုက်ဆည်၌ ကျင်းပလျက်ရှိသော ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲဆုပေးပွဲတွင် ကယက်လှေလှော် ပြိုင်ပွဲအမျိုးသမီးလေးယောက်တွဲပွဲစဉ်၌ ပထမရရှိသော မြန်မာနိုင်ငံမှ ဖြူသီဦး၊ မျိုးသန္တာထွန်း၊ နော်အာလယ်လားရှိ၊ အေမီခိုင်တို့အတွဲ၊ ဒုတိယရရှိသော ထိုင်းနိုင်ငံမှအတွဲနှင့်တတိယရရှိသော စင်ကာပူနိုင်ငံတို့မှ ဆုရရှိကြသော အားကစားသမားများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ဆုများကို ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော မြန်မာအမျိုးသမီးအသင်းအား ဒုတိယသမ္မတ ဦးညွန့်ထွန်းက ငွေသားဆုများကိုချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ နိုင်ငံ့ရမြန်မာအားကစားသမားများအား ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးတို့က စိတ်ဓာတ်မြှင့်တင်အားပေးခဲ့ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳



**ဒုတိယသမ္မတ ဦးညွန့်ထွန်း ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲတွင် ဆုရရှိသော မြန်မာအမျိုးသမီးအသင်းနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ စိတ်ဓာတ်မြှင့်တင်အားပေးစဉ်။** (သတင်းစဉ်)

## ယနေ့ မာတိကာ


ဆီးနှင်းထူထပ်မှုကြောင့် တူရကီလေကြောင်းလိုင်း ခရီးစဉ် ၈၁ ခုဖျက်သိမ်း စာ-၅

လမ်းပေါ်တွင်ချထားသော မည်သည့်ပစ္စည်းမဆို အမှိုက်အဖြစ် သိမ်းဆည်းမည် စာ-၁၀

မန္တလေးမြို့၌ ဒစ်ဂျစ်တယ်မီးပွိုင့်တပ်ဆင် စာ-၁၁

နည်းပြမော်ရင်ဟိုက ဒရော့ဘာကို ပြန်ခေါ်လို စာ-၁၄


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း ခြေစွမ်းပြ

**မန္တလေး ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မန္တလေးဇုန်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်ပြိုင်ပွဲများကိုမန္တလေးမြို့ရှိမန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ညနေ ၄ နာရီက (က)အုပ်စုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် တစ်ပွဲရှုံးထားသည့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အမျိုးသမီး ဘောလုံးအသင်းက ခုနစ်ဂိုး- ဂိုးမရှိဖြင့် ခြေစွမ်းပြအနိုင်ရရှိခဲ့သည်။



ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်မောင် (မန္တလေးကိုယ်ပွား)**

ယနေ့ပြိုင်ပွဲ ပထမပိုင်းခုနစ်မိနစ်တွင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ကျောနံပါတ် ၁၃ Thi Muon Ngu Yen က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၁၁ မိနစ်တွင် ကျောနံပါတ် ၈ Thi Minh Ngu Yet Ngu Yen က ဒုတိယအနိုင်ဂိုးသွင်းကာ ဗီယက်နမ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဖိလစ်ပိုင်အသင်းကို ဦးဆောင်ယှဉ်ပြိုင်ကစားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မြန်မာ | ၂၆ | ၂၅ | ၂၁ | ၇၂ |
| ၂ | ဗီယက်နမ် | ၂၂ | ၁၃ | ၁၉ | ၅၄ |
| ၃ | အင်ဒိုနီးရှား | ၂၀ | ၂၅ | ၁၈ | ၆၄ |
| ၄ | ထိုင်း | ၂၀ | ၂၅ | ၁၇ | ၆၃ |
| ၅ | မလေးရှား | ၁၀ | ၇ | ၂၂ | ၃၉ |
| ၆ | စင်ကာပူ | ၈ | ၇ | ၁၅ | ၃၀ |
| ၇ | ကမ္ဘောဒီးယား | ၄ | ၆ | ၁၀ | ၂၀ |
| ၈ | ဖိလစ်ပိုင် | ၃ | ၅ | ၉ | ၁၇ |
| ၉ | လာအို | ၂ | ၅ | ၁၄ | ၂၁ |
| ၁၀ | ဘရူနိုင်း | ၁ | ၀ | ၂ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |




## တိုက်ခန်းသစ်အမြန်ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးဘေးရှိ ကန်တော်မွန်အိမ်ရာအတွင်း ကန်ဦးလမ်းပေါ်ရှိ မြေညီထပ်၊ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းမည်။

ဖုန်း-၀၉-၅၀၈၁၆၆၀

09-43133 981, 01-245585, 01-246663, 01-700673

## မြတ်ဆရာပူဇော်ပွဲ

အထက(၂)ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်း သူငယ်ချင်းများ စုံညီစွာမပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ် - နေ့ရက်** - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီအထိ
**နေရာ** - ရတနာခန်းမ အထက(၂) ဖျာပုံမြို့

**လှူဒါန်းလိုသူများဆက်သွယ်ရန်**

**ရန်ကုန်မြို့**

(၁) ကိုအေးထွန်း ဖုန်း-၀၉-၅၁၇၂၀၆၆
(၂) ကိုနုလွင်(ခ)ကျော်လင်းနိုင် ဖုန်း-၀၉-၈၆၁၃၆၇၄
(၃) ဦးမိုးဆွေ ဖုန်း-၅၁၄၃၂၀
(၄) ဦးကျော်ကျော် ဖုန်း-၀၉-၅၀၁၆၈၄၃

**ဖျာပုံမြို့**

(၁) ကိုသားသားကြီး(ခ)သီဟအောင် ဖုန်း-၀၉-၄၉၇၅၆၀၂၇
(၂) ကိုကျော်ထူး ဖုန်း-၀၉-၂၅၀၄၃၃၅၆
(၃) ကိုမြင့်အောင် ဖုန်း-၀၉-၃၁၁၄၀၆၇၀
(၄) ကိုဌေးလွင် ဖုန်း-၀၉-၄၅၀၀၃၄၅၄၅
(၅) ကိုစိုးမြတ်သန်း ဖုန်း-၀၉-၃၁၃၇၀၃၅၇

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

AC-Express
Saloon Hi-Ace

09-495689762
09-495689764
09-421013999
09-421014999

## မြေကွက်ဝယ်လိုသည်

09 31268183
09 31589922

"အထက (မဲဇလီကုန်း) မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ"

ဆရာသုတ (စာတူစဝ) စီစဉ်သော

**Top-Ten / All-D ခေါ်နိုးချွန်းထိုင်း**

(၂၀၁၄-၁၅) ပညာသင်နှစ် အတွက်

**NGU**

## မင်္ဂလာဆောင်ပွဲကျေးဇူးတင်လွှာ

ဗိုလ်ကြီးမြင့်မြတ်အောင်
B.E (Electronics) D.S.T.A

နှင့်

မထားအိလှိုင်
B/Tech 1st Year (Electronics)

Inya Lake Hotel

First Move Agency

**FAME** **Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**FAME** **Nephrotec®**
For healthy kidney
ကျောက်ကပ်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

www.myanmarnoblecollege.com

edexcel

# MYANMAR NOBLE COLLEGE

## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

- HND Engineering
  - Construction & the Built Environment (Civil Engineering)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing (IT)

GCE 'O' Level/IGCSE ... UK နိုင်ငံ Edexcel ... Higher National Diploma (HND) ... Myanmar Noble College ...

GCE 'A' Level (LCCI Level(3)) ... Higher National Diploma (HND) ... Year -1 ...

Myanmar Noble College ... Edexcel ... HND ... UK, Australia, Singapore, Malaysia ... Bachelor Degree ...

Myanmar Noble College ... Internship ...

Contact Info : ...

ကာရာတေးစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စေင့်ရှောက်မှုနှင့် ကာရာတေး ကာသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်

"အစိကျန်းမာရေးစိမ်း ကရုဏာကာသိုလ်ဖြစ်ဆေးခန်း"

(၃) ကာရာတေး Account No. 007 301 00702498201

နီလာ ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့

Promotion

ဘီဂိုလ်အောက် + ဘုန်ကြော် (၅) ရက် — (၁၂.၅) သိန်း (စရိတ်ငြိမ်း)

DUAL TECH
နိုင်ငံတကာ အသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာသင်တန်းများ

Applied & Advanced Diploma
- Electrical
- Electronic
- Mechanical
- Double Diploma in (EP & EC)
- Air-Con & Refrigeration
- Mechanical & Electrical M & E

Computer, English, LCCI
- Computer Basic & i-office
- Graphic
- Special Photoshop
- Advanced Excel
- Auto CAD
- English 4 Skills
- LCCI I,II (Sunday Only 1-5 PM)

Ph: 09 420 313 719
Ph: 09 732 437 76
Ph: (01) 855 0596


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈င/၇၉၁၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒီလ်ကူမာရီ ၉/မမန(နိုင်)၀၈၁၅၀၇က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ပြင်ဦးလွင်**





ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့...

မြင့်မြန်မာ ၈ တာ ၇ ရှာ က် သီး

အကြောပြေ ဝမ်းမှန်ဆေး

အပူအပုပ်ကင်းပြီး အကြောတက်ညောင်းညာကင်းစေ
အသိကျွဲ ကျန်းမာစေတဲ့ဆေး...
ဆေးတစ်မျိုးတည်းနဲ့ အကြောလည်းပြေ ဝမ်းလည်းမှန်တဲ့
မြင့်မြန်မာ အမှတ်တံဆိပ် အကြောပြေဝမ်းမှန်ဆေး...

– ဖင်ရှင်း – စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန

အမှတ်(၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၆၃၁၀၃၁၊ ၀၉ ၇၃ ၂၁၁၀၁။


## မြေကွက်ရောင်းရန်ရှိသည်

(ပွဲစားမလို)

တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမကြီးပေါ်ရှိ အကျယ် ပေ(၄၀×၆၀)၊ ထောင့်ခြံ၊ မျက်နှာစာနှစ်ဖက်လှည့်၊ ပိုင်ရှင်အမည်ပေါက် နှစ်၆၀ ဂရန်၊ အရှုပ်အရှင်းကင်း။

**ဆက်သွယ်ရန် ဖုန်း-၀၉-၃၁၄၁၀၁၁၇၊**
**၀၉-၅၁၉၈၇၁၆**

### "ကန့်ကွက်နိုင်ပါသည်"

[illegible]

### ကန့်ကွက်နိုင်ပါသည်

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြေငြာခြင်း

[illegible]

### ကန့်ကွက်နိုင်ပါသည်

[illegible]

[illegible]

"City Star Co., Ltd" ...

[illegible]

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဖားကန့်မြို့နယ်ဥပဒေရုံးမိသားစု**

## အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျေးဇူးရှင် မဟာဂန္ဓာရီယောက်ကော်အဖေကြီးနှင့် မဟာဂန္ဓာရီ အဓိဋ္ဌာန်ပါရမီရှင် ယောက်ကော်ဦးသိန်းဇော်တို့ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဇေယျမုနိစေတီတော်မြတ်ကြီးအား "အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ"ကို (နတ်တော်လဆန်း ၁၄ ရက်မှ နတ်တော်လပြည့်ကျော် ၁ ရက်)အထိ ၁၆-၁၂-၂၀၁၃ ရက်မှ ၁၈-၁၂-၂၀၁၃ ရက်အထိ တစ်ဖက်ပါအစီအစဉ်အတိုင်း သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပဋ္ဌာန်းတရားတော်နာယူခြင်း ကုသိုလ်အထူးတို့ကို ဆည်းပူးပြုလုပ်နိုင်ရန် ပဋ္ဌာန်းဆက်ရှိသော ပါရမီရှင်အပေါင်းတို့အား ကောင်းမြတ်သောစိတ်ထားဖြင့် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**သာသနဝေယျာဝစ္စအဖွဲ့ (၄၈)ရပ်ကွက်၊ မ/ဒဂုံ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (လေးထောင့်ကန်)၊ မြေကွက်အမှတ် ၇၉၁၊ မြေကွက်တည်နေရာအမှတ်၁၅၊ ရိပ်သာလမ်း၊လေးထောင့်ကန်ရပ်ကွက်၊သဃ်္ဃန်းကျွန်း (ဦးကြင်စိန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကြင်စိန်(ဖခင်)နှင့် ဒေါ်ခင်သောင်း(မိခင်)တို့ ကွယ်လွန်သဖြင့် (၁)ဦးသန့်ဇင်ဌေး၁၂/သဃက(နိုင်)၀၉၁၈၆၆၊(၂)ဒေါ်ခင်ဆွေဌေး TGKN -၀၅၉၆၆၄၊ (၃)ဒေါ်ရွှေဇင်ဌေး ၁၂/သဃက(နိုင်)၀၃၈၈၈၇၊ (၄)ဒေါ်ယမင်းဌေး ၁၂/သဃက(နိုင်)၀၃၈၃၁၈ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊မြေကွက်အမှတ် ၁၈၈/ခ၊ မြေကွက်တည်နေရာအမှတ်-၁၈၈/ခ၊ အင်းဝလမ်း၂၀၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ချစ်ချစ်ညို-ဦးသိန်းလှိုင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ချစ်ချစ်ညို ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးသိန်းလှိုင် ၁၂/ဥကတ(နိုင်)၀၅၅၈၄၈တို့က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ဒေါ်မော်မော်
L.C.C.I Level 1,2,3 & Computerised Accounting
(14-12-2013)
09-73205079, 09-43031955



YANGON METAL INDUSTRY CO., LTD.

| | |
|---|---|
| 20 Ah (3700) ကျပ် | NS100( 80 Ah) (13500) ကျပ် |
| 35 Ah (7400) ကျပ် | 100 Ah (17200) ကျပ် |
| 45 Ah (8600) ကျပ် | N120PH(110Ah) (18400) ကျပ် |
| 60 Ah (11000) ကျပ် | 120 Ah (20800) ကျပ် |
| 70 Ah (12900) ကျပ် | 150 Ah (25700) ကျပ် |
| 75 Ah (13500) ကျပ် | 200 Ah (34300) ကျပ် |



GCE, IGCSE, Essential Guide Book
- GCE 'O' Level – Mathematics
- GCE 'O' Level – Physics (Second Edition)
- GCE 'O' Level – Chemistry
- Methods for Mathematics ('O' Level & IGCSE)
- GCE 'O' Level & IGCSE Physics
- GCE 'O' Level & IGCSE Chemistry
- 9th Basic Mathematics Essential Guide Book
- 10th Mathematics Essential Guide Book
- 10th Physics Essential Guide Book
- 10th Chemistry Essential Guide Book
- The Road to Mathematics (For 9th and 10th)



Htay Services Agency Co., Ltd


## ကန့်ကွက်နိုင်ပါသည်


LCCI
"Format for Study Guide"
U THAN AUNG Accountancy Training Centre


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၉၉၁၉ လက်ဝယ်ရှိသူ ဦးဘိုးတူး ၁/မညန(နိုင်)၁၂၁၇၇၇ က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ခရိုင်ရုံး(မိုးညှင်း)**

## ပျောက်ဆုံးကြောင်း

Nissan AD Van(BB/8029) TAXI-ငွေမင်ရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၅၀၃၅၅၅၂၊ ၀၉-၇၃၁၁၃၁၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ မြေကွက်အမှတ် ပစ B -၁၃၃၃၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ အရာခံဗိုလ်မြင့်ထွေး (ဘ) ဦးမြအောင် အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်သော ပါမစ်မြေ မြေကွက်အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်အေးမြင့်ဦး ၁၂/မဂဒ(နိုင်)၀၁၈၅၁၇ (ဘ) ဦးထွန်းရွှေက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ် အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

## လူရည်ချွန် (၁၉၆၄-၈၈) အဖွဲ့ တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

## ရောင်းမည်

သုံးလက်မ ကျောက်စိမ်း ဗုဒ္ဓဆင်းတုတော် လက်လီ/လက်ကားဝယ်ယူလှူဒါန်းပူဇော်နိုင်ပါသည်။ အမှတ်၂၀၉၊ ပ ထပ်(ယာ)၊ ၃၇ လမ်း (ထက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**ဖုန်း-၀၉-၂၅၀၁၄၉၀၉၃၊ ၈၆၁၅၅၉၂၊ ၃၃၃၅၂၅၁၈**

## ရောင်းမည်

ကျောက်စိမ်းလက်ကောက်ဖောက်ဆံ ဆံရေ ၃၄၀၀၀၊ ကီလို ၃၆၀၀၊ ကျောက်သားမြင့်သည်။ ကျပ်သိန်း ၁၈၀။

**ဖုန်း-၀၉-၃၃၃၅၂၅၁၈**

## အမည်မှန်

ဘူးသီးတောင်မြို့နေ ဦးဖြူစိန် ၁၁/ဘသတ(နိုင်)၀၁၁၂၉၀၈၏ သမီး မဖြူဖြူစံ ၁၁/ဘသတ(နိုင်)၀၁၈၇၅၈၏ အမည်မှန်မှာ မခင်ဖြူဇော် ဖြစ်ပါသည်။

**မခင်ဖြူဇော်**

## အမည်ပြောင်း

ဦးဇော်ဝင်း၏သမီး အထက-၃၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပဉ္စမတန်း(D)တွင် ပညာသင်ကြားနေသော မခိုင်ဆုမြတ်သော်အစား မခိုင်ဆုမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခိုင်ဆုမြတ်**

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013
NAY PYI TAW

〈၂၇〉ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 14, Saturday

# ဆီးဂိမ်း၏ ကနူးကယက်ချန်ပီယံ ပထမဆုကို မြန်မာလှေလှော်အားကစားသမားများ

# ရွှေ ၄ခု၊ ငွေ ၄ခု၊ ကြေး နှစ်ခုတို့ ဆွတ်ခူးနိုင်ပြီဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီးဂိမ်းပြိုင်ပွဲ ကနူးကယက် လှေလှော်ပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး ယနေ့တွင် မြန်မာအသင်းက နိုင်ငံအလိုက် ချန်ပီယံဆုကို ရွှေတံဆိပ်၄ခု၊ ငွေတံဆိပ်၄ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ ဆွတ်ခူးသွားနိုင်ပြီဖြစ်ကြောင်း လှေလှော်အသင်းနည်းပြချုပ် ကိုသူရဟန်က ပြောကြားသည်။

မြန်မာလှေလှော်အားကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့် ကနူးကယက်လှေလှော်အားကစားနည်းဖြင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွင်း နိုင်ငံအလိုက် ဆုရရှိမှုအများဆုံးဖြစ်ခဲ့ပြီး ယခုနှစ်ဆီးဂိမ်း၏ ကနူးကယက်ချန်ပီယံအဖြစ် ဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနူးကယက်လှေလှော်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် မီတာ ၂၀၀ ကယက်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ ကယက်အမျိုးသမီးနှစ်ယောက်လှော်ပြိုင်ပွဲ၊ ကယက်အမျိုးသမီးလေးယောက်လှော်ပြိုင်ပွဲ၊ ကနူးအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ ကနူးအမျိုးသားနှစ်ယောက်လှေလှော်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲများ ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးကယက်လေးယောက်လှော်ပြိုင်ပွဲတွင် ဖြူသီဦး၊ မျိုးသန္တာထွန်း၊ နော်အဲလလားရှီနှင့် အေးမိခိုင်တို့က မြန်မာအသင်းအတွက် ငါးဆုမြောက်ရွှေတံဆိပ်ကို ရယူပေးနိုင်ခဲ့ပြီး ကနူးနှစ်ယောက်လှော်အမျိုးသမီးပြိုင်ပွဲတွင် အေးမိခိုင်နှင့် နော်အဲလလားရှီတို့က ငွေတံဆိပ်ကိုလည်းကောင်း၊

**စာမျက်နှာ ၂ »**



# အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲ အင်ဒိုနီးရှားဗိုလ်စွဲ



ဓာတ်ပုံ-စိုးမြင့်

**နေပြည်တော် ဒီဇင်ဘာ ၁၃**



(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ စက်ဘီးစီးပြိုင်ပွဲများ၏ ဒုတိယမြောက်နေ့ပွဲစဉ်များအဖြစ် အမျိုးသမီး Cross Country Olympic (XCO) ပွဲစဉ်များနှင့် အမျိုးသား Cross Country Olympic (XCO) ပွဲစဉ်များကို ယနေ့ ယှဉ်ပြိုင်စီးနင်းကြရာ အမျိုးသမီး Cross Country Olympic (XCO) ပြိုင်ပွဲများ၌ အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်ရရှိခဲ့ပြီး အမျိုးသားပွဲစဉ်များကိုလည်း ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ အမျိုးသမီးအသင်းများယှဉ်ပြိုင်ရာ၌ အင်ဒိုနီးရှားအသင်းက ရွှေဆုရရှိခဲ့ပြီး ထိုင်းနိုင်ငံကငွေနှင့် ဗီယက်နမ်နိုင်ငံက ကြေးတံဆိပ်တို့ အသီးသီး ဆွတ်ခူးရရှိသွားခဲ့သည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ရက် နံနက် ၈နာရီတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာစက်ဘီးအားကစားသမားများမှာမူ ရွှေဆုနှင့် အလှမ်းဝေးနိုင်ကြောင်း စက်ဘီးဝါသနာရှင်များက ခန့်မှန်းကြသည်။ **ခင်ရတနာ**

# မြန်မာကရာတေးဒို ပထမဆုံး ရွှေတံဆိပ်ဆွတ်ခူး



မြန်မာအမျိုးသမီးကရာတေးဒိုအဖွဲ့ အသင်းလိုက်ခတပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး အောင်ပွဲခံနေစဉ်။ ဓာတ်ပုံ-ကျော်သူဝင်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီးဂိမ်းကရာတေးဒိုပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ စတင်ကျင်းပရာ မြန်မာအမျိုးသမီးကရာတေးဒိုအဖွဲ့က အသင်းလိုက်ခတပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ကရာတေးဒိုအားကစားဖြင့် ပထမဆုံးရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးကရာတေးဒိုအဖွဲ့သည် သုံးယောက်တွဲအသင်းလိုက် ခတပြိုင်ပွဲတွင် ဗီယက်နမ်နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်က ဒုတိယငွေတံဆိပ်ရပြီး အင်ဒိုနီးရှားနှင့် မလေးရှားက ပူးတွဲကြေးတံဆိပ်ဆုဆွတ်ခူးသွားခဲ့သည်။

အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသားကရာတေးဒိုအဖွဲ့က ခတပြိုင်ပွဲတွင် မလေးရှားနှင့်အကြိတ်အနယ်ကစားခဲ့ပြီး ငွေတံဆိပ်ဖြင့်ကျေနပ်ခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် မလေးရှားက ရွှေတံဆိပ်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်က ပူးတွဲကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

အစောပိုင်း တစ်ဦးချင်းခတပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မင်းဟိန်းခန့်က ငွေတံဆိပ်ရသည်။ ယင်းပြိုင်ပွဲတွင် မလေးရှားမှ Lim Chee Wei က ရွှေတံဆိပ်၊ အင်ဒိုနီးရှားမှ Faizan Tainuddinm က လာအိုမှ Amkha နှင့်အတူ ပူးတွဲကြေးတံဆိပ်ရခဲ့သည်။ အမျိုးသမီးတစ်ဦးချင်းခတပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ချင်းတိုင်းရင်းသူ ရင်ဝါသောင်လူအဲက ကြေးတံဆိပ်ရသည်။ ဗီယက်နမ်မှ Hoang Ngan က ရွှေတံဆိပ်ရသည်။

ကရာတေးဒိုအားကစားနည်းတွင် ခတအပြနှင့် ကုမိတဲ့အတိုက်ဟူ၍ရှိရာ ခတပြိုင်ပွဲများသည် အပြစွမ်းရည်ပြိုင်ခြင်းဖြစ်သည်။ အမှတ်ပေးစနစ်မှ ဒိုင်လူကြီးငါးဦးက အလံအပြာနှင့်အနီကိုင်ထားသည်။ ယှဉ်ပြိုင်ရာ အားကစားသမားနှစ်ဖက်တွင်လည်း ခါးပတ်အနီနှင့်အပြာဟူ၍ ခွဲခြားထားသည်။ ကရာတေးကစားသမားများ၏ Speed နှင့် Power ကိုကြည့်ပြီး အမှတ်ပေးသည်။ ဒိုင်ငါးဦးရှိသည့်အနက် မိမိကြိုက်နှစ်သက်ရာကို အနီဖြစ်စေ၊ အပြာဖြစ်စေ အလံမြှောက်၍ အနိုင်ပေးသည်။ အလံအရေအတွက်အများဆုံးက အနိုင်ဖြစ်သည်။ ဥပမာအားဖြင့် အပြာများလျှင် အပြာကနိုင်သည်။ အနီများလျှင် အနီကနိုင်သည်။

**သတင်း-မြင့်မောင်စိုး**



မြန်မာအမျိုးသမီးကရာတေးဒိုပြိုင်ပွဲတွင် အနိုင်ရ၍ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျခဲ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

# မြန်မာဘော်လီဘောအသင်း ပွဲဦးထွက်နှစ်ပွဲစလုံးအနိုင်ရ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဘော်လီဘောပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက်က နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပရာ ပတ်လည်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအတွင်း မြန်မာဘော်လီဘောအသင်းများက ဦးဆောင်ယှဉ်ပြိုင်လျက်ရှိနေကြောင်း သိရသည်။

“ဒီနေ့ပွဲစဉ် သုံးပွဲပြိုင်ပါတယ်။ အမျိုးသားပွဲစဉ်နှစ်ခုနဲ့ အမျိုးသမီးပွဲစဉ်တစ်ခုမှာ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာနဲ့ မလေးရှားအသင်းပြိုင်တဲ့အခါ မြန်မာက ၃-၀ နဲ့ အနိုင်ရရှိခဲ့သလို အမျိုးသားအသင်းယှဉ်ပြိုင်ပွဲမှာလည်း မြန်မာက ကမ္ဘောဒီးယားအသင်းကို ၃-၀နဲ့ အနိုင်ရထားပါတယ်။ အမျိုးသားအသင်း ထိုင်းနဲ့ မလေးရှားယှဉ်ပြိုင်ရာမှာတော့ ထိုင်းအသင်းက မလေးရှားအသင်းကို ၃-၀နဲ့ အနိုင်ရရှိထားပါတယ်”ဟု မြန်မာဘော်လီဘောအသင်းအုပ်ချုပ်သူ မသန္တာမောင်က ပြောကြားသည်။

မြန်မာဘော်လီဘောအသင်းအနေနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ရာတွင် ပွဲပြတ်အနိုင်ရရှိခဲ့သော်လည်း လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရန်အတွက် အစွမ်းကုန်ပြင်ဆင်ကာ ဆက်လက်လေ့ကျင့်လျက်ရှိသည်။

မြန်မာအသင်းမှ ထိုင်းနိုင်ငံသားနည်းပြ မစ္စတာ ဆန်တမ်ဟာဘွန်က “ကျွန်တော့်ရဲ့အသင်းသားတွေအတွက် အလွန်အားရပါတယ်။ ပွဲဦးထွက် ရလဒ်ကောင်းမွန်လို့ အားတက်ပြီး နောက်ပွဲတွေမှာလည်း အဆင်ပြေမှာပါ။ ဒီပုံစံအတိုင်းဆိုရင် ဗိုလ်လုပွဲကို တက်ရောက်နိုင်တယ်” ဟု ပြောကြားသည်။

ဘော်လီဘောအားကစားပြိုင်ပွဲများအား ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ဇေယျာသီရိအားကစားကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံပတ်လည်အားကစားနည်းဖြစ်ခြင်းကြောင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဘော်လီဘော၌ လက်ရှိ အာရှချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာနိုင်ငံမှ အားကစားသမားများ အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သွန်းဝသန်**



## SEA Games မာတိကာ




ကြက်တောင်အားကစား၌ အင်ဒိုနီးရှားနှင့်ထိုင်းအသင်း အများဆုံးဗိုလ်လုပွဲတက်ရောက် စာ-၂

ပြိုင်ပွဲဝင်ရွက်လှေများ ငွေဆောင်ကလပ်တွင် စစ်ဆေးမှုခံယူ စာ-၃

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအပေါ် သူတို့၏ရင်တွင်းစကားများ စာ-၃